# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၅၈)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# COVID –19 ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID –19 ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ COVID–19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)နှင့် Economic Recovery Plan ရေးဆွဲသူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် ဇွန် ၁၆

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ COVID–19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)နှင့် Economic Recovery Plan ရေးဆွဲသူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့တွင် စီးပွားရေးနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ စီးပွားရေးဆိုသည်မှာ ကိုဗစ်နှင့် ဆက်နွယ်သည့် စီးပွားရေးကိစ္စများ ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❄

**ကျန်းမာရေးထိခိုက်ပါက စီးပွားရေးထိခိုက်မှု ရှိမည်ဖြစ်ပြီး စီးပွားရေး ထိခိုက်ပါက ကျန်းမာရေးအတွက် ထောက်ပံ့ပေးရန် အစီအစဉ်များ ခက်ခဲသွားနိုင်၊ ပြည်သူတစ်ယောက်ချင်း၏ အင်အားကို စုစည်းပြီး ညီညီညွတ်ညွတ်ဆောင်ရွက်ရန် အရေးကြီး**

**နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သုခဝတီအိမ်ရာတွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား မဲနိူက်နေရာချထားပေးသည့် အခမ်းအနားကျင်းပ**

စာ » ၉


C B BANK
Best SME Bank in Myanmar
ASIAN BANKING & FINANCE (ABF) 2019

COVID-19 ကြောင့်ထိခိုက်သွားသော SME လုပ်ငန်းများ
အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ဖို့ CB Bank ၏
SME JICA TSL Emergency Loan ကိုလျှောက်ထားလိုက်ပါ။
Contact Center: (95-1) 371150, 2317906, 2317907, 2317770

မြန်မာ့အလင်း

# ကပ်ရောဂါနှင့် ပညာရေးစနစ်

နိုင်ငံတော်၏အနာဂတ်သည် မျိုးဆက်သစ်များအပေါ်မူတည်သည်ဟု ဆိုလျှင် မျိုးဆက်သစ်များ၏ အနာဂတ်သည် ပညာရေးစနစ်ပေါ်မှာ လုံးလုံးလျားလျားတည်နေသည်ဟု ဆိုရပါမည်။

ယခု၊ ကိုဗစ်-၁၉ ရောဂါက ကမ္ဘာနှင့် အဝန်း ပြန့်ပွားကူးစက်လာသည့်အားလျော်စွာ ကမ္ဘာအနှံ့ရှိ ကျောင်းများ အားလုံးလိုလို ပိတ်ထားခဲ့ကြရသည်။ ပညာရေး၏ အရေးပါမှုကို နိုင်ငံတိုင်း သိနားလည်ကြသော်လည်း ကျောင်းသားလူငယ်တို့၏ ကျန်းမာရေး နှင့် ပတ်သက်ဆက်စပ်လာသည့်အခါ လောလောဆယ် ထိခိုက်အန္တရာယ်ပိုများနိုင်သည့် ဘေးကို မြော်မြင်ကြရလေသည်။

သို့သော်လည်း အထက်တွင်ဆိုသကဲ့သို့ မျိုးဆက်သစ်များ၏ အနာဂတ်၊ နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ပညာရေးကို ကြာရှည်စွာ လျစ်လျူရှုရန် မဖြစ်နိုင်။ ရင်ဆိုင်နေရသည့် အကျပ်အတည်းများကြားကပင် လုပ်သာကိုင်သာရှိမည့် ပညာသင်ကြားရေး နည်းလမ်းစုံကို စူးစမ်းရှာဖွေနေကြရမည်သာ ဖြစ်ပေသည်။

ကျောင်းများ မြန်မာနိုင်ငံအတွင်း၌ ပိတ်ထားရသည်ဆိုသော်လည်း ကုသိုလ်ကံဟု ဆိုရမည်ထင်၏။ ကိုဗစ်ကပ်ရောဂါဝင်၍ ကျောင်းများ ပိတ်ရသည့်အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ပုံမှန်ကျောင်းပိတ်ရက်ရှည်ကာလတွင်းဖြစ်နေသည်။ ထို့ကြောင့် ကျောင်းများပိတ်ထားရခြင်းမှာ ကျောင်းသားတို့အတွက် သိသာလွန်ကျူးသော ထိခိုက်မှု၊ နစ်နာမှု ယခုချိန်ထိ မဖြစ်သေးဟု ဆိုရပါမည်။ သို့သော်လည်း ရေရှည်တွင် ကျောင်းများ ယခုကဲ့သို့ ဆက်ပိတ်ထားရမည်ဆိုပါမူ ကျောင်းသားတို့အတွက်၊ နိုင်ငံ၏ ပညာရေးစနစ်အတွက်၊ တစ်နည်းဆိုသော် နိုင်ငံ၏ အနာဂတ်အတွက် ထိခိုက်မှုဖြစ်လာမည့် အကျိုးဆက်များ ဖြစ်လာနိုင်ချေပြီ။

တစ်ဖန် ပြင်ဆင်မှု စနစ်တကျ မဖြစ်ခင်၊ သို့မဟုတ် ကပ်ရောဂါ၏ အန္တရာယ်ကို အကာအကွယ်ကောင်းကောင်းမရသေးခင် စွန့်စားသင့်သည်လား ဟူသည်ကလည်း ဆင်ခြင်တွေးဆစရာ ဖြစ်ချေ၏။

ကျန်းမာရေးနယ်ပယ်က ပညာရှင်တို့က မည်သည့်အနေအထားသို့ ရောက်သည်အထိ ကျောင်းများပိတ်ထားသင့်သည်ဆိုသော အချင့်အချိန်နှင့်၊ ပညာရေးဆိုင်ရာတာဝန်ရှိသူတို့က ကျောင်းများကို မည်သည့်အချိန်တွင် ဖွင့်သင့်ပြီဟူသည့် အတွက်အဆတို့ကို ယှဉ်တွဲစဉ်းစားဆင်ခြင်ရမည် ဖြစ်ပေသည်။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်နေသည့်အတွက် ဤအကျပ်အတည်းမှာ နိုင်ငံတကာတွင်လည်း ပြဿနာကြီးတစ်ရပ်အဖြစ် ရှိနေပါသည်။ တိုးတက်ဖွံ့ဖြိုးသည့် နိုင်ငံကြီးများကြားတွင်ပင်၊ မတူသော အယူအဆနှင့် ဖြေရှင်းပုံတို့ ရှိနေသည်။ ယနေ့ကပ်ရောဂါနှင့် ယှဉ်နေသည့် ကျောင်းများဖွင့်လှစ်ရေးဆိုင်ရာ နိုင်ငံတကာ အတွေ့အကြုံများက မြန်မာနိုင်ငံအတွက် ရေရာသေချာသည့် နမူနာကောင်းများမဖြစ်သေး။ အာရှနိုင်ငံအချို့တွင် စတင်ဆောင်ရွက်နေပြီး အောင်မြင်သည်တို့ကို နည်းနာယူလေ့လာရန်လည်းရှိမည်ဟု မြင်ပါသည်။

ကျောင်းများမဖွင့်ဘဲ လေလှိုင်းပေါ်က သင်ကြားရေးစနစ်၊ အွန်လိုင်းပေါ်က ပညာရေးမျိုးကိုလည်း ကြံဆနေကြသည်များရှိ၏။ သို့သော်လည်း ခေတ်မီတိုးတက်နေသည့် နိုင်ငံများကြားတွင်ပင် လိုင်းပေါ်က ပညာရေးကို မတူညီသည့် အယူအဆများဖြင့် အငြင်းအခုံများ ရှိနေဆဲဖြစ်၏။

မြန်မာနိုင်ငံအနေဖြင့် လိုင်းပေါ်ကပညာရေးဟူသည် ရုပ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းစရာ လိုအပ်ချက်များကပင်လျှင် အဟန့်အတား အခက်အခဲများအဖြစ် ရှိနေသေးသည်။

ထို့ပြင် ပညာသင်ကြားရေးဟူသည် စာသင်ရုံ၊ သင်ခန်းစာများကို လေ့လာမှတ်သား ရုံမျှမကပါ။ ကျောင်းသားများသည် လူမှုဆက်ဆံရေး အမူအကျင့်များ၊ လူမှုကျင့်ဝတ်ဆိုင်ရာ လေ့လာစရာများကိုပါ သင်ယူနေခြင်းဖြစ်ပါသည်။

အကျပ်အတည်းများ၊ စိန်ခေါ်မှုများကြားက လက်တွေ့ကျသော ပညာရေးသင်ကြားရေးစနစ်ကို ဦးတည်ကာ အဖြေရှာကြခြင်း၊ နည်းလမ်းရှာကြခြင်းသည်ပင် အနာဂတ်ကို ထုဆစ်ပုံဖော်ခြင်းဖြစ်သည်ဟု မြင်ပါသည်။

လက်ငင်းအခြေအနေတွင် နိုင်ငံတကာ၌ ခေါင်းဆောင်တို့ ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကို မည်သို့ဟန့်တားကင်းပအောင် လုပ်မည်ဟူသည့် ပြဿနာနှင့်အတူ အပြင်းအထန် အဖြေရှာနေရသည့် ကိစ္စမှာ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဖြစ်ပါသည်။ သည်အရေးသည် ကမ္ဘာ့နိုင်ငံအားလုံး ရင်လေးနေရ ခေါင်းခဲနေရသည့် အရေးဖြစ်ပါသည်။ ကျောင်းများပိတ်ထားသည့်အတွက် ကျောင်းမတက်ရသည့် ကျောင်းသားစုစုပေါင်းမှာ ဘီလီယံနှင့်ချီကာ ရှိနေသည်။ ထိုကလေးများအားလုံးသည် ပညာသင်ကြားခွင့်သာ ဆုံးရှုံးနေသည်မဟုတ်ဘဲ အနာဂတ်ဘဝများပါ ဆုံးရှုံးရမည်ကဲ့သို့ ဖြစ်နေခြင်းပါ။ ကျောင်းများပြန်လည်ဖွင့်လှစ်သည်ဆိုသော်မှ စာသင်ခန်းများဆီသို့ ပြန်လာမည့် ကျောင်းသားမည်မျှလျော့နည်း သွားမည်ဆိုသည်မှာ စိတ်ပူပန်စရာ ဖြစ်နေပါသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တိကျခိုင်မာသည့် မူဝါဒများကို ချမှတ်ခြင်းဖြင့်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာများကို ပိုမိုဖြန့်ဝေခြင်းဖြင့်လည်းကောင်း၊ ကျောင်းနှင့် ဝန်းကျင်တို့အတွက် စနစ်ကျသော အကာအကွယ်များ ကြိုတင်ပြင်ဆင်မှုများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ အားလုံးအတွက် လုံခြုံစိတ်ချရသော အာဝါသများကို ဖန်တီးပေးခြင်းတို့ဖြင့်လည်းကောင်း အစရှိသည့် ကျောင်းမဖွင့်သေးမီ အကြိုစီမံပြင်ဆင်မှုများသည် မြန်မာနိုင်ငံ၏ ပညာသင်ကြား စနစ်သစ်တစ်ခုဆီသို့ ဦးတည်နေလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။ ။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံ အပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်

Bank Name - Myanmar Economic Bank(H.O),Forex Operation
Account No. - CF 004880(MMK)
- EDN 600010(US$)
Swift Code - MYEBMMMY
Account Name - National Level Central Committee for Prevention Containment and Treatment of Covid 19
Bank Address - Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်

Bank Name - KBZ Bank Ltd.
Account No. - 034 103 034 0232 8301 (MMK)
- 034 109 034 0232 8301 (US$)
Swift Code - KBZBMMMY
Account Name - Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus)
Bank Address - No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
Branch Address - No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရောဝတီဘဏ်

Account No. - 000 110 501 002 5635 (MMK)
- 000 110 503 000 0425 (US$)
Swift Code - AYABMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
Bank Address - No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
Branch Address - No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်

Account No. - 0093 1005 0000 1333 (MMK)
- 0093 1012 0000 2957 (US$)
Swift Code - CPOBMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊
ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

# ပဲခူးမြို့နယ်အတွင်းရှိ ဂရန်အင်းများအား ဒုတိယအကြိမ် လေလံတင်ရောင်းချခြင်းနှင့် ပထမအကြိမ် တင်ဒါချက်များ အိတ်ဖွင့်တင်ဒါရောင်းချခြင်း အခမ်းအနားကျင်းပ

ပဲခူး ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ ဂရန်အင်းများအား ၂၀၂၀-၂၀၂၁ ခု လုပ်ငန်း ရာသီနှစ်အတွက် ဒုတိယအကြိမ် ဂရန်အင်းများ လေလံတင်ရောင်းချခြင်းနှင့် ပထမအကြိမ် တင်ဒါချက်များ အိတ်ဖွင့်တင်ဒါရောင်းချခြင်း အခမ်းအနားကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးဇော်မြင့်နိုင် ဦးဆောင်သော လေလံတင်ရောင်းချရေး အဖွဲ့များမှ ဂရန်အင်း/တင်ဒါချက် များအား ရောင်းချခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဂရန်အင်း/တင်ဒါချက်များ လေလံတင်ရောင်းချခြင်း ကြီးကြပ်ရေးအဖွဲ့ဝင်များက တက်ရောက်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ဘဏ်တိုးနှုန်းကို အဆင့်ဆင့် လျှော့ချပေးခဲ့၊ ပုဂ္ဂလိကဘဏ်များက မြန်မာကျပ်ငွေဖြင့် ထားရှိရသည့် အနည်းဆုံး သီးသန့်ငွေ လိုအပ်ချက်ကို ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးခဲ့၊ ဆေးပစ္စည်းကိရိယာများကိုလည်း ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထား၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများအပေါ် ကောက်ခံသည့် လုပ်ငန်းလိုင်စင်ကြေးများကို ယခုနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးထားပြီးဖြစ်**

*❊ ရှေ့ဖုံးမှ*

ပထမဆုံးအနေဖြင့် ကိုဗစ်နှင့် ပတ်သက်၍ ကာကွယ်ရန် အစီအစဉ်များ လုပ်ဆောင်ရမည့်အချိန်တွင် ကျန်းမာရေးနှင့် စတင်ပါကြောင်း၊ သို့သော် ကျန်းမာရေးနှင့်စတင်ပြီး မကြာမီတွင် စီးပွားရေးကိုလည်း ကြည့်ရမည်ကို သဘောပေါက်ပါကြောင်း၊ ဖေဖော်ဝါရီလမှစတင်၍ စီးပွားရေးကိစ္စများကို ကိုင်တွယ် ပါကြောင်း၊ ကိုဗစ်၏ ဖြစ်နိုင်သည့် အကျိုးဆက် အလုပ်ရုံ၊ စက်ရုံများ ပိတ်သိမ်းရပြီး စီးပွားရေးလုပ်ငန်းများ ကျဆင်းပါက မည်သို့ရင်ဆိုင်ကျော်လွှား ကိုင်တွယ်မည်ကို စဉ်းစားရပါကြောင်း၊ မိမိတို့နှင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှာ စီးပွားရေးအရ ဆက်နွှယ်မှုများရှိသည့်အပြင် နယ်နိမိတ်များလည်း ထိစပ်လျက်ရှိပါကြောင်း၊ နယ်စပ်အဝင်၊ အထွက် ကိစ္စရပ်သည် ကိုဗစ်ကြောင့် အကျိုးသက်ရောက်မှုရှိမည်ကို မိမိတို့တွက်ထားပြီး ရေတို၊ ရေရှည် နှစ်ခုစလုံး ကြည့်ရပါကြောင်း။

### ဖွံ့ဖြိုးတိုးတက်မှ ပိုမိုစောင့်ရှောက်နိုင်မည်

ကျန်းမာရေးနှင့် ပတ်သက်ပြီး မိမိတို့ ပြည်သူများကို စောင့်ရှောက်နိုင်ရန်မှာ ဖွံ့ဖြိုးတိုးတက်မှ ပိုမိုစောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးမတိုးတက်ပါက ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးအပြင် အခြားကိစ္စရပ်များကိုလည်း လုံလောက်စွာ စောင့်ရှောက်ပေးနိုင်မည် မဟုတ်ပါကြောင်း။

ထို့ကြောင့် စီးပွားရေးကို သတိထားပါကြောင်း၊ စီးပွားရေးနှင့် ဆက်နွှယ်နေသည်မှာ အလုပ်အကိုင်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်ရှိခြင်းဆိုသည်မှာ ဝင်ငွေတစ်ခုတည်းအတွက်မဟုတ်ဘဲ မိမိ၏ ဂုဏ်သိက္ခာအတွက်လည်း ပါဝင်ပါကြောင်း၊ အလုပ်အကိုင်မရှိပါက စိတ်ဓာတ်ကျပြီး တစ်ခါတစ်ရံ ကယောင်ချောက်ချား ဖြစ်တတ်ပါကြောင်း၊ ထို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ မထိခိုက်စေရန် ဂရုစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက COVID-19 ရောဂါဂယက်ကြောင့် ကမ္ဘာ့စီးပွားရေး တုံ့ဆိုင်းနှေးကွေးသွားပြီး နိုင်ငံအများစုသည် စီးပွားရေးအကျပ်အတည်း ကြုံတွေ့နေရပါကြောင်း၊ ယင်းဂယက်သည် မြန်မာနိုင်ငံကိုလည်း အထိုက်အလျောက် ရိုက်ခတ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ဘက်စုံကာကွယ်နိုင်ရန်အတွက် အရေးပေါ်စီမံချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း။

### စနစ်တကျ စိစစ်ထုတ်ချေးလျက်ရှိ

ကပ်ရောဂါကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားမှု အခြေအနေနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက မတ် ၁၃ ရက်တွင် Covid-19 ကြောင့် စီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် စီးပွားရေးထိခိုက်မှု အများဆုံး ခံနေရသည့် လုပ်ငန်း(၃)ခုဖြစ်သော အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ကူညီပံ့ပိုးပေးရန် ရန်ပုံငွေကျပ်ဘီလီယံ ၁၀၀ ကို ထူထောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသားပိုင် လုပ်ငန်းများကို သက်သာသော အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် သက်တမ်းကာလအလွန်ကစပြီး ထုတ်ချေးခဲ့ရာ ယနေ့အထိ လုပ်ငန်းပေါင်း သုံးထောင်ကျော်ကို ချေးငွေပမာဏ ငွေကျပ် ၈၆ ဘီလီယံကျော် ထုတ်ချေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ချေးငွေစိစစ်ရာတွင် ဝန်ကြီးဌာနများက ကိုယ်စားလှယ်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့မှ ကိုယ်စားလှယ်များပါဝင်ပြီး စနစ်တကျ စိစစ်ထုတ်ချေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် Covid-19 ကြောင့် ဖြစ်ပွားသည့် စီးပွားရေး အကျပ်အတည်းများမှ အမြန်ဆုံးရုန်းထွက်နိုင်ရေးအတွက် ကာလတို စီမံချက်ဖြစ်သည့် "Covid-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်"(CERP)ကို ရေးဆွဲပြီး ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်း (CERP)တွင် အဓိက စီးပွားရေး ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန်နှင့် မြန်မာ့စီးပွားရေး ကျဆင်းမှုကို ပြန်လည်ဦးမော့လာစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ထည့်သွင်းရေးဆွဲထားသည့်အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)နှင့်လည်း ကိုက်ညီမှုရှိစေရန် ချိတ်ဆက်ရေးဆွဲထားပါကြောင်း၊ ဝန်ကြီးဌာနများကလည်း ၎င်းတို့ဝန်ကြီးဌာနများနှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် ဖြေလျှော့မှုများကို ပေးနေပါကြောင်း။

### ယခုနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးထားပြီးဖြစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ဘဏ်တိုးနှုန်းကို အဆင့်ဆင့် လျှော့ချပေးခဲ့ပါကြောင်း၊ ပုဂ္ဂလိက ဘဏ်များက မြန်မာကျပ်ငွေဖြင့် ထားရှိရသည့် အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်ကို ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးခဲ့ပါကြောင်း၊ ဆေးပစ္စည်းကိရိယာများကိုလည်း ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများအပေါ် ကောက်ခံသည့် လုပ်ငန်းလိုင်စင်ကြေးများကို ယခုနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ချေးငွေရရှိမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ - IMF မှ အမေရိကန်ဒေါ်လာ သန်း ၇၀၀၊ ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၂၇၀၊ ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၂၅၀၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၃၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံ ရရှိထားပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး ဦးမော့လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား ပိုမိုဝင်ရောက်လာစေရန် အရေးကြီးပါကြောင်း။

### သတ်မှတ်သည့်ကာလအတွင်း ပြည့်မီနိုင်မည်ဟု ယုံကြည်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်လုံးအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၅ ဘီလီယံ ခွင့်ပြုခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မေလအထိ (၈)လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၉ ဘီလီယံ ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ COVID-19 ကာလအလွန်တွင် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ် စီးဝင်လာမည်ဟု မျှော်လင့်ရပါကြောင်း၊ ယခုနှစ်တွင် လျာထားချက်ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကို သတ်မှတ်သည့် ကာလအတွင်း ပြည့်မီနိုင်မည်ဟု ယုံကြည်ပါကြောင်း။

အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်ရန် ရင်းနှီးမြှုပ်နှံမှုများကို စိစစ်ခွင့်ပြုပေးခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် မေလအထိ စုစုပေါင်း အလုပ်အကိုင် အခွင့်အလမ်း ၁၆၈၀၀၀ ကျော် ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

COVID-19 အလွန်ကာလ စီးပွားရေး အခွင့်အလမ်းများအနေဖြင့် မြန်မာနိုင်ငံသည် စားနပ်ရိက္ခာဖူလုံသည့်နိုင်ငံဖြစ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အခြေအနေရှိပါကြောင်း၊ ယခုကဲ့သို့ ကပ်ရောဂါကြုံတွေ့နေရချိန်တွင် နိုင်ငံ့ရိက္ခာဖူလုံရေးအပြင် ပို့ကုန်အဖြစ် တင်ပို့နိုင်မည့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သဖြင့် COVID အလွန် ကာလတွင် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အခွင့်အလမ်းလည်း များစွာရှိနေပါကြောင်း၊ COVID ကာလတွင် ရောဂါကာကွယ်ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံအသီးသီးတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသော်လည်း မြန်မာနိုင်ငံအနေဖြင့် "ပြည်သူသာလျှင် အဓိက" ဆိုသည့် ပြည်သူလူထုအခြေပြုသည့်စနစ်ကို ကျင့်သုံးဖော်ဆောင်လျက်ရှိပါကြောင်း၊ အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေသည့်အတွက် မြန်မာနိုင်ငံအခြေအနေသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကောင်းမွန်သည်ဟု ပြောနိုင်ပါကြောင်း ဆွေးနွေးတင်ပြသည်။

### အသေးစိတ်လုပ်ငန်းစီမံချက်များ ချမှတ်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဆက်အောင်က COVID - 19 ဒဏ်ကို တစ်ကမ္ဘာလုံးတွင် ခံစားနေရသည့်အခါ နိုင်ငံတိုင်း ကျန်းမာရေးနှင့် စီးပွားရေးတွင် ထိခိုက်မှုများ ခံစားရပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးကဏ္ဍ၌ ယခုလတ်တလောတွင် ဆိုးဆိုးရွားရွား ထိခိုက်မှုမခံစားရသေးသော်လည်း စီးပွားရေးလုပ်ငန်းအများစု ပိတ်ထားရသည့်အတွက် စီးပွားရေးနှင့် ပတ်သက်၍ ထိခိုက်မှု အထိုက်အလျောက် ရှိလာပါကြောင်း၊ တတိယ လေးလပတ်နှင့် စတုတ္ထလေးလပတ်တွင် ထိခိုက်မှု ပိုမိုခံစားလာရနိုင်သည့်အတွက် ယင်းထိခိုက်မှုများ သက်သာနိုင်စေရန် စတင်၍ စီမံချက်များရေးဆွဲခဲ့ခြင်း ဖြစ်ပါကြောင်း၊ စီမံချက်များရေးဆွဲသည့် အဓိကရည်ရွယ်ချက်အနေဖြင့် သက်ဆိုင်ရာဌာနများမှ လက်လှမ်းမီသည့် လုပ်ငန်းစဉ်များကို သီးခြားအစီအစဉ်များဖြင့် ဆောင်ရွက်မည့်အစား ထိရောက်သည့် မူဝါဒ လမ်းညွှန်ချက်များနှင့် လုပ်ငန်းစီမံချက် အတိအကျ အသေးစိတ်လုပ်ငန်းစီမံချက်များ ချမှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဌာနများ ပေါင်းစပ်၍ စီးပွားရေး ထိခိုက်မှု သက်သာရေး ဦးတည်ချက်တစ်ခုတည်းကို ဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်သည့် အကောင်အထည်ဖော်မှုကို ဖြစ်ပေါ်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)ကို အမြန်ဆုံးရေးဆွဲခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်း CERP တွင် ပါဝင်သည်မှာ အဓိကကာလတို လုပ်ငန်းစီမံချက်များဖြစ်ပါကြောင်း၊ ကာလတိုစီမံချက်များသည် အသေးစိတ်စီမံချက်များဖြစ်၍ ကျယ်ပြန့်သည့် စီမံချက်များဖြစ်ပါက အကောင်အထည် ချက်ချင်းဖော်၍ မရပါကြောင်း၊ ကျယ်ပြန့်သည့် စီမံချက်များကို အကောင်အထည်ဖော်မည်ဆိုပါက အသေးစိတ်ဖြစ်စေရန် စီမံချက်အခွဲများကို ပြန်လည် ရေးဆွဲရပါကြောင်း၊ ယင်းစီမံချက် အခွဲများကို အသေးစိတ်ရေးဆွဲပြီးမှသာ အကောင်အထည်ဖော်၍ရပါကြောင်း၊ အသေးစိတ် လုပ်ငန်းစဉ်တစ်ခုချင်းစီကို တာဝန်ခံဝန်ကြီးဌာနများ ဖော်ထုတ်ထားပါကြောင်း၊ ထို့ပြင် စောင့်ကြည့်စစ်ဆေးမှုအခန်းတွင်လည်း လုပ်ငန်းစဉ်တစ်ခုချင်းစီကို တာဝန်ခံလုပ်ရမည့် တာဝန်ခံ ဝန်ကြီးဌာနနှင့်အတူ မည်သည့်အချိန်တွင် မည်မျှအနည်းဆုံးဆောင်ရွက်ပြီး ဖြစ်ရမည်၊ မည်မျှ အကောင်အထည်ဖော်ပြီး ဖြစ်ရမည်ဆိုသည့် အချိန်ဇယားကိုလည်း တင်ပြထားခြင်း ဖြစ်ပါကြောင်း။

### တိုက်ရိုက်အကျိုးရှိစေရန် ဦးတည်

ထို့ပြင် ယင်းလုပ်ငန်းစီမံချက်များအနေဖြင့် ကျယ်ပြန့်သည့် မေခရိုစီးပွားရေးကဏ္ဍ တစ်ခုတည်းကို ဦးတည်ခြင်းမဟုတ်ဘဲ အဓိက ပိုမိုအသေးစိတ်ကျသည့် ပုဂ္ဂလိကလုပ်ငန်းများကိုလည်း ဦးတည်ပါကြောင်း၊ အသေးစိတ်ကျသည့် အိမ်ထောင်စုများ၊ အလုပ်သမား လူတန်းစားများ၊ တောင်သူလယ်သမားများ စသည့်အသေးစိတ်ကျသည့် အုပ်စုများကိုလည်း တိုက်ရိုက်အကျိုးရှိစေရန် ဦးတည်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် ညွှန်းကိန်းတစ်ခုဖြစ်သော GDP တိုးတက်စေရန် GDP ၏ အဓိကအစိတ်အပိုင်းများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု၊ အိမ်ထောင်စုများ၏စားသုံးမှု၊ နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များ တိုးမြှင့်ခြင်းဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ GDP ၏ အစိတ်အပိုင်းများ အားကောင်းစေရန် အဓိကစီမံချက်များစွာ ပါရှိပါကြောင်း၊ ယင်းထက် ပိုမိုအရေးကြီးသည်မှာ ဘဏ္ဍာရေးနှင့်ဆိုင်သည့် လှုံ့ဆော်မှုများ၊ ငွေကြေးမူဝါဒဆိုင်ရာ လှုံ့ဆော်မှုများနှင့်ပတ်သက်သည့် စီမံချက်များကိုလည်း အသေးစိတ် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ လုပ်ငန်းစီမံချက်များသည် ဘတ်ဂျက်သုံးစွဲရမည့် စီမံကိန်းများဖြစ်သည်မှာ မှန်ပါကြောင်း၊ သို့သော် ဘတ်ဂျက်ကို ကြုံသလိုသုံးမည့်အစား ရရှိလာသည့် ဘတ်ဂျက်ငွေကြေးကို ထိရောက်စွာ လုပ်ငန်းစီမံချက်ချမှတ်၍ သုံးစွဲမည်ဆိုပါက ထိရောက်သည့် အကောင်အထည်ဖော်မှု ဖြစ်လာမည် ဖြစ်သည့်အတွက် စီမံကိန်းများကို ရေးဆွဲရခြင်း ဖြစ်ပါကြောင်း။

### စီမံကိန်းများကို ရေးဆွဲထားခြင်းဖြစ်

ယင်းလုပ်ငန်းစီမံချက်များ ရေးဆွဲသည့်အချိန်သည် အနည်းငယ်စော၍ လုပ်ငန်းစဉ် တစ်ခုချင်းစီကို မည်မျှသုံးစွဲနိုင်မည်ကို မခန့်မှန်းနိုင်သေးပါကြောင်း၊ သို့သော် ရသည့်ငွေကြေးပမာဏအပေါ်တွင် တစ်ဆင့်ပြီးတစ်ဆင့် သုံးစွဲနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်များကို ရေးဆွဲထားပါကြောင်း၊ ဥပမာအနေဖြင့် အိမ်ထောင်စုများ ငွေကြေးထောက်ပံ့ခြင်း၊ အငယ်စား၊ အသေးစား၊ အလတ်စား လုပ်ငန်းများကို သက်သာသည့် ချေးငွေပေးခြင်းတို့ကို ရသည့်ငွေကြေးပမာဏနှင့် ဦးစွာစတင်လုပ်ဆောင်၍ ရပါကြောင်း၊ ပြီးမှသာ ငွေကြေးပမာဏရသည့်အပေါ် မူတည်၍ တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်၍ရနိုင်သည့် စီမံကိန်းများကို ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

### အတိအကျ အသေးစိတ်ညှိနှိုင်း

နိုင်ငံတကာ အဖွဲ့အစည်းများက အထောက်အပံ့အကူအညီအဖြစ် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ မှ ၂ ဘီလီယံခန့်အထိ ကမ်းလှမ်းထားပါကြောင်း၊ ထို့ပြင် ၂၀၁၉ – ၂၀၂၀ ဘတ်ဂျက်မှနေ၍ ရနိုင်သမျှ ထုတ်ယူနိုင်သည့် အစီအစဉ်များကိုလည်း အကောင်အထည်ဖော်ထားပါကြောင်း၊ CERP တွင် ရေးဆွဲထားသည်မှာ ဘတ်ဂျက်မှ ၁၀ ရာခိုင်နှုန်းခန့် ထုတ်ယူမည်ဟု ရေးထားသော်လည်း တကယ်တမ်း ၁၀ ရာခိုင်နှုန်း ထုတ်ယူရန် ပြောခြင်းမဟုတ်ပါကြောင်း၊ ၁၀ ရာခိုင်နှုန်းကို အမြင့်ဆုံးထားပြီး ထုတ်မည်ဟူ၍ ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင်လည်း ၎င်းတို့၏ အရေးကြီးသည့် လုပ်ငန်းစဉ်များ ကျန်ရှိပါကြောင်း၊ ထို့ကြောင့် ဦးစားပေးသည့် လုပ်ငန်းစဉ်များ၊ ဒုတိယ ဦးစားပေး၊ တတိယ ဦးစားပေး လုပ်ငန်းစဉ်များခွဲထုတ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အတိအကျ အသေးစိတ်ညှိနှိုင်းပြီးမှသာ ၎င်းတို့ဆီမှ ထုတ်ယူနိုင်သည်ကို ထုတ်ယူခြင်းဖြစ်ပါကြောင်း၊ ပျမ်းမျှအနေဖြင့် ၆ ဒသမ ၆ ရာခိုင်နှုန်းခန့် ဘတ်ဂျက်မှ ထုတ်ယူပါကြောင်း၊ ယင်းသို့ ထုတ်ယူပြီး ချက်ချင်းသုံးစွဲရန်လည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ချက်ချင်း အကောင်အထည်ဖော်မှုများလည်း စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ COVID – 19 စီးပွားရေးထိခိုက်မှုကို သက်သာစေရေး စီမံချက်တွင် ပါဝင်သည့် လုပ်ငန်းစဉ်များသည် ရေတို စီမံချက်များ၊ ကာလတိုစီမံချက်များ ဖြစ်သည့်အတွက် ရေရှည်စီမံချက်၊ ကာလရှည်စီမံချက်ဖြစ်သည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံချက် MSDP နှင့် ချိတ်ဆက်ရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ချိတ်ဆက်ရာတွင် ရေတို စီမံကိန်းနှင့် ရေရှည်စီမံကိန်းသည် တစ်ခါတစ်ရံတွင် ချိတ်ဆက်သည့်အခါ အကောင်အထည်ဖော်မှုများသည် အနည်းငယ်ရှုပ်ထွေးမှု ရှိလာနိုင်သည့်အတွက် ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန် ထပ်မံ၍ စီးပွားရေးနာလန်ထူရေး စီမံချက်ကို လိုအပ်ပါက ရေးဆွဲရန်လည်း စီစဉ်ထားပြီး ဖြစ်ပါကြောင်း၊ စတင်၍လည်း ရေးဆွဲနေပြီဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာ

CERP တွင်ရှိသည့် ရေတိုစီမံချက်သည် ဌာနတစ်ခုချင်းစီ သီးခြားဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော် ဌာနတစ်ခုချင်းစီ သီးခြားဆောင်ရွက်နိုင်သော်လည်း ယင်းဌာန အကုန်လုံးသည် ပန်းတိုင်တစ်ခုတည်းကို ဦးတည်နေခြင်း ဖြစ်ပါကြောင်း၊ ဌာနတစ်ခုချင်းစီ သီးခြားဆောင်ရွက်ခြင်းထက် ဌာနများ အားလုံးချိတ်ဆက်ဆောင်ရွက်မှလည်း ရမည့်လုပ်ငန်းစဉ်များ ပိုမိုပါဝင်လာမည်ဖြစ်ပါကြောင်း၊ ဌာနများချိတ်ဆက်၍ ဆောင်ရွက်သည့် လုပ်ငန်းစဉ်သာမက ဌာနများမှ လုပ်ကိုင်နေသည့် လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ စီမံချက်များဖြင့်လည်း ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ပါဝင်လာမည် ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် COVID – 19 ၏ ကပ်ဆိုးကို ခံစားနေရသည့်အချိန်တွင် အဆိုးထဲမှ အကောင်းမှာ နိုင်ငံတော်နှင့်ပြည်သူများအကြားတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာသည်ကို တွေ့ရပါကြောင်း၊ ဌာနအချင်းချင်းအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ Electronic ဆက်သွယ်မှုနည်းပညာဖြစ်သော video call များ၊ video conference များ၊ အဓိက အရေးကြီးသည့် အွန်လိုင်းအရောင်းအဝယ်များ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါကြောင်း၊ Electronic ငွေပေးချေမှု စနစ်များဖြစ်သော Mobile ငွေရေးကြေးရေး ဝန်ဆောင်မှုများ ပို၍အားကောင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ဌာနအသီးသီးအနေဖြင့် ယခင်က server များထောင်၍ network ကြိုးများ ချိတ်ဆက်ဆောင်ရွက်နေခြင်းထက် cloud ကနေတစ်ဆင့် laptop များ၊ မိုဘိုင်းဖုန်းများဖြင့် ချိတ်ဆက်၍ အဆင်ပြေပြေ ဆောင်ရွက်လာသည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကိုဗစ်ကာလအလွန်တွင် နည်းပညာသုံးစွဲမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်မည့်အပြင် တိုးတက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက Covid–19 ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် လူ့အသက်ဆုံးရှုံးမှု မများသော်လည်း စီးပွားရေးအရ ထိခိုက်မှုများမှာ သိသိသာသာ ကြုံတွေ့နေရပါကြောင်း၊ ရောဂါကူးစက်မှုကြောင့် ပြည်ပနှင့် ဆက်သွယ်ဆောင်ရွက်နေသည့်အပိုင်းတွင် ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းများ လည်ပတ်ရာတွင် အကန့်အသတ်များ ရှိလာသည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရပါကြောင်း။

### နိုင်ငံတွင်းသို့ အများအပြားရောက်ရှိလာ

COVID–19 အစပိုင်းတွင် လုပ်သားအခြေပြုလုပ်ငန်းများဖြစ်သည့် CMP လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းများနှင့် MSME နယ်ပယ်ရှိ ကဏ္ဍပေါင်းစုံများမှာ အများဆုံး ထိခိုက်ပါကြောင်း၊ ဝယ်လိုအားများ ကျဆင်းလာပြီး လုပ်ငန်းများ၏ ဝင်ငွေ ထိခိုက်လာပါကြောင်း၊ ငွေသားစီးဆင်းမှုများ ကျပ်တည်းလာပြီး လုပ်သားများ အလုပ်လက်မဲ့ အခြေအနေဖြစ်ပေါ်လာပါကြောင်း၊ ထို့ပြင် အခြားနိုင်ငံများ၌ COVID–19 သက်ရောက်မှုများကြောင့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြသော ရွှေ့ပြောင်းလုပ်သားများသည် နိုင်ငံတွင်းသို့ အများအပြား ရောက်ရှိလာပါကြောင်း။

UMFCCI Covid–19 Task Force ကို မတ်လတွင် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၊ ညီနောင်အသင်းများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ လူမှုရေးကိစ္စနှင့် ကျန်းမာရေးကိစ္စများကို စီးပွားရေး ရှုထောင့်အစုံမှ တတ်နိုင်သမျှ လစ်ဟာမှုမရှိစေရန် ကူညီဆောင်ရွက်မှုများ ရှိပါကြောင်း၊ အခြေခံစားသောက်ကုန်များ ဈေးနှုန်း တည်ငြိမ်စေရေးနှင့် ပြတ်လပ်မှုမရှိစေရေးမှာ အင်မတန်အရေးကြီးသည့် အတွက် ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ စက်မှုဇုန်များရှိ အလုပ်သမားများ၊ ဝန်ထမ်းများ၊ အခြေခံလူတန်းစားများကို သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးသဖြင့် ပုံမှန်ဝင်ငွေ မရှိသည့် အခြေခံလူတန်းစားများအတွက် စားနပ်ရိက္ခာ ဖြန့်ဖြူးထောက်ပံ့သည့် အစီအစဉ်များတွင် လှူဒါန်းခြင်းနှင့် ပါဝင်ကူညီဆောင်ရွက်ပေးခြင်းများလည်း လုပ်ဆောင်ခဲ့ပါကြောင်း။

### လက်တွေ့လိုက်နာကျင့်သုံးနိုင်အောင် စည်းရုံး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများလှူဒါန်းရန် ရန်ပုံငွေထူထောင်ခြင်း၊ အလှူရှင်များအား စည်းရုံးတိုက်တွန်းခြင်း လုပ်ဆောင်ခဲ့သည့်အပြင် စီးပွားရေးလုပ်ငန်းများနှင့် စက်ရုံ အလုပ်ရုံများတွင် COVID–19 ရောဂါ မပြန့်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြည်သူ့ကျန်းမာရေး အသိပညာပေးဌာနနှင့် ပူးပေါင်း၍ လက်တွေ့လိုက်နာကျင့်သုံးနိုင်အောင် စည်းရုံးဆောင်ရွက်ခဲ့ပါကြောင်း။

COVID–19 ကြောင့် စီးပွားရေးထိခိုက်မှုရှိနေသည့် ပကတိအခြေအနေမှန်ကို သိရှိနိုင်ရန်နှင့် နိုင်ငံတော်သို့ အကြံပြုချက်များ ပြုစုပေးပို့နိုင်ရန် လုပ်ငန်းအသီးသီးရှိ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်သူများနှင့် အသေးစိတ်ဆွေးနွေးပြီး Impact Assessment ကို ပြုစုလျက်ရှိပါကြောင်း၊ မကြာသေးမီကာလက UMFCCI COVID–19 Social & Economic Stimulus Proposal ကိုလည်း နိုင်ငံတော်သို့တင်ပြပြီး လမ်းညွှန်မှုခံယူထားပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံး ပါဝင်ပြီး COVID–19 ကာလနှင့် COVID–19 အလွန်ကာလများတွင် စီးပွားရေးပြန်လည်နိုးထလာစေရန်နှင့် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးများ လုပ်ကိုင်နိုင်ရန် ဖော်ထုတ်ဆွေးနွေးနိုင်မည့် UMFCCI Webinar Series များကိုလည်း ထုတ်လုပ်တင်ဆက်သွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရက COVID–19 ကာလအစဖြစ်သော မတ်လတွင် ထိခိုက်မှုရှိနေသည့် စီးပွားရေးလုပ်ငန်းများအတွက် ကျပ်ဘီလီယံ ၁၀၀ ချေးငွေအစီအစဉ်သည် မိမိတို့၏လုပ်ငန်းစဉ်များအတွက် အကျိုးရှိပါကြောင်း။

### အစွမ်းကုန် ပူးပေါင်းဆောင်ရွက်

ထိခိုက်မှုရှိသည့် စီးပွားရေးကဏ္ဍစုံတွင် ကျယ်ကျယ်ပြန့်ပြန့် ကုစားပေးနိုင်မည့် CERP ကို နိုင်ငံတော်အစိုးရမှ အလိုအပ်ဆုံးအချိန်တွင် အချိန်ကိုက် ထုတ်ပြန်ခဲ့ခြင်းကို ကုန်သည်စက်မှုအသင်းချုပ်က ကြိုဆိုပါကြောင်း၊ CERP အရ ဘဏ်အတိုးနှုန်းများ လျှော့ချခြင်းအပါအဝင် စီးပွားရေးလုပ်ငန်းများ ငွေကြေးရရှိနိုင်မှု လွယ်ကူစေရန်အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို COVID အကျပ်အတည်းကာလတွင် ဖြေလျှော့ပေးသည့်အတွက် စီးပွားရေးလုပ်ငန်းများအပေါ် ကောင်းမွန်သည့်ရလဒ်များ ဖြစ်ပေါ်ခဲ့သည်ကိုလည်း မြင်တွေ့နေရပါကြောင်း၊ ထို့ပြင် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၂၀၀ မှ ၅၀၀ အထိ ထပ်မံထုတ်ချေးမည့် အစီအစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးသည် ပြန်လည်ဦးမော့လာမည်ဟု ထင်ပါကြောင်း၊ အသင်းချုပ်အနေဖြင့် CERP အစီအစဉ် အကောင်အထည်ဖော်ရာတွင် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်သွားရန် များစွာဆန္ဒရှိပါကြောင်း။

COVID–19 ကာလအတွင်း လူမှုရေး၊ စီးပွားရေးများ ထိခိုက်မှုရှိသော်လည်း ယခင်က ပြောင်းလဲရန်မလွယ်ကူသည့် လုပ်ထုံးလုပ်နည်းများ၊ အလေ့အထများသည် COVID–19 ကာလအတွင်း၌ ပြောင်းလဲနိုင်ခဲ့ခြင်းများ ရှိပါကြောင်း၊ အထူးသဖြင့် Digitalization အပိုင်းတွင် Online Payment နှင့် E – Commerce တို့သည် သိသာထင်ရှားသော ပြောင်းလဲမှုရလဒ်ကောင်းများဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် Online Video Conferencing ပြုလုပ်ပြီး တိုက်ရိုက်တင်ပြပြောဆိုခွင့် အခွင့်အရေးမျိုးသည် COVID–19 ကာလအဆိုးများကြားမှ ကောင်းသည့်အချက်တစ်ချက်ဖြစ်ပါကြောင်း။

ထိုအခြေအနေများကို အခွင့်အလမ်းတစ်ရပ်အနေဖြင့် ခံယူပြီး စီးပွားရေးလုပ်ငန်းများအတွက် အဟန့်အတားဖြစ်စေသည့် ပြောင်းလဲရန် ခက်ခဲနေသည့် မူဝါဒများ၊ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ယခုအချိန်တွင် ပြုပြင်ပြောင်းလဲမည်ဆိုပါက အင်မတန်ကောင်းမွန်သည့်အချိန် ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ပြုလုပ်လိုပါက အဓိကအခက်အခဲဖြစ်နေသော မြေယာအသုံးချခွင့်များကို ရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### မူဝါဒများချမှတ်ပြီး ပံ့ပိုးမှုများပေးရန်လို

စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်လည်ပတ်နိုင်ရေး ဦးစားပေးကဏ္ဍများ ရွေးချယ်သတ်မှတ်ရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ လုပ်သားအခြေပြု ကုန်ထုတ်လုပ်ငန်းများ စသည့်အမြန်ဆုံး ပြန်လည် ဦးမော့လာနိုင်မည့် လုပ်ငန်းများကို ဦးစားပေးကဏ္ဍများအဖြစ် သတ်မှတ်၍ ပံ့ပိုးရန် လိုအပ်သကဲ့သို့ MSME လုပ်ငန်းများကိုလည်း ချက်ချင်း အကျိုးသက်ရောက်မှုရှိမည့် မူဝါဒများချမှတ်ပြီး ပံ့ပိုးမှုများပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရအသုံးစရိတ်ကို နိုင်ငံတော်အတွက် အဓိကလိုအပ်နေသည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် ပိုမိုသုံးစွဲခြင်းအားဖြင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများအား အထောက်အကူပြုစေမည် ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပိုမိုဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း။

အထူးသဖြင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းလုပ်သားများသည် သက်ဆိုင်ရာလုပ်ငန်းများအလိုက် အထိုက်အလျောက် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသူများ ပါဝင်သည့်အတွက် ၎င်းတို့၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများအလိုက် လုပ်ငန်းကဏ္ဍအသီးသီးတွင် အဆင်သင့် အသုံးပြုနိုင်ရန် ၎င်းတို့၏ကျွမ်းကျင်မှုကို စစ်တမ်းကောက်ယူပြီး ကျွမ်းကျင်ရာ အလုပ်အကိုင်များ ရရှိစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ချိတ်ဆက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

### လက်တွေ့ကျကျ ကျင့်သုံးအကောင်အထည်ဖော်

ထို့ပြင် တာဝန်ယူမှုရှိသော ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန် ဆွဲဆောင်ရာတွင် အခြားနိုင်ငံများနည်းတူ မက်လုံးပေးဆွဲဆောင်ခြင်းအပြင် ရင်းနှီးမြှုပ်နှံမှုအပေါ် ဥပဒေအရ ပြဋ္ဌာန်းထားသည့်အတိုင်း အာမခံချက်ပေးခြင်း၊ ထိထိရောက်ရောက် အကာအကွယ်ပေးခြင်း အစီအစဉ်များကို လက်တွေ့ကျကျ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

COVID ကာလအတွင်းနှင့် COVID အလွန်ကာလတွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် အကြံပြုချက်အချို့ကို ထပ်မံတင်ပြလိုပါကြောင်း၊ ပထမအချက်မှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန်နှင့် စီးပွားရေး လျင်လျင်မြန်မြန် ပြန်လည်ဦးမော့လာနိုင်ရန်အတွက် နိုင်ငံအတွက် အကျိုးပြုမည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး အစိုးရမှ အထူးချေးငွေအစီအစဉ်များနှင့် နိုင်ငံတကာချေးငွေအစီအစဉ်များအပေါ် အာမခံပေးရန်ဖြစ်ပါကြောင်း၊ ပြည်တွင်းရှိ ဘဏ်များနှင့် ပြည်တွင်း၌ လာရောက်ဖွင့်လှစ်သည့် ဘဏ်များမှ ငွေကြေးလွယ်လွယ်ကူကူချေးနိုင်ရန် Guarantor အဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက ငွေကြေး အရင်းအနှီး ပိုမိုရရှိမည် ဖြစ်ပါကြောင်း။

### မျှတသော ယှဉ်ပြိုင်မှုဝန်းကျင်ကို ဖန်တီးပေးရန်လို

ဒုတိယအချက်မှာ ကာလလတ်တွင် စီးပွားရေး ပြန်လည်ဦးမော့လာရေးနှင့် ကာလရှည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အစီအမံများရေးဆွဲရာတွင် ပုဂ္ဂလိကကဏ္ဍများ၏ အကြံပြုတင်ပြချက်များကို ထည့်သွင်းစဉ်းစားပေးရန် ဖြစ်ပါကြောင်း၊ တတိယအချက်မှာ ပို့ကုန်တိုးမြှင့်ရေးဘုတ်အဖွဲ့ကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါဝင်ဖွဲ့စည်းရန် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်ပ ပို့ကုန်တိုးမြှင့်ရေးကို တွန်းအားပေးဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ စတုတ္ထအချက်မှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်နှင့် ပြည်တွင်းရှိ နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေး ပြန်လည်အားကောင်းလာစေရေး ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ဦးစားပေး မြှင့်တင်ရန်နှင့် မျှတသော ယှဉ်ပြိုင်မှုဝန်းကျင်ကို ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ တခြားနိုင်ငံမှ တင်သွင်းလာသည့်

စာမျက်နှာ ၅ သို့

❖ ပုဂ္ဂလိကလုပ်ငန်းရှင်များအပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးနှင့်ပတ်သက်၍ အမြင်နှင့် ကြိုးပမ်းမှုများကို တင်ပြသည့် အခါတွင် နှစ်ဖက်ကြားတွင် ကွာဟမှု ကြီးကြီးမားမားမရှိ၊ မိမိတို့ အားလုံး ဦးတည်ချက်သည်တူညီ၊ အရေးကြီးသည်မှာ ဦးတည်သည့် စေတနာ တူညီရမည်၊ မိမိတို့အားလုံး တူညီသည့်စေတနာမှာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုခြင်းဖြစ်၊ ခဏအတွက်မဟုတ်ဘဲ ရေရှည်အတွက် ဖွံ့ဖြိုးတိုးတက်စေလို

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာ ဦးဆောင်သော အဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီတွင် Video Conferencing စနစ် အသုံးပြု၍ အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေထိုင်နေသော မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ယူရေး ကိစ္စရပ်များနှင့် ပတ်သက်၍ အချိန်တိုးမြှင့်ပေးစေရေး၊ ကိုရီးယားနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လာလိုသူများအား Relief Flight များဖြင့် ပြန်လည်ခေါ်ယူနိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေများ၊ EPS စနစ်ဖြင့် မြန်မာအလုပ်သမားများ အောင်မြင်သည့် အရေအတွက်ကို လူဦးရေ ၁၀၀၀ မှ ၇၀၀၀ အထိတိုးမြှင့်နိုင်ခဲ့သည့် ကိစ္စရပ်များ၊ ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်ခဲ့ဖူးသည့် ကျွမ်းကျင်အလုပ်သမားများကို ကိုရီးယားနိုင်ငံတွင် ဦးစားပေး ပြန်လည်ခေါ်ယူအလုပ်ခန့်အပ်ရေး၊ ထိုသို့ခေါ်ယူရန်အတွက် အလုပ်သမားခေါ်ယူရေး လုပ်ငန်းစဉ်များအတိုင်း တိတိကျကျပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ COVID–19 ကာလအတွင်း EPS အရည်အချင်းစစ် စာမေးပွဲများကျင်းပရာတွင် နည်းပညာအသုံးပြု၍ ကြိုတင်ဆန်းစစ်ထားနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားရေး၊ EPS ကျွမ်းကျင်လုပ်သားများအား ပြန်လည်ခေါ်ယူရေးအတွက် လေကြောင်းလိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် အခက်အခဲများအား ညှိနှိုင်းဆောင်ရွက်ရေး၊ ကိုရိုနာကပ်ရောဂါကြောင့် ထိခိုက်ခံစားရသည့် ကဏ္ဍများအနက်မှ အထည်ချုပ်လုပ်ငန်းများနှင့် ပတ်သက်၍ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျပ်အတည်းများအား နည်းပညာအသုံးပြု၍ ကျော်လွှားဖြတ်သန်းနိုင်မည့် နည်းလမ်းများရှာဖွေရန်နှင့် COVID–19 ကာလအတွင်း အလုပ်သမားများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ အလုပ်လက်မဲ့ အကျိုးခံစားခွင့် ကောက်ခံထားခြင်း မရှိသေးသည့်အတွက် အလုပ်သမားများအား အဆိုပါ ခံစားခွင့်အနေဖြင့် ထုတ်ပေးနိုင်ခြင်းမရှိခဲ့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ၏ အခက်အခဲကို ရှေးရှု၍ ဆောင်ရွက်ပေးနိုင်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရအနေဖြင့် COVID–19 ကာလအတွင်း နိုင်ငံသားများနှင့် ပြည်တွင်းလုပ်ငန်းရှင်များအတွက် အခွန်အခလျှော့ချပေးခဲ့မှုများနှင့်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဒေသအာဏာပိုင်များ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ဆွေးနွေးခဲ့ကြသည်။





**တာဝန်ရှိသူများ တက်ရောက်**

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်၍ ထုတ်လုပ်ရောင်းချမည်ဆိုပါက စက်ရုံများပိုမို၍ ဖွင့်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင်များ များစွာပေးနိုင်မည် ဖြစ်ပါကြောင်း၊ နောက်ဆုံးအချက်အနေဖြင့် COVID ကာလအတွင်း အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေးနိုင်မည့် အစီအစဉ်ထားရှိရန်တို့ကို အကြံပြုတင်ပြလိုပါကြောင်း၊ Public Private Partnership Dialogue ကို များများဆောင်ရွက်ပြီး အကြံဉာဏ်များ၊ ပြည်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများ ပေါင်းစပ်၍ အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက မိမိနိုင်ငံတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**ပြဿနာရပ်များကို ချက်ချင်းလက်ငင်း ကျော်လွှား**

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရင်းနှီးမြှုပ်နှံမှုဘက်နှင့် ယခုစီးပွားရေးအခြေအနေ၊ ကိုဗစ်ဖြစ်နေသော်လည်း မိမိတို့၏ ယခုနှစ် စီးပွားရေးမျှော်မှန်းချက်များသည် ယခုထိ သိသိသာသာ မထိခိုက်သေးပါကြောင်း၊ ယခင်နှစ်က ရင်းနှီးမြှုပ်နှံမှုနှင့် ဆိုပါက ယခုနှစ်ဝက်ကျိုးအချိန်တွင် ယှဉ်နိုင်သည့် အနေအထား ရှိနေပါကြောင်း၊ စီးပွားရေးသည် ယခုထိ သိသိသာသာ မဆုတ်ယုတ်သေးပါကြောင်း၊ သို့သော် ပြည်သူများ အလုပ်လက်မဲ့ဖြစ်သွားခြင်းများ ရှိသည်ကို သတိပြုမိပါကြောင်း၊ တချို့လုပ်ငန်းများသည် ကိုဗစ်ရောဂါကြောင့် ဆက်လက်မလည်ပတ်နိုင်ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ကိုဗစ်သည် အရေးပေါ်ကိစ္စဖြစ်သည့်အတွက် အရေးပေါ်ကိစ္စရပ် တစ်ခုကဲ့သို့ ကိုင်တွယ်ချဉ်းကပ်ရပါကြောင်း၊ သို့သော် ရေရှည်လည်း ကြည့်ရပါကြောင်း၊ မိမိထပ်တလဲလဲ ပြောနေသည်မှာ ရေတို၊ ရေရှည်ဖြစ်ပါကြောင်း၊ ပြဿနာရပ်များကို ချက်ချင်းလက်ငင်း ကျော်လွှားနိုင်ရမည် ဖြစ်သော်လည်း နောင်အကျိုးဆက်များအတွက် အဆင်သင့်ဖြစ်ရမည် ဖြစ်ပါကြောင်း။

**ပြည်သူများသာ အဓိက**

ယခုချက်ချင်း ဖြစ်ပေါ်နေသည့်ကိစ္စရပ်များအပေါ်တွင်ပင် အာရုံစိုက်၍ နောင်အတွက် မကြည့်ပါက ပြဿနာများ ထပ်၍တက်လာနိုင်ပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ စီးပွားရေးနာလန်ထူရေးအတွက် များစွာအရေးကြီးပါကြောင်း၊ အရေးပေါ်ကလည်း အရေးကြီးပြီး နာလန်ထူရေးသည်လည်း အရေးကြီးပါကြောင်း၊ အရေးပေါ်နှင့် နာလန်ထူရေးသည် မတူညီပါကြောင်း၊ အရေးပေါ်သည် တစ်ဖက်မှ ယခုချက်ချင်းလက်ငင်း မိမိတို့၏ ပြည်သူများကို ထိခိုက်မှုများ နည်းနိုင်သမျှနည်းစေရန် ဆောင်ရွက်ရပါကြောင်း၊ ဖြစ်စေချင်သည်မှာ လုံးဝမထိခိုက်စေချင်ပါကြောင်း၊ သို့သော် လုံးဝမထိခိုက်စေရန် ကာကွယ်၍ မရပါကလည်း အနည်းဆုံးထိခိုက်စေရန် ဆောင်ရွက်ရပါကြောင်း၊ ယင်းမှာ အရေးပေါ်ကာကွယ်ခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်ကဲ့သို့ ကာကွယ်၊ ထိန်းချုပ်ပြီး မကူးစက်စေရန် ဆောင်ရွက်ရပါကြောင်း၊ ယင်းနှစ်ခုစလုံးကို မိမိတို့၏ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်မှ အဓိကအာရုံစိုက် တာဝန်ထမ်းဆောင်ရသည့် ပုဂ္ဂိုလ်ဖြစ်ပါကြောင်း၊ နိုင်ငံစီးပွားရေးဆိုသည်မှာ ပြည်သူများသာ အဓိကဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွားရေးဆိုသည်မှာ ပြည်သူများအတွက်ပင် ဖြစ်ပါကြောင်း၊ စီးပွားရေးဘက်မှ ပြည်သူများ မထိခိုက်စေရန် မည်သို့တုံ့ပြန်မှုများ ပြင်ဆင်ထားပြီး ရေရှည်တွင် ထိခိုက်မှုများကျော်လွှား၍ နာလန်ထူနိုင်စေရန်နှင့် နာလန်ထူနိုင်စေရန်သာမက ရေရှည်တွင် ယခင်ကထက် ပိုမိုကျန်းမာသန်စွမ်း ရှိနိုင်စေရန် မည်သို့စဉ်းစားထားသည်ကို သိရှိလိုပါကြောင်း။

**ကျန်းမာရေးနှင့် စီးပွားရေးမှာ ခွဲခြား၍မရ**

COVID–19 ကို အကြောင်းပြုပြီး နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့နှင့် အချို့နိုင်ငံများက ငွေချေးလာခြင်းများရှိလာပါကြောင်း၊ ယင်းကို အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ ချေးယူပြီးသွားပါက သုံးစွဲမှုအပိုင်းသည် မိမိတို့အပေါ်တွင် မူတည်ပါကြောင်း၊ ယင်းချေးငွေများကို သုံးစွဲသည့်အခါ ရေတို၊ ရေရှည် နှစ်ခုစလုံးကိုကြည့်၍ သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ယခု COVID ရေတိုအတွက် သုံးလိုက်ရန် မဟုတ်ပါကြောင်း၊ COVID အတွက် ရေတိုအတွင်း မထိခိုက်အောင် သုံးသည့်နေရာတွင် ရေရှည်အတွက်ပါ အရှိန်ပါသွားအောင် သတိထားရမည်ဖြစ်ပါကြောင်း၊ ယခုအရေးပေါ်အတွက် စီစဉ်ထားသည့် အခြေအနေများနှင့် နောင်ရေရှည်ဖွံ့ဖြိုးရေးအတွက် စီစဉ်ထားသည့် အခြေအနေများ၏ အချိတ်အဆက် မှန်ကန်ရန် လိုအပ်ပါကြောင်း၊ ဒုတိယလှိုင်းက ခက်မည်ဟု မိမိ၏ဖေ့စ်ဘွတ်စာမျက်နှာတွင် သတိပေးထားပါကြောင်း၊ ကျန်းမာရေးနှင့် စီးပွားရေးမှာ ခွဲခြား၍မရပါကြောင်း၊ ကျန်းမာရေး ထိခိုက်ပါက စီးပွားရေးထိခိုက်မှု ရှိမည်ဖြစ်ပြီး စီးပွားရေးထိခိုက်ပါက ကျန်းမာရေးအတွက် ထောက်ပံ့ပေးရန် အစီအစဉ်များ ခက်ခဲသွားနိုင်ပါကြောင်း၊ ပြည်သူသည်သာ အဓိကဖြစ်ပါကြောင်း၊ ယင်းနောက်တွင် ညီညွတ်ရေးဖြစ်ပါကြောင်း၊ ပြည်သူတစ်ယောက်ချင်း၏ အင်အားကို စုစည်းပြီး ညီညီညွတ်ညွတ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း ပြန်လည်ဆွေးနွေး သုံးသပ် ပြောကြားသည်။

**တိုးတက်မှုကို မျှော်ကိုး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးနှင့်ပတ်သက်၍ အမြင်နှင့် ကြိုးပမ်းမှုများကို တင်ပြသည့်အခါတွင် နှစ်ဖက်ကြားတွင် ကွာဟမှု ကြီးကြီးမားမား မရှိပါကြောင်း၊ မိမိတို့အားလုံး ဦးတည်ချက်သည် တူညီပါကြောင်း၊ အရေးကြီးသည်မှာ ဦးတည်သည့် စေတနာ တူညီရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး တူညီသည့် စေတနာမှာ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေလိုခြင်း ဖြစ်ပါကြောင်း၊ ခဏအတွက် မဟုတ်ဘဲ ရေရှည်အတွက် ဖွံ့ဖြိုးတိုးတက်စေလိုပြီး ရေရှည်ထိန်းသိမ်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေလိုပါကြောင်း၊ ယင်းကို တစ်ယောက်နှင့်တစ်ယောက် မည်သို့မျှ စိတ်ဝမ်းကွဲခြင်း မရှိပါကြောင်း၊ နောက်ဆုံးတွင် အားလုံးအနေဖြင့် တိုးတက်မှုကို မျှော်ကိုးကြပါကြောင်း။

မည်သည့်ပုံစံဖြင့် သွားမည်ကို အမြင်မတူခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ အမြင်မတူညီခြင်းသည်လည်း ကောင်းမွန်ပါကြောင်း၊ အမြင်တစ်ခုတည်း ရှိပါက မှားယွင်းမှုဖြစ်ပေါ်ပါက အားလုံးမှားယွင်းသွားမည် ဖြစ်ပါကြောင်း၊ တစ်ခါတစ်ရံတွင် အဖြေတစ်ခုတည်း အမှန်ဟု မသတ်မှတ်သင့်ပါကြောင်း၊ မှန်သည့်အဖြေသည် တစ်ခုမက ရှိနိုင်ပါကြောင်း၊ ယင်းမှန်သည့် အဖြေများထဲမှ အကောင်းဆုံးကို ရွေးချယ်ရပါကြောင်း၊ တခြားနိုင်ငံအတွက် အကောင်းဆုံးသည် မိမိတို့နိုင်ငံအတွက် အကောင်းဆုံးဖြစ်ချင်မှဖြစ်မည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အရင်းအမြစ်၊ နိုင်ငံ၏အနေအထားကို ကြည့်၍ ရွေးရပါကြောင်း၊ အရေးကြီးသည်မှာ ပြောင်းလဲသင့်သည့်အချိန်တွင် ပြောင်းရဲရမည်ဖြစ်ပါကြောင်း၊ မည်သည့်အချိန်တွင် ပြောင်းသင့်သည်ကို သုံးသပ်၍ မှန်ကန်စွာ ဆုံးဖြတ်နိုင်ရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ချမ်းသာသည့်နိုင်ငံ မဟုတ်သော်လည်း မိမိတို့ထက် ချမ်းသာသည့် နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကိုဗစ်ကာလတွင် ပြည်သူအတွက် လုပ်ပေးနိုင်ခြင်း များစွာရှိပါကြောင်း၊ နံပါတ်(၁)အနေဖြင့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အလုပ်သမားများနှင့် ပြည်သူအားလုံးသည် ပူးပေါင်းဆောင်ရွက်ပြီး တက်ညီလက်ညီရှိသည့်အတွက်လည်းဖြစ်ပါကြောင်း၊ စီမံဘဏ္ဍာဝန်ကြီးဌာန၏ တာဝန်သည် နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေ မယိုင်လဲသွားစေရန်အတွက် ဘဏ္ဍာရေးအခြေအနေ အရေးပေါ် လိုအပ်လာသည့်အခါ ခိုင်ခိုင်မာမာဖြင့် ပြည်သူ့အတွက် ရပ်တည်နိုင်ရန်အတွက် အရေးကြီးပါကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့်လည်း များစွာပူးပေါင်းဆောင်ရွက်ကြပါကြောင်း၊ စေတနာတူ၊ ဦးတည်ချက်တူပါက အမြင်မတူသည်ကို ညှိနှိုင်းရသည်မှာ မခက်ပါကြောင်း၊ အစိုးရဌာနအများစုက ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

**အကောင်းဆုံးနည်းလမ်းဖြင့် ဖြေရှင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ယခုနှစ်တွင် ဆိုးရွားစွာ မဖြစ်ပေါ်သေးပါကြောင်း၊ ပထမလေးလပိုင်းတွင် ထိခိုက်မှု မရှိဘူးဆိုခြင်းမှာ အံ့သြစရာမဟုတ်ပါကြောင်း၊ ယခု ဒုတိယလေးလပတ် ဝင်ရောက်လာပြီဖြစ်ပါကြောင်း၊ ဒုတိယ လေးလပတ်ထဲတွင် အနည်းငယ်ဖြစ်ပေါ်လာပါကြောင်း၊ သို့သော် အများဆုံးဖြစ်ပေါ်မည့် တတိယလေးလပတ်အတွက် ပြင်ဆင်ထားသည်ကိုလည်း ပြည်သူများကို ပြောကြားလိုပါကြောင်း၊ ရင်ဆိုင်စရာများ ရှိသေးသည်ကိုလည်း ပြည်သူများကို ကြုံကြိုက်သည့်အခါတိုင်း သတိပေးပါကြောင်း၊ ယင်းကို ကြောက်စရာမလိုသကဲ့သို့ စိုးရိမ်လွန်စရာလည်း မလိုပါကြောင်း၊ ရင်ဆိုင်စရာရှိသည်ကို ရင်ဆိုင်ရန်သာလိုပါကြောင်း၊ အကောင်းဆုံးနည်းလမ်းဖြင့် ဖြေရှင်းရန်သာဖြစ်ပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူများစိုးရိမ်ခြင်းကိုလည်း မိမိအနေဖြင့် နားလည်နိုင်ပါကြောင်း၊ စီးပွားရေးဆိုသည်မှာ ဝမ်းစာရေးနှင့် ချိတ်ဆက်နေပါကြောင်း၊ ဦးဇော်မင်းဝင်းအနေဖြင့်လည်း လုံခြုံမှုနှင့်ပတ်သက်၍လည်း ပြောကြားသွားပါကြောင်း၊ ပြင်ပမှ လာရောက် ရင်းနှီးမြှုပ်နှံမည့်သူများပင် လုံခြုံမှုကို လိုချင်ကြပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို အမြဲတမ်း အဓိကထားခြင်းမှာ ယင်းကြောင့် ဖြစ်ပါကြောင်း။

**တရားဥပဒေစိုးမိုးရေး လိုအပ်**

တရားဥပဒေစိုးမိုးရေးဆိုသည်မှာ အားလုံးကို လုံခြုံမှုပေးရန်ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ ပြည်သူကို ချုပ်ချယ်ရန် မဟုတ်ပါကြောင်း၊ တရားဥပဒေဆိုသည်မှာ လူ့အသိုင်းအဝိုင်းတစ်ခုကို လုံခြုံမှုပေးရန်ဖြစ်ပါကြောင်း၊ လူ့အသိုင်းအဝိုင်းတစ်ခုတွင် တည်ငြိမ်မှု ရှိရန်နှင့် သဟဇာတရှိရန်တို့အတွက် တရားဥပဒေစိုးမိုးရေးသည် လိုအပ်ခြင်းဖြစ်ပါကြောင်း၊ ဥပဒေများသည် တရားမျှတ၍ အချိန်ကာလနှင့်လည်း သင့်တော်ရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ပတ်သက်၍လည်း မိမိတို့၏ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများသည် တစ်ချိန်တစ်ခါက အဆင်ပြေခဲ့ခြင်း ရှိသကဲ့သို့ မည်သို့မျှ အဆင်မပြေခဲ့ခြင်းများလည်း ရှိမည်ဖြစ်ပါကြောင်း၊ မည်သို့မျှ အဆင်မပြေခြင်းများကို မြန်ဆန်စွာ ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ယခင်က အဆင်ပြေပြီး ယခုအဆင်မပြေခြင်းကို သုံးသပ်၍ ပြင်သင့်သည်ကို မိမိတို့ ပြင်ဆင်ရမည်ဖြစ်ပြီး ပယ်သင့်သည်ကိုလည်း ပယ်ရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်နှင့် ပတ်သက်၍ ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို ကျော်လွှားရန် ပြင်ဆင်နေခြင်းများကိုလည်း ပြည်သူများကို သိစေလိုပါကြောင်း။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့်စပ်လျဉ်း၍ ပြည်သူများ စိတ်ဝင်စားပြီး သိသင့်သည်ဟုထင်သည့် အချက်များကို မကြာခဏ ဝက်ဘ်ဆိုက်တွင် ဖြစ်စေ၊ အစိုးရ၏ ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့်ဖြစ်စေ တိုတိုရှင်းလင်းစွာ ထည့်ပေးမည်ဆိုပါက ပြည်သူများအတွက် အကျိုးဖြစ်ပြီး ဝန်ကြီးဌာနများ၏ လုပ်ငန်းများအတွက်လည်း အထောက်အကူဖြစ်မည်ဟု ထင်မြင်မိပါကြောင်း၊ ဦးဇော်မင်းဝင်းတို့အနေဖြင့်လည်း မိမိတို့နှင့် အမြဲတမ်းပူးပေါင်းဆောင်ရွက်ပေးသည်ကို ကိုဗစ်ကာလတွင် အထူးသတိပြုမိပါကြောင်း၊ ပံ့ပိုးပေးမှုများအတွက်လည်း ကျေးဇူးတင်ပါကြောင်း၊ ယင်းသို့ ဆက်လက် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက တတိယလေးလပတ်ကိုလည်း မိမိတို့ ကောင်းမွန်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# တည်ဆဲလယ်ယာမြေဥပဒေပါ အခွင့်အရေးများ ရယူခံစားနိုင်ရေး

ကိုကိုဦး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၁၁ ခုနှစ်က ပါတီစုံဒီမိုကရေစီစနစ် ပြန်လည် စတင်ကျင့်သုံးခဲ့ပြီး တစ်နိုင်ငံလုံးလူဦးရေ၏ ၇၀ ရာခိုင်နှုန်း တည်ရှိနေသော ကျေးလက်နေ တောင်သူ လယ်သမားများဘဝ တိုးတက်မြင့်မားစေရေးအတွက် ၂၀၁၂ ခုနှစ်တွင် လယ်ယာမြေဥပဒေအား ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၁) ဖြင့် ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ဤဥပဒေဖြင့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေနှင့် ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေများ ရုပ်သိမ်းခဲ့ပါသည်။**

ယခုကဲ့သို့ ၂၀၁၂ ခုနှစ်တွင် လယ်ယာမြေဥပဒေအား အတည်ပြုပြဋ္ဌာန်းပေးလိုက်နိုင်သဖြင့် ယခင်အစိုးရ အဆက်ဆက်ကကြွေးကြော်ခဲ့ကြသည့် **"လယ်လုပ်သူ လယ်ပိုင်ခွင့်"** ဆိုသည့်စကားရပ်ကို တစ်နည်းတစ်ဖုံ အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။ လယ်ယာ လုပ်ကိုင်သူများအဖို့ မိမိတို့လုပ်ကိုင်သည့် လယ်ယာ မြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ကို လက်ဝယ်ပိုင်ပိုင်ထားရှိနိုင်ပြီလည်း ဖြစ်ပါသည်။ ဥပဒေပါအခွင့်အရေးများကို အပြည့်အဝရယူနိုင်ရေး အတွက် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့အနေဖြင့် လိုအပ်သော ညွှန်ကြားချက်များကိုပါ ထုတ်ပြန်ပေးခဲ့ပါ သည်။ ယင်းအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်အား (၁-၆-၂၀၁၉) ခုနှစ်မှစတင်၍ ရောင်းချခြင်း၊ ပေါင်းနှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြပြီလည်း ဖြစ်ပါသည်။

**ထူးခြားသည့် လုပ်ဆောင်ချက်**

တစ်နည်းဆိုသော် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၏ အားနည်းချက်များကို ဒုတိယအကြိမ် လွှတ်တော် အစည်းအဝေးများတွင် ပြင်ဆင်ရေးဆွဲနေစဉ်ကာလ အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ တောင်သူ လယ်သမားများ၏ အခွင့်အရေးများကို တည်ဆဲဥပဒေနှင့် အညီ အပြည့်အဝရယူဆောင်ရွက်နိုင်ရေးအတွက် လက်ရှိ အစိုးရကာလ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ထူးခြားသည့် လုပ်ဆောင်ချက်တစ်ခုဟု ဆိုနိုင်ပါသည်။

ထို့ပြင် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ ကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၂ ဖြင့် ထပ်မံပြဋ္ဌာန်းနိုင်ခဲ့သဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူတို့၏ အခွင့်အရေးများကို ပိုမိုခိုင်မာစေခဲ့ ပါသည်။ ကမ္ဘာပေါ်တွင် လယ်ယာမြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ နည်းလမ်းအမျိုးမျိုးရှိကြရာ အဓိကအားဖြင့် အောက်ပါအတိုင်း လေးမျိုးလေးစား ဖြစ်ကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်-

(၁) Ownership Right (ဖွဲ့စည်းပုံအခြေခံဥပဒေ အရ နိုင်ငံတော်မှပိုင်သည်။)

(၂) Land Holder Right (လက်ဝယ်ကိုင်ဆောင် ထားရှိခွင့်) (ယခုလယ်ယာမြေဥပဒေအရ ပေးသော အခွင့်အရေးသည် ဤအခွင့်အရေး နှင့် ဆင်တူနေသည်။)

(၃) Land Use Right (မြေယာအသုံးချပိုင်ခွင့်) (အချိန်ကာလကန့်သတ်ချက်နှင့်ပေးသော အခွင့်အရေးဖြစ်သည်။ ရောင်း၊ ပေါင်၊ ငှား၊ လဲ၊ ပေး အခွင့်အရေးမရှိ။ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေဖြင့်သာ ပေးသော အခွင့်အရေးဖြစ်သည်။)

(၄) Land Tiller Right (မြေယာထွန်ယက်ပိုင်ခွင့်) (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမပေါ်မီ ပေးခဲ့သော အခွင့်အရေးဖြစ်သည်။ လုပ်ပိုင် ခွင့် ဟူ၍လည်း ဖော်ပြလေ့ရှိသည်။)

**Ownership Right**

Ownership Right နှင့်ပတ်သက်၍ အနည်းငယ် ဆွေးနွေးတင်ပြလိုပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ( ၂၀၀၈ ခုနှစ် ) ပုဒ်မ၃၇ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

နိုင်ငံတော်သည်-

(က) နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်၊

(ခ) နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေ ပြဋ္ဌာန်းရမည်။

(ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်း ချက်များနှင့်အညီ ခွင့်ပြုရမည်။

အထက်ပါ ပုဒ်မ ၃၇(က)အရ Ownership Right ကို နိုင်ငံတော်မှ ရရှိပြီးဖြစ်ပါသည်။ မိမိတင်ပြ ဆွေးနွေးလိုသည် မှာ ၃၇(ခ) နှင့် (ဂ) တို့ဖြစ်ပါသည်။ ၃၇(ခ) တွင် နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများ ထုတ်ယူသုံးစွဲခြင်းကို ကြီးကြပ်ရန် ဥပဒေများပြဋ္ဌာန်းရန်လို

> **"ယခုအခါ တောင်သူလယ်သမားများအနေဖြင့်လည်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ (ပြင်ဆင်သည့်ဥပဒေ) ပေါ်ထွက်လာပြီဖြစ်သဖြင့် ဥပဒေနှင့်အညီအခွင့်အရေးများ အချိန်နှင့် တစ်ပြေးညီ အပြည့်အဝ ခံစားရရှိနိုင်ရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) အား လက်ဝယ်ကိုင်ဆောင်ထားရှိပြီးဖြစ်ရန် လိုအပ်ပါသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မရရှိသေးပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ထံ၌ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ(၁) အား အခမဲ့ရယူ၍ လျှောက်ထားနိုင်"**

ကြောင်း ဖော်ပြပြီး ၃၇(ဂ)သည် နိုင်ငံသားများ၏ အခွင့်အရေးများကို ဥပဒေအရ ကာကွယ်စောင့်ရှောက်ရန်ဖြစ် ပါသည်။ ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုတွင် **"ဥပဒေ ဟူသည် အဖွဲ့အစည်းတစ်ခု၏ ငြိမ်းချမ်းရေးနှင့် လုံခြုံ ရေးတို့ကို ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ဖြစ်စဉ် တစ်ခုချင်းအလိုက် တိကျစွာလိုက်နာ ဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများ၏ အစုအဝေးဖြစ်သည်"** ဟု ဆိုသည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် မိမိတို့လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် ဥပဒေသည် မရှိမဖြစ် လိုအပ်ကြောင်း တွေ့မြင်ရသည်။ ဥပဒေများသည် မိမိတို့၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် တစ်နည်းတစ်လမ်း အားဖြင့် ကာကွယ်ပေးရန် ဖြစ်ပါသည်။

**ဥပဒေသည် မိမိတို့ အတွက် လုံခြုံမှုကိုပေးနိုင်**

**"ဥပဒေရှိရန်မလို"** ဟု ဆိုသူများအတွက် ငယ်စဉ်က ကြားဖူးသော၊ အများသိခဲ့ပြီးဖြစ်မည့် ပုံပြင်တစ်ပုဒ်ကို ပြန်လည်တင်ပြလိုပေသည်။ **"ရွာတစ်ရွာရှိ မြေးအဘိုးတစ်စု တို့နေထိုင်ရာ အိမ်တစ်ခုတွင်အခြေပြုသည်။ တစ်နေ့ အဖေ လုပ်သူက အိုမင်းမစွမ်းဖြစ်သောဖခင် (ကလေးတို့၏ အဘိုး) ကို တောင်းတစ်လုံးတွင်ထည့်၍ တောသို့စွန့်ပစ်ရန် တောင်းကို ပခုံးထက်ထမ်း၍ ထွက်ခွာသည်။ ထိုအခါ သားဖြစ်သူက အဖေလုပ်သူကို မှာသောစကားဖြစ်သည်။ အဖေ-အဘိုးကို ပစ်ပြီးအပြန်ကြရင် ဒီတောင်းကိုပြန်ယူခဲ့ပါ။ အဖေ့အလှည့်ကျရင် သားပစ်ဖို့ တောင်းမရှိမှာ စိုးလို့"** ဟူ၍ဖြစ်သည်။ ဥပဒေမရှိဘဲ နေလိုသူများအတွက် တစ်ချိန် တွင် မိမိကပြုသူဖြစ်၍ အခြားအချိန်တစ်ခုတွင် မိမိက အပြုခံရသူအဖြစ်သို့ တစ်ပြန်တစ်လှည့်ကျရောက်မည်မှာ အမှန်ပင်ဖြစ်သည်။ ယင်းအချိန် နှစ်ခုစလုံးအတွက် ဥပဒေ သည်သာ ထိန်းကျောင်းပေးနိုင်ပါသည်။ ဥပဒေသည် မိမိတို့ အတွက် လုံခြုံမှုကိုပေးနိုင်သလို မိမိတို့၏ အခွင့်အရေးကို လည်း ဥပဒေနှင့်အညီ အကာအကွယ်ပေးမည်ဖြစ်သည်။ သို့ဖြစ်၍ ဥပဒေသည် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်သည့် အရာဖြစ် ပါသည်။ ထို့အတူ လူတိုင်းအနေဖြင့် မိမိတို့၏ ဆောင်ရွက်မှုတိုင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် လည်း **"လူ့အခွင့်အရေးများကို ဥပဒေဖြင့် ကာကွယ်ပေး သည်"** နှင့် **"ဥပဒေအောက်တွင် လူသားအားလုံး တူမျှသည်"** ဟူသော ဖော်ပြချက်များသည် ဥပဒေ၏အရေးပါမှုကို ဖော်ပြ နေပေသည်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ဥပဒေကိုလေးစား လိုက်နာဖို့လိုသလို မိမိပတ်ဝန်းကျင်ရှိ လူအားလုံးကိုလည်း ဥပဒေကိုလိုက်နာစေရန် ဆောင်ရွက်ရေးကိုလည်း နိုင်ငံသား တို့၏ မွေးရာပါတာဝန်တစ်ရပ်အဖြစ် မှတ်ယူသင့်ပါသည်။

လယ်ယာမြေဥပဒေအရ လယ်လုပ်သူ တောင်သူ လယ်သမားများအတွက် ယခုကဲ့သို့ Land Holder Right (လက်ဝယ်ကိုင်ဆောင်ထားရှိခွင့်) ပိုင်ဆိုင်မှုများ ပေးအပ် ပြီးဖြစ်သော်လည်း တောင်သူလယ်သမားများအနေဖြင့် မိမိတို့လက်ဝယ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာ မြေများအား လက်ဝယ်ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် ဥပဒေ နှင့်အညီ ကိုယ်တိုင်လျှောက်ထားရယူရန်လည်း လိုအပ်ပါ သည်။ ထိုသို့ ကာယကံရှင်များက လျှောက်ထားလာမှသာ လျှင် ဌာနဆိုင်ရာအပိုင်းအနေဖြင့် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်းအား ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ ရပ်ကွက်/ ကျေးရွာအုပ်စု/ မြို့နယ်/ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

**ထုတ်ပေးပြီးစီး**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ် ပေးခြင်းကို (၁-၁-၂၀၁၃)ရက်နေ့မှ စတင်ပြီး ဆောင်ရွက် ပေးလျက်ရှိရာ (၃၀-၄-၂၀၂၀) ရက်နေ့အထိ အမှန် ထုတ်ပေးနိုင်မည့် လျာထားချက် ဦးပိုင်ပေါင်း၏ (၉၉၂၇၂၆၇)ခု၊ ရာခိုင်နှုန်းအားဖြင့် ( ၉၈.၄၁ %) အား ထုတ်ပေးပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

**လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထားရန်လို**

ယနေ့ကာလတွင် လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်တွင်ပါဝင်သည့် စည်းမျဉ်း၊ စည်းကမ်းဖြစ်သော **"လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ"** ဟူသော အချက်ကိုချိုးဖောက်၍ နေအိမ်၊ ဈေးဆိုင်၊ ဂိုဒေါင်စသည့်စိုက်ပျိုးခြင်းမဟုတ်သည့် လုပ်ဆောင် ချက်များဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ဆောင်ရွက်သူ ကာယကံရှင်များ ကိုယ်တိုင် ဥပဒေကိုဖောက်ဖျက် ကျူးလွန်မှုကြောင့် ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူအပြစ်ပေးမှု ခံစားရ မည့်အပြင် ပတ်ဝန်းကျင်၌ ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ အေးချမ်းစွာစိုက်ပျိုးလုပ်ကိုင်နေသော အခြားတောင်သူ လယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းကိုလည်း ထိခိုက် မှု ဖြစ်သွားစေနိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။ ထို့အတွက် ဥပဒေပါအခွင့်အရေးများကို အကျိုးရှိရှိအမိအရ လုပ်ကိုင် ဆောင်ရွက်သလို ဥပဒေပါ စည်းမျဉ်း၊ စည်းကမ်း များကိုလည်း လေးစားလိုက်နာရန် အထူးလိုအပ်ပါ သည်။

ယခုအခါ တောင်သူလယ်သမားများအနေဖြင့်လည်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ (ပြင်ဆင်သည့်ဥပဒေ) ပေါ်ထွက်လာပြီဖြစ်သဖြင့် ဥပဒေနှင့်အညီ အခွင့်အရေးများ အချိန်နှင့် တစ်ပြေးညီ အပြည့် အဝခံစားရရှိနိုင်ရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) အား လက်ဝယ်ကိုင်ဆောင်ထားရှိပြီးဖြစ်ရန် လိုအပ်ပါသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မရရှိသေး ပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ထံ၌ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာ ပုံစံ(၁) အား အခမဲ့ရယူ၍ လျှောက်ထားနိုင်ပါကြောင်းနှင့် လယ်ယာမြေလုပ်ကိုင်သူ တောင်သူလယ်သမားများအနေ ဖြင့် နိုင်ငံတော်မှ တရားဝင်လယ်ပိုင်ယာပိုင် ဖြစ်စေရေး ဆောင်ရွက်ပေးမှုကို လက်လွှတ်မခံဘဲ အလျင်အမြန် လျှောက်ထားကြရန် လိုအပ်ပါကြောင်း အသိပေး တင်ပြ လိုပါသည်။

လယ်ယာမြေ မှတ်ပုံတင်ခြင်းကိစ္စရပ်သည် **"လယ် ယာမြေ"** ဆိုသောစကားရပ်တွင် အကျုံးဝင်သော စိုက်ပျိုး မြေများကိုသာ စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးရန် ရည်ရွယ် ဆောင်ရွက်ပေးသော လုပ်ငန်းစဉ်ဖြစ်ပါ၍ လယ်ယာ မြေဆိုသောစကားရပ်နှင့် အကျုံးမဝင်သောမြေများ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းကိစ္စရပ် အား ဆောင်ရွက်ပေး၍ မရပါကြောင်းလည်း ရှင်းလင်း အသိပေးအပ်ပါသည်။ သစ်တောကြိုးဝိုင်းမြေ၊ စားကျက် မြေ၊ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် (လ/န-၃၉၊ လယ ၃၀ (က၊ ခ) စသည်ဖြင့်) ခွင့်ပြုထားသောမြေ အစ ရှိသောမြေများ သည် လယ်ယာမြေဟူသော စကားရပ်၌ အကျုံးမဝင်ပါ၍ အဆိုပါမြေများကို သက်ဆိုင်ရာဝန်ကြီး ဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ မူလအမိန့်အား ပယ်ဖျက်ပေးလိုက်မှသာ လယ်ယာမြေ ဟူသောစကားရပ် အတွင်း အကျုံးဝင်နိုင်မည့် ကိစ္စရပ်မျိုး ဖြစ်ပါသည်။ လယ်ယာမြေဟု လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ပြီး မှသာလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) များ လျှောက်ထားရယူနိုင်မည်ဖြစ်ပါကြောင်းနှင့် အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများသို့ လည်း ကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရုံးဖုန်း(၀၆၇- ၄၁၀၂၉၁) သို့လည်းကောင်း ဆက်သွယ်တင်ပြကြရန် အသိပေးအပ်ပါသည်။ ။

# မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ လုပ်ငန်းပိုင်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ လုပ်ငန်းပိုင်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရန် အရည်အသွေးပြည့်ဝကောင်းမွန်သော ဆေးဝါးနှင့်ဆေးပစ္စည်းများ ပြတ်တောက်မှု မရှိစေရေးမှာ အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးဝါးနှင့် ဆေးပစ္စည်းများကို နိုင်ငံတော်မှချမှတ်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဝယ်ယူလျက်ရှိပါကြောင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ဆေးဝါးနှင့်ဆေးပစ္စည်းများကို ပြည်တွင်း၌ ယခုထက် ပိုမိုထုတ်လုပ်စေလိုပါကြောင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများနှင့် မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအနေဖြင့် ဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်မှု၊ တင်သွင်းမှုနှင့်ရောင်းချမှုဆိုင်ရာ ကိစ္စရပ်များအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့်ပတ်သက်၍ ပွင့်လင်းစွာ ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း၊ အဆိုပါလုပ်ငန်းများတွင် ကြန့်ကြာမှုများ မရှိစေရေးအတွက် မွမ်းမံပြင်ဆင်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးဇော်မိုးခိုင်၊ မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်းမှ အလုပ်အမှုဆောင် ဒေါက်တာ ခင်ဖြူဖြူ၊ မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မျိုးထွန်းနှင့် တာဝန်ရှိသူများက လက်ရှိအခြေအနေတွင် အမှန်တကယ်တွေ့ကြုံ နေရသော တင်ဒါလုပ်ငန်းစဉ်များနှင့်ပတ်သက်သော အခက်အခဲများ၊ ဆေးဝါး၊ ဆေးပစ္စည်းများ ရှားပါးမှုမရှိစေရန် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထင်လင်းနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးဝါး၊ ဆေးပစ္စည်းဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၀) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ

**မုံရွာ ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး စစ်ကိုင်းမြို့နယ်အတွင်း ဆောင်ရွက်မည့် ကော်မတီသို့ တင်ပြလာသည့် ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Manufacturing of Various Kinds of Signal Cable on CMP Basis လုပ်ငန်းဆောင်ရွက်မည့် Dehong Technology (Sagaing) Co., Ltd. နှင့် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုလက်မှုသက်မွေးသင်တန်းကျောင်း ပါဝင်သော ကျောက်စိမ်း၊ ကျောက်မျက် အချောထည်နှင့် လက်ဝတ်ရတနာထုတ်လုပ်မှုလုပ်ငန်း၊ Biodiversity Garden၊ Minerals & Rock Garden များ ပါဝင်သော အပန်းဖြေဥယျာဉ် လုပ်ငန်းတို့ ဆောင်ရွက်မည့် Pyi Kyaw Aung Htay Gems Co., Ltd. တို့အား အတည်ပြုမိန့် ထုတ်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ သန်း၊ မြန်မာကျပ်ငွေ ၂၅၆၅ ဒသမ ၃၅ သန်းနှင့် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ပြည်တွင်း ၃၃၇၈ ဦးနှင့် ပြည်ပ ၃၆ ဦးတို့ကို အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

● *ကျောဖုံးမှ*

အမှတ် (၅၈) အစုန် မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထားတစ်စင်း ထပ်မံပြေးဆွဲပေးနေပြီဖြစ်သည်။

ရထားတွဲဆိုင်းများပေါ်တွင် လူစုလူဝေးမဖြစ်စေရန် ခရီးသည်တစ်ဦးလျှင် ထိုင်ခုံနှစ်ခုံရောင်းချပေးမည်ဖြစ်ပြီး လက်မှတ်ဝယ်ယူခ တစ်စောင်နှုန်းသာ ငွေပေးချေရမည်ဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ခရီးစဉ်တစ်လျှောက်လုံး ထိုင်ခုံမဲ့ရောင်းချပေးမည်မဟုတ်ကြောင်း သိရသည်။

မန္တလေးဘူတာမှ ထွက်ခွာလာသည့် အမှတ်(၅၇) အဆန် မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထားသည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်မှစ၍ မန္တလေးဘူတာမှ ထွက်ခွာလာပြီး မိုးကောင်းဘူတာသို့ ဇွန် ၁၇ ရက် နံနက် ၂ နာရီ ၂ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကာ မြစ်ကြီးနားဘူတာသို့ နံနက် ၄ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့အတူ မြစ်ကြီးနားမှ ထွက်ခွာလာသည့် အမှတ် (၅၈) အစုန် မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထားသည် ယနေ့ညနေ ၄ နာရီမှစ၍ မြစ်ကြီးနားဘူတာမှ ထွက်ခွာလာပြီး မိုးကောင်းဘူတာသို့ ညနေ ၅ နာရီ ၅၃ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကာ မန္တလေးဘူတာသို့ ဇွန် ၁၇ ရက် နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း မိုးကောင်းဘူတာရုံပိုင်ကြီး ဦးမျိုးသိန်းထွန်းထံမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

❖ *ကျောဖုံးမှ*

ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသား စုစုပေါင်း ၃၈၉၄ ဦးအား မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဇွန် ၂၃ ရက်တွင်လည်း ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နဝမအကြိမ်အဖြစ် ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပူတာအိုသို့ သမဝါယမအစီအစဉ်ဖြင့် မုန်လာထုပ်များဖြန့်ဖြူး

**ပူတာအို ဇွန် ၁၆**

ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ် နောင်တရားဒေသမှ ရှမ်းတောင်သူများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးသည့်အနေဖြင့် မုန်လာထုပ်ပိဿာချိန် ၂၀၀၀၀ ကို ဒေသပေါက်ဈေးဖြင့် ဝယ်ယူကာ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များအပြင် မြန်မာပြည်မြောက်ဖျား ပူတာအိုမြို့ထိတိုင်အောင် ဒေသခံအသင်းသား ပြည်သူများ စားသုံးနိုင်ရန် သမဝါယမနည်းလမ်းကို အသုံးပြု၍ ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## မှတ်သား ဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၃၉ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ဥက္ကံမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ကော့ကရိတ်မြို့နှင့် မော်လမြိုင်မြို့တို့တွင် ၂ ဒသမ ၈၇ လက်မစီ၊ သံတွဲမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မအူပင်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မချမ်းဘောမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၁ ဒသမ ၉၇ လက်မနှင့် လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၈၅ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၆**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြို့နယ်နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)နှင့် ပုဒ်မ ၃၀(ခ)တို့အရ ခွင့်ပြုခဲ့သည့် လယ်ယာမြေအား အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် အမှန်တကယ်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို လယ်ယာမြေနည်းဥပဒေ ၉၀ နှင့်အညီ ကွင်းဆင်းစစ်ဆေးတင်ပြရန် လိုအပ်ပြီး ကွင်းဆင်းစစ်ဆေးချက်အရ သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုခြင်း၊ သတ်မှတ်သည့်ကာလအတွင်း လုပ်ငန်းပြီးစီးမှု မရှိခြင်းများကို တွေ့ရှိပါက နည်းဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ သီးခြားကိစ္စတစ်ရပ်အဖြစ် အမှုတွဲဖွင့်လှစ်၍ လယ်ယာမြေဥပဒေပုဒ်မ ၃၁ နှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ပြန်လည်တင်ပြရန် လိုအပ်ကြောင်း၊ ထိုသို့ အရေးယူဆောင်ရွက်မှသာ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် အမှန်တကယ်လိုအပ်ချက်အရ လုပ်ငန်းဆောင်ရွက်အသုံးပြုလိုသူများသာ လျှောက်ထားလာနိုင်ပြီး မြေတန်ဖိုးမြင့်တက်လာစေရန်ရည်ရွယ်၍ အမှန်တကယ်အသုံးပြုလိုမှုမရှိဘဲ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် လယ်ယာမြေအငြင်းပွားမှုဖြစ်စဉ်များ ဖြေရှင်းခြင်းအပါအဝင် အခြားနည်း အသုံးပြုခွင့်လျှောက်ထားခြင်းလုပ်ငန်းများအား ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ သို့မှသာ အမှန်တကယ်ရင်းနှီးမြှုပ်နှံမည့်သူများအတွက် လုပ်ငန်းဆောင်ရွက်မှု အဟန့်အတားမဖြစ်စေဘဲ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး က အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများအလိုက် တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များက စိစစ်တင်ပြလာသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) သိမ်းဆည်းပယ်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ကိုင်ခွင့် အသုံးပြုခွင့်ရရှိထားသောမြေကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေအဖြစ် သတ်မှတ်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ လယ်ယာမြေများအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ ၁၅ ထုတ်ပေးရန် တင်ပြလာသောကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုကိစ္စများ၊ ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကျောက်ဖြူမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ကျောက်ဖြူ ဇွန် ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကျောက်ဖြူမြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကျောက်ဖြူမြို့နယ် ဂုံးချိန်အုပ်စု လေဒါပြင်ကျေးရွာရှိ CNTIC VPOWER KY3 Limited မှ တည်ဆောက်နေသည့် Kyauk Phyu 150 MW Power Plant ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား စစ်ဆေးရာ ဦးကျော်မင်းထွန်း (အငယ်တန်းအင်ဂျင်နီယာ) က လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် Kyauk Phyu Electric Power Co.,Ltd မှ135 MW ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်ကိုလည်းကောင်း၊ ကျောက်တစ်လုံး ကယ်ဆယ်ရေးစခန်းအနီး ကားကြီးဝင်းနှင့် ယာဉ်ရပ်နားစခန်း ဆောင်ရွက်မည့် မြေနေရာအားလည်းကောင်း၊ စေတီယျရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ဖြူ) ဆောက်လုပ်ဆဲ အဆောက်အအုံ (၇၈ ပေx ၉၄ ပေ) သံကူကွန်ကရစ် လေးခန်းတွဲ၊ လေးထပ်နှင့် အရာရှိအိမ်ရာ RC လေးခန်းတွဲ၊ လေးထပ် သံကူကွန်ကရစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညနေပိုင်းတွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်နေသည့် မင်းပြင်ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအား လည်းကောင်း၊ ကျောက်ဖြူ ပညာရေးကောလိပ်ရှိ အသွားအလာကန့်သတ်ထားရှိသည့် အဆောင်နှစ်ဆောင်သို့ လည်းကောင်း သွားရောက်ကြည့်ရှုပြီး အသွားအလာ ကန့်သတ်စောင့်ကြည့်ခံနေရသူများကို အားပေးစကားပြောကြားကာ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း လေးခန်းတွဲ သုံးထပ်ဆောင် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် RK & P ကုမ္ပဏီလုပ်ငန်းခွင် အင်ဂျင်နီယာ ဦးကျော်ကျော်အောင်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း**

## ကမ္ဘောဇဘဏ်က ပြည်သူများ သောက်သုံးရေ ခက်ခဲမှုမရှိစေရေးအတွက် ၂၇၅ တွင်းမြောက် စက်ရေတွင်း တူးဖော်လှူဒါန်း

**မကွေး ဇွန် ၁၆**

ပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကမ္ဘောဇဘဏ်က အင်္ဂလန်နိုင်ငံထုတ် Dando Heavy-duty ရေတွင်းတူးစက်ကြီး နှစ်စီးဖြင့် နိုင်ငံအနှံ့ စဉ်ဆက်မပြတ် တူးဖော်လှူဒါန်းပေးလျက်ရှိရာ ၂၇၅ တွင်းမြောက် ရေအောင်စက်ရေတွင်းကို မကွေးတိုင်းဒေသကြီး မြင်စိုင်းကျေးရွာအုပ်စု မြင်စိုင်းကျေးရွာ အလယ်တန်းကျောင်းခွဲတွင် ဇွန် ၁၁ ရက်က တူးဖော်အောင်မြင်ခဲ့သည်။

ယခု တူးဖော်အောင်မြင်ခဲ့သော စက်ရေတွင်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် တူးဖော်ခဲ့ခြင်းဖြစ်သည်။ စက်ရေတွင်းကို ကမ္ဘောဇဘဏ်က အင်္ဂလန်နိုင်ငံထုတ် အမှတ် (၂) Dando Heavy-duty ရေတွင်းတူးစက်ကြီးဖြင့် မေ ၃၁ ရက်တွင် စတင်တူးဖော်ခဲ့ပြီး အနက်ပေ ၄၀၀ တွင် တစ်နာရီဂါလန် ၁၀၀၀၀ ဖြင့် ရေအောင်ခဲ့သည်။ **(ယာပုံ)** မြင်စိုင်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ကျေးလက်ဆေးပေးခန်း တစ်ခန်း၊ အိမ်ခြေ ၃၃၀ ရှိပြီး လူဦးရေ ၁၆၀၀ ကျော်နေထိုင်ကြကာ ယခုစက်ရေတွင်း ရေအောင်မှုကြောင့် ဝမ်းသာပျော်ရွှင်နေကြောင်း သိရသည်။

အဆိုပါ ရေတွင်းတူးစက်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ရှိ အေးသာယာကျေးရွာတွင် ဆက်လက် တူးဖော်သွားမည်ဖြစ်သည်။ ထို့အပြင် အမှတ် (၁) ရေတွင်းတူးစက်ကြီးသည်လည်း ချင်းပြည်နယ် ဟားခါးမြို့ မြို့ပြအိမ်ရာစီမံကိန်းတွင် တူးဖော်ပေးလျက်ရှိသည်။ ကမ္ဘောဇဘဏ်သည် နိုင်ငံအနှံ့အပြားရှိ စက်ရေတွင်းတူးဖော်ရန် အလွန်ခက်ခဲပြီး ရေရှားပါးသည့်နေရာများတွင် ပြည်သူများ ရေရှားပါးပြတ်လပ်မှု မကြုံတွေ့စေရန်အတွက် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေတွင်းရေကန်များတူးဖော်ခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ပေးခြင်းနှင့် ရေပေးရေးစီမံကိန်းများအပါအဝင် ငွေကျပ်သိန်းပေါင်း ၇၉၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အတူ ရေပြတ်လပ်မှုမရှိစေရန် စက်ရေတွင်းများ တူးဖော်လှူဒါန်းခြင်းအပြင် ရေသယ်ယာဉ်အသစ်များ လှူဒါန်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိရာ ငွေကျပ်သိန်းပေါင်း ၂၄၃၀၀ တန်ဖိုးရှိ ရေသယ်ယာဉ်အသစ် ၅၄ စီးကိုလည်း နိုင်ငံတစ်ဝန်းရှိပရဟိတနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ KBZ Bank၊ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International နှင့် Air KBZ တို့မှ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယနေ့အချိန်အထိ ငွေကျပ်သိန်းပေါင်း ၄၆၉၂၈ သိန်း လှူဒါန်းခဲ့ပြီး ကမ္ဘောဇဘဏ်သည် ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ငွေကျပ် ၁၆၄ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ကိုကျော်**



# နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ် သုခဝတီအိမ်ရာတွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား မဲနှိုက်နေရာချထားပေးသည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝနေသင်ရေး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ် သုခဝတီအိမ်ရာတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မဲနှိုက်နေရာချထားပေးသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အမြဲတမ်းအတွင်းဝန် ဦးရွှေလေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အငြိမ်းစားဝန်ထမ်း ၃၀၀ ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာန ၂၁ ဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိမ်ခန်းနေရာချထားရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မန္တလေးမြို့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခန်းပေါင်း ၂၄၀ အား လက်ရှိ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများသို့ အငှားချထားပေးပြီး ဖြစ်ပါကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း အခန်းပေါင်း ၁၃၆ ခန်းကို လက်ရှိတာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအား အငှားချထားပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ နေပြည်တော်တွင် ပထမဆုံးအကြိမ် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ဦးရေ ၃၀၀ အတွက် အိမ်ခန်းနေရာချထားပေးသည့် အခမ်းအနားဖြစ်ပါကြောင်း။

ယခုအချိန်အခါသည် ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် အငြိမ်းစားဝန်ထမ်း ၃၀၀ အား ကိုယ်တိုင်လာရောက်မဲနှိုက်ရန် အခြေအနေမပေးသည့်အတွက် အငြိမ်းစားဝန်ထမ်းများကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဝါစဉ်အလိုက် တာဝန်ရှိသူများအား မဲနှိုက်နေရာချထားပေးမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အိမ်ခန်းနေရာချထားပေးရာတွင် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ် သုခဝတီအိမ်ရာတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မဲနှိုက်နေရာချထားပေးသည့် အခမ်းအနားကျင်းပစဉ်။



ထို့နောက် အိမ်ခန်းနေရာချထားရေးကော်မတီအတွင်းရေးမှူး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က ဒက္ခိဏာသီရိမြို့နယ် သုခဝတီအိမ်ရာတည်နေရာနှင့် အိမ်ခန်းဖွဲ့စည်းပုံ အခြေအနေနှင့် အငှားအိမ်ရာ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဒေါ်မိုးသီတာက အိမ်ခန်းမဲနှိုက်မည့် အစီအစဉ်အား ဖတ်ကြားပြီး နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် အခန်းရရှိသူများကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က မဲနှိုက်နေရာချထားမှုကို သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးကာ အိမ်ခန်းနေရာချထားရေး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ် သုခဝတီအိမ်ရာတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၃၀၀ အား ပထမအကြိမ် မဲနှိုက်နေရာချထားပေးခြင်းဖြစ်သည်။ (ဝဲပုံ) ဆက်လက်၍ ဝင်ငွေနည်းအမှုထမ်းများအတွက် အငှားအိမ်ရာများအပြင်၊ ဝင်ငွေနည်း ပြည်သူများကိုပါ နေရာချထားပေးနိုင်ရန် ပြည်သူ့အငှားအိမ်ရာစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မေလအထိ) (ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၅၃၃၀ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၉၂၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (မေလအထိ) (ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၈၇၄ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၄၅၆ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၃၃၀ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (မေလထိ)တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၂၈၀ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၁၂၃ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၄၀၃ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၅၉၄ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၁၃၃၃ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၂၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည်-**

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (မေလထိ)(ယာယီ) | ၂၀၁၈-၂၀၁၉ (မေလထိ) | နှိုင်းယှဉ်ချက် (တိုး(+)/ လျော့(-)) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၇၈၄.၅၂၁ | ၂၃၄၂.၉၃၉ | ၄၄၁.၅၈၂ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၆၁.၂၅၀ | ၂၉၈.၇၅၀ | (-) ၂၃၇.၅၀၀ |
| ၃ | ရေထွက်ပစ္စည်းများ | ၆၅၆.၈၁၁ | ၅၆၄.၃၂၂ | ၉၂.၄၈၉ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၂၄၇.၁၅၇ | ၁၀၇၈.၀၂၄ | ၁၆၉.၁၃၃ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၀၃.၈၅၅ | ၁၁၈.၄၃၂ | (-) ၁၄.၅၇၇ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၆၂၁၇.၉၉၄ | ၆၂၅၇.၄၃၄ | (-) ၃၉.၄၄၀ |
| ၇ | အခြားပစ္စည်းများ | ၈၀၂.၈၀၅ | ၆၂၀.၁၉၀ | ၁၈၂.၆၁၅ |
| | စုစုပေါင်း | ၁၁၈၇၄.၃၉၃ | ၁၁၂၈၀.၀၉၁ | ၅၉၄.၃၀၂ |

**ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည်-**

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (မေလထိ) (ယာယီ) | ၂၀၁၈-၂၀၁၉ (မေလထိ) | နှိုင်းယှဉ်ချက် (တိုး(+)/ လျော့(-)) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၅၂၄၄.၅၄၀ | ၃၈၄၁.၂၆၇ | ၁၄၀၃.၂၇၃ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၄၉၀၁.၁၄၂ | ၅၀၄၅.၀၃၁ | (-) ၁၄၃.၈၈၉ |
| ၃ | လူသုံးကုန်ပစ္စည်း | ၃၃၁၀.၇၀၁ | ၃၂၃၆.၉၇၀ | ၇၃.၇၃၁ |
| | စုစုပေါင်း | ၁၃၄၅၆.၃၈၃ | ၁၂၁၂၃.၂၆၈ | ၁၃၃၃.၁၁၅ |

# ကိုဗစ်-၁၉ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုလွှာများပေးအပ်

**နေပြည်တော် ဇွန် ၁၆**

ကိုဗစ်-၁၉ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များပေးအပ်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ ပံ့ပိုးခြင်းနှင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်ထားသော ကိုယ်ဝန်ဆောင်များ၊ အသက် ငါးနှစ်အောက်ကလေးများ၊ သက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေပေးခြင်းကို ယနေ့နံနက်ပိုင်းက မကွေးမြို့ ပညာရေးကောလိပ်နှင့် မကွေးမြို့ စက္ကတဲဘုရားကျောင်းဝင်းတို့၌ ဆောင်ရွက်သည်။

အခမ်းအနားသို့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မကွေးတိုင်းဒေသကြီး မကွေးမြို့ ပညာရေးကောလိပ်ဝင်းအတွင်းနှင့် မင်းဘူးမြို့ စက္ကတဲဘုရားကျောင်းဝင်းအတွင်းတို့၌ Quarantine Center များအဖြစ် ဖွင့်လှစ်ထားသည့် နေရာများသို့ ပြည်ထောင်စုဝန်ကြီးက အသွားအလာကန့်သတ်ထားရှိသူများအား ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံပေးအပ်ပြီး စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးအတွင်းရှိ အသွားအလာကန့်သတ်နေရာများတွင်ရှိသော ကိုယ်ဝန်ဆောင်မိခင် ၁၀၁ ဦး၊ အသက် ငါးနှစ်အောက် ကလေး ၂၆ ဦးနှင့် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ရှစ်ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၀၅၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီးက စခန်းတာဝန်ခံများထံသို့ ထောက်ပံ့ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက အဆိုပါ စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်များအား ကူညီဆောင်ရွက်မှုလုပ်ငန်းများတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ လိုအပ်ချက်များကိုမေးမြန်း၍ ကူညီပံ့ပိုးမည့်ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ယနေ့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က မကွေးတိုင်းဒေသကြီး မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ဂန့်ဂေါခရိုင်နှင့် ပခုက္ကူခရိုင်တို့ရှိ မြို့နယ် ၂၅ မြို့နယ်အတွင်းရှိ စုစုပေါင်း စေတနာ့ဝန်ထမ်း ၇၅၈၀၊ ပရဟိတအဖွဲ့ ၁၇၂ ဖွဲ့တို့အတွက် ပေးအပ်ခဲ့သည့် အသိအမှတ်ပြု ဂုဏ်ပြုလွှာများကို မကွေးတိုင်းဒေသကြီးအစိုးရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့်စိစစ်၍ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များလက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ပြီး စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ စာရင်းကျန်ရှိပါကလည်း ဂုဏ်ပြုခြင်းများ ထပ်မံဆောင်ရွက်ပေးမည် ဖြစ်သည်။

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ကာလ၏ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ရာ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံ၍ တစ်ဦး တစ်ဖွဲ့ချင်း ပေးအပ်ခြင်း၊ အခမ်းအနားဖြင့် ဂုဏ်ပြုပြောကြားခြင်းများကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ လိုအပ်ချက်များကို မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့မှ အဆင့်ဆင့် သတင်းရယူ၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာများနှင့် စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများ၏ စိစစ်မှုဖြင့် ဆက်လက်ဂုဏ်ပြုပေးအပ်သွားမည် ဖြစ်သည်။

ယနေ့ မကွေးတိုင်းဒေသကြီးအတွင်း စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ ပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေး လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အသွားအလာကန့်သတ်နေရာများရှိ ကိုယ်ဝန်ဆောင်၊ ကလေးငယ်နှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။

## ရေဦး တူးမြောင်းရေသောက်ဧရိယာတွင် ဆည်ရေကို စနစ်တကျသုံးစွဲရေး ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းပေး

**ရေဦး ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်အတွင်းရှိ ကာဘိုးဆည်၊ ရေဦးတူးမြောင်း ရေသောက်စနစ်တွင်ပါဝင်သည့် ကျေးရွာများတွင် ရေအသုံးချသူများအဖွဲ့ (WUG) ဖွဲ့စည်းပေးလျက်ရှိကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲလာမှုအကျိုးဆက်ကြောင့် သဖန်းဆိပ်ဆည်တွင် ဝင်ရေရရှိမှုလျော့နည်း၍ ဆည်အတွင်း ရေလက်ကျန်သိုလှောင်ပမာဏမှာ များစွာလျော့နည်းနေသဖြင့် နှစ်စဉ်နှစ်တိုင်း ဆည်ရေပေးဝေနေသည့် ဧရိယာထက်ဝက်ခန့်သာ လုံလောက်နိုင်သည့် အနေအထားရှိနေကြောင်း၊ ဆည်ရေ လေလွင့်မှုနည်းပါးပြီး စနစ်တကျသုံးစွဲတတ်စေရန်၊ တောင်သူအချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်၍ မျှတစွာ ခွဲဝေသုံးစွဲတတ်စေရန်အတွက် တောင်သူများပူးပေါင်းပါဝင် ဆည်မြောင်းစနစ်- (PIM) အကောင်အထည်ဖော်ရန် လယ်ကြားမြောင်းတစ်ခုချင်းစီအတွက် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းပေးလျက်ရှိကြောင်း ရေဦးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထံမှ သိရသည်။

သဖန်းဆိပ်ဆည်၏ မြောင်းကြီး လေးမြောင်း ရေသောက်စနစ်တွင် ပါဝင်သော ကာဘိုးဆည် ရေဦးတူးမြောင်းနှင့် ကင်းတပ်ရေလွှဲတမံ လက်ယာတူးမြောင်း ရေသောက်စနစ်ဧရိယာများရှိ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်မြို့နယ်များတွင် ယခုအချိန်ထိ ရေအသုံးချသူများအဖွဲ့ ၄၃ ဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ကာ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မွေးကြူဇင်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ ပါ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ ကာလ ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ သတင်းမှ ၂၀၂၀ ပြည့်နှစ်အတွင်း ဗဟိုဘဏ်၏ အတိုးနှုန်းကို တစ်နှစ်လျှင် ၇ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ပါကြောင်း **စာသားအစား** ၂၀၂၀ ပြည့်နှစ်အတွင်း ဗဟိုဘဏ်၏ အတိုးနှုန်းကို တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းသို့ ၃ ရာခိုင်နှုန်း လျှော့ချခဲ့ပါကြောင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့(သတင်းစဉ်)**

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မှု ဇွန်လကုန်ပြီးစီးမည်

**ရန်ကုန် ဇွန် ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက် (ရန်ကုန်) ကြီးကြပ်မှုဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အဆောက်အအုံ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန်လကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) တာဝန်ခံ ဦးသက်ဝင်းအောင်က ပြောသည်။

"ဗိုလ်ချုပ်ပြတိုက်ကို မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ပြတိုက်ဧည့်သည်အဝင်ကိုတော့ မတ် ၂၅ ရက်ကတည်းက လက်မခံခဲ့တာပါ။ လတ်တလောမှာတော့ လာမယ့် (၇၃)နှစ်မြောက် အာဇာနည်နေ့နဲ့ ပတ်သက်လို့ ညွှန်ကြားချက်တွေ မလာသေးပါဘူး။ အစီအစဉ်တွေဘာမှ မပြောသေးပါဘူး။ (၇၃) နှစ်မြောက် အာဇာနည်နေ့ကို ကျင်းပမယ်ဆိုရင်လည်း အဆင်သင့်ဖြစ်အောင်တော့ ဆောင်ရွက်ထားပါတယ်" ဟု တာဝန်ခံက ပြောသည်။

ယခုအခါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများကို MIEG ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများကို ဧပြီလဆန်းပိုင်းမှစတင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြတိုက်ကို ယခင်နှစ်ကလည်း လက်ရန်းပြုပြင်ခြင်းလုပ်ငန်း၊ ဆေးသုတ်ခြင်းလုပ်ငန်း အပါအဝင် အခြားမွမ်းမံမှုလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီး ယခုနှစ်တွင် အမိုးများ၊ ဆေးသုတ်ခြင်း လုပ်ငန်းများနှင့် အခြား မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက် (ရန်ကုန်)ကို ကိုဗစ်-၁၉ ကာလ မတိုင်မီက ပြည်တွင်းမှ မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာ ကြည့်ရှုခွင့်ပေးထားပြီး နိုင်ငံခြားသား တစ်ဦးလျှင် ငွေကျပ် ငါးထောင်နှုန်း ကောက်ခံခဲ့သည်။ တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက် များမှအပ ကျန်ရက်များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ လေ့လာကြည့်ရှုခွင့်ပြုခဲ့ပြီး နှစ်စဉ် အာဇာနည်နေ့နှင့် နောက်နှစ်ရက်တွင် နံနက် ၆ နာရီမှ ည ၆ နာရီအထိ လေ့လာခွင့်ပေးခဲ့သည်။ ပြီးခဲ့သော (၇၂) နှစ်မြောက် အာဇာနည်နေ့တွင် ပြည်တွင်းမှ လေ့လာသူ သုံးသောင်းကျော်အထိရှိခဲ့ပြီး နိုင်ငံခြားသား ၁၀၀ ကျော် လာရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက် (ရန်ကုန်) သည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို ၁ ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင် တာဝါလိန်းလမ်း)တွင် တည်ရှိပြီး မှတ်တမ်းများအရ ၁၉၂၁ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ယခုအခါ နှစ်ပေါင်း ၉၉ နှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

## ၂၀၂၀ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ဒီဇင်ဘာတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်

**ရန်ကုန်  ဇွန်  ၁၆**

မြန်မာကလပ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၀ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံ နခွန်ရတ်ချက်စီမာမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် MFF Open Cup ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် MIU အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည်။ သို့သော် MIU အသင်းသည် ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲပြီး ၂၀၂၀ အာရှကလပ်ဖူဆယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားရာ ပြိုင်ပွဲတစ်ခုသာ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ညှိနှိုင်းကာ ရွေးချယ်သွားမည်ဖြစ်သည်။ MIU အသင်း ဝင်ရောက်မယှဉ်ပြိုင်ပါက ဒုတိယဆုရရှိသည့် VUC အသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာကလပ်အသင်းများသည် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ မြန်မာကလပ်အသင်းများအနက် MIU အသင်းက ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈၊ ၂၀၁၉ ပြိုင်ပွဲ၊ PU အသင်းက ၂၀၁၇ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ MIU (ယခင် MIC) အသင်းက ဝင်ရောက်ယှဉ်ပြိုင်သည့် လေးကြိမ်စလုံး တတိယဆုရရှိခဲ့သည်။ ပြိုင်ပွဲ ငါးကြိမ်စလုံးတွင် ထိုင်းကလပ်အသင်းများက ဗိုလ်စွဲခဲ့ပြီး Port အသင်းက ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သုံးကြိမ်ဆက် ဗိုလ်စွဲကာ ဗန်ကောက် BTS အသင်းက ၂၀၁၈ ခုနှစ်၊ ချောင်ဘူရီအသင်းက ၂၀၁၉ ခုနှစ်တွင် ဗိုလ်စွဲခဲ့သည်။

ယင်းပြိုင်ပွဲကို အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကြောင့် နောက်ဆုတ်ခဲ့ရပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံနှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့ ဆွေးနွေးပြီးနောက် ကျင်းပမည့်ရက်ကို သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

◆ *ကျော်ဖုံးမှ*

ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ ကစားသမားနှစ်ဦးအတွက် ပြောင်းရွှေ့ကြေး ပေါင် ၇၁ ဒသမ ၈ သန်း (ယူရို သန်း ၈၀) သတ်မှတ်ထားကြောင်း သိရသည်။ ထို့ကြောင့် ဂျူဗင်တပ်စ်အသင်းအနေဖြင့် အဆိုပါ ကစားသမားနှစ်ဦးကို ခေါ်ယူနိုင်ရန်အတွက် ငွေသားအပြင် ကစားသမားနှစ်ဦးပါ အလိုက်ပေးကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းက အလိုက်ပေးကမ်းလှမ်းလိုသည့် ကစားသမားနှစ်ဦးမှာ ဘာနာဒက်စ်ချီနှင့် ရာဘီရော့တို့ ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းကလည်း ဘာနာဒက်စ်ချီကို ပေါင် ၃၁ ဒသမ ၄ သန်း၊ ရာဘီရော့ကို ပေါင် ၂၂ ဒသမ ၅ သန်း သတ်မှတ်ထားသည်။ ထို့ကြောင့် အဆိုပါ ကစားသမားနှစ်ဦးအပြင် နောက်ထပ် ငွေသားသက်သက် ပေါင် ၁၈ သန်း အလိုက်ပေးကမ်းလှမ်းရန် စီစဉ်နေခြင်းဖြစ်သည်။

အလွန်ဆိုသည့် ၂၀၁၆ ခုနှစ်တွင် ဖီအိုရင်တီးနားအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ချယ်လ်ဆီးအသင်းနှင့်အတူ အဓိကဖလား သုံးလုံးရရှိအောင် ကူညီပေးထားနိုင်ကြောင်း သိရသည်။ သို့သော်လည်း နောက်ပိုင်းတွင် ဘယ်ခံစစ်နေရာတွင် အီမာဆင်ရောက်ရှိလာပြီးနောက် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းသည် လက်ရှိတွင် အိုင်းယက်စ်ကစားသမား ဇီယက်ကို အသင်းသို့ ခေါ်ယူထားနိုင်ပြီး ဖြစ်သည်။ လိုက်ပ်ဇစ်အသင်းမှ တီမိုဝါနာကိုလည်း ငါးနှစ်စာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း သိရသည်။ နောက်ဆုံးထွက်ပေါ်လာသောသတင်းများအရ တီမိုဝါနာ၏ အပြောင်းအရွှေ့သည် ယခုသီတင်းပတ်တွင် အပြီးသတ်ဖွယ်ရှိနေသည်။ ထို့အပြင် ချယ်လ်ဆီးအသင်းသည် ဘရန့်ဖို့ဒ်အသင်းမှ ဘင်ရာမာကို ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်းလည်း သိရသည်။ ဘင်ရာမာသည် ၂၀၁၈ ခုနှစ်တွင် နိုက်စ်အသင်းမှ ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး အသင်းအတွက် ၇၉ ပွဲတွင် ၂၁ ဂိုးသွင်းယူပေးထားနိုင်ကာ ၂၅ ကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

နည်းပြ ဆာရီ၏ ဂျူဗင်တပ်စ်အသင်းသည် ကိုပါအီတာလီယာဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် နာပိုလီအသင်းနှင့် လာမည့် ဇွန် ၁၈ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ရိုးမားအိမ်ကွင်း၌ တံခါးပိတ်ယှဉ်ပြိုင်ကစားသွားတော့မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇော်**

## မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၁၆**

သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၂ ရက်မှ ၁၄ ရက်အတွင်း ကလေးမြို့နယ် ရာဇဂြိုလ်ရွာအနီး ခြောက်ဘီးယာဉ်ပေါ်မှ မအူလက်တံရှည်သစ် သုံးတန်၊ ကသာမြို့နယ် ရွှေလီမြစ်အတွင်းနှင့် မြစ်ကမ်းနေရာတို့မှ ကျွန်းသစ် လုံးပတ် သုံးပေအောက် ၂၃ တန်၊ ပန်းတောင်းမြို့နယ် ကျောက်ဖူးချောင်းအနီးမှ ကျွန်းခွဲသား ၁၁ တန်၊ ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာအနီး ယာဉ်ပေါ်မှ ကျွန်း၊ ပျဉ်းကတိုး တံခါးချပ်၊ ကျဉ်းခွေ တစ်တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် သပိတ်ကျင်းမြို့နယ် တကောင်းလမ်းဆုံ မိုင်တိုင်အမှတ် (၄၄/၃) အနီး မော်တော်ယာဉ်ပေါ်မှ ပျဉ်းကတိုး၊ သစ်ရာခွဲသား ခြောက်တန်နှင့် ပြစ်မှုကျူးလွန်သူ သုံးဦး၊ စေတုတ္တရာမြို့နယ် စလင်း-စေတုတ္တရာကားလမ်း ညောင်အိုင်ကျေးရွာအဝင် ယာဉ်ပေါ်မှ ပျဉ်းကတိုးသစ် နှစ်တန်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ကန့်ဘလူမြို့နယ် ရွှေဘို- မြစ်ကြီးနားကားလမ်းမိုင်တိုင်အမှတ်(၄၃/၀)အနီး ခြောက်ဘီးယာဉ်ပေါ်မှ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ အင်၊ ယမနေ၊ သဒီခွဲသား ခြောက်တန်နှင့် ပြစ်မှုကျူးလွန်သူ သုံးဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

## MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ဇူလိုင် ၂၀ ရက် စတင်ရန်စီစဉ်

**ရန်ကုန် ဇွန် ၁၆**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၀ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ကို ဇူလိုင် ၂၀ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီတွင် ပြန်လည်ကျင်းပမည့်ပြိုင်ပွဲများအနက် MNL-2 ပြိုင်ပွဲလည်းပါဝင်ပြီး ပထမအကျော့အပြီးတွင် ရပ်နားထားသောကြောင့် ဒုတိယအကျော့ပွဲစဉ်များကိုသာ ဆက်လက်ကျင်းပရမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်အဖြစ် ပွဲပေါင်း ၂၈ ပွဲ ကျင်းပရမည်ဖြစ်ပြီး ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဒုတိယ အကျော့ပွဲစဉ်များကို ပဒုမ္မာ၊ စလင်းနှင့် တောင်ဒဂုံကွင်းတို့၌ ကျင်းပမည်ဖြစ်ပြီး ဇူလိုင်လတွင် သုံးပွဲ၊ ဩဂုတ်တွင် လေးပွဲကစားရမည်ဖြစ်သည်။ ပထမအကျော့ အပြီး အနေအထားအရ ချန်ပီယံဆုအတွက် Junior Lions အသင်း၊ Chinland အသင်းနှင့် မြဝတီအသင်းတို့ အပြိုင်ဖြစ်နေပြီး ယင်းသုံးသင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲများမှာ အဆုံးအဖြတ်ဖြစ်လာဖွယ်ရှိနေသည်။ ဒုတိယအကျော့အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ဇူလိုင် ၂၀၊ ၂၁ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရာသီဝက်ချန်ပီယံ Junior Lions အသင်းသည် ကချင်ယူနိုက်တက်အသင်းနှင့် အဖွင့်ပွဲကစားရမည်ဖြစ်သည်။

ပထမအကျော့အပြီးတွင် Junior Lions အသင်း၊ Chinland အသင်းနှင့် မြဝတီအသင်းတို့မှာ ၁၈ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်ဖြင့် Junior Lions အသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နေကာ Chinland အသင်းက ဒုတိယ၊ မြဝတီအသင်းက တတိယနေရာတွင် ရပ်တည်နေသည်။

**ညီမြတ်သော်တာ**

## ဟုမ္မလင်း၊ မြိတ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၅ ရက် နံနက် ၁၁ နာရီခွဲက ဟုမ္မလင်းမြို့နယ် ကိုးထောင်ကျေးရွာနေ မခင်လှ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၆၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၁၅၀၊ မြန်မာငွေကျပ် ၁၁၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ည ၇ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြိတ်မြို့ တလိုင်းစုရပ်ကွက် ဆိပ်ကမ်းလမ်း အမှတ်(၁) ဆိပ်ခံတံတားအနီးတွင် ဝင်းနိုင် (ခ) ကုလား မောင်းနှင်ပြီး ဇော်မိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၊ ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊

ထို့အတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု တာချီလိတ်-မိုင်းဆတ် သွားကားလမ်း မြို့ဝင်ဆိုင်းဘုတ်အနီးတွင် တွေ့ရှိသူ အိုက်ယုံ ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



မခင်လှအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မောင်တောမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ




**နေပြည်တော်  ဇွန်  ၁၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၁၄ ရက် ညနေပိုင်းက ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်း (အလယ်ရွာ)နေ မောင်ဖြူ၏နေအိမ်မှ ငွေကျပ် ၁ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။ (ဝဲပုံ)

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၁၄ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က မောင်တောမြို့နယ် ကြိမ်ချောင်း (အလယ်ရွာ) နေ မောင်ဖြူ၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ နေအိမ် အနောက်ဘက် နံရံဘေးမှ ငွေကျပ် ၁ ဘီလီယံ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၄၅၀၀၊ နေအိမ်ခြံဝင်းအတွင်းမှ Isuzu Bighorn အမျိုးအစား ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိသဖြင့် မောင်ဖြူ (၄၃ နှစ်)အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်လျက်ရှိ


**နေပြည်တော်  ဇွန်  ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၅ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉၉ စီး၊ သွင်းကုန် ၂၁၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅၃၄ သန်း တန်ဖိုးရှိ PSI စလောင်းနှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်(အချိုရည်) များကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# အမေရိကန်နှင့် တရုတ်တို့ ဟာဝိုင်ယီတွင် တွေ့ဆုံမည်



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမိုက်ပွန်ပီအိုနှင့် တရုတ်ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ယန်ဂျီချီတို့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလက ဝါရှင်တန်အစည်းအဝေးတွင် တွေ့ဆုံနှုတ်ဆက်နေစဉ်။

ဝါရှင်တန် ဇွန် ၁၆

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် တရုတ်ထိပ်တန်းအရာရှိတစ်ဦးနှင့် ဟာဝိုင်ယီ၌ လာမည့် ဗုဒ္ဓဟူးနေ့တွင် တွေ့ဆုံသွားမည်ဖြစ်ပြီး ယင်းသို့တွေ့ဆုံမှုသည် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ နှစ်နိုင်ငံ တင်းမာမှုများ မြင့်တက်ပြီးနောက်ပိုင်း ပထမဆုံးတွေ့ဆုံမှုဖြစ်သည်။**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် တရုတ်နိုင်ငံ နိုင်ငံခြားရေးမူဝါဒ ထိပ်တန်းအရာရှိတစ်ဦး ဖြစ်သူ ယန်ဂျီချီနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း တရုတ်သတင်းစာ တစ်စောင်ဖြစ်သော သည်ဆောက် ချိုင်းနားမောနင်းပို့စ်တွင်လည်း ဖော်ပြထားသည်။

အမေရိကန် မီဒီယာကုမ္ပဏီများဖြစ်ကြသော ပေါ်လစ်တီကိုနှင့် စီအင်န်အင်န်တို့က တွေ့ဆုံဆွေးနွေးမှုအတွက် အစီအစဉ်များကို ဖော်ပြခဲ့ကြသည်။ စီအင်န်အင်န်က နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုကို ပုလဲဆိပ်ကမ်းဘေးရှိ ဟစ်ကမ်လေတပ် အခြေစိုက်စခန်းတွင် ပြုလုပ်မည်ဟု ဖော်ပြခဲ့သည်။

အဆိုပါ ဖော်ပြမှုနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားခြင်း မရှိသေးပေ။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇောင်လီကျန်က နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှု အထမြောက်ခဲ့ပါက အချက်အလက်အသေးစိတ်များကို ပိုမိုပေးသွားမည် ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးကို သံတမန်လမ်းကြောင်းဖြင့် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဂလိုဘယ်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

ယခုတွေ့ဆုံမှုဖြစ်မြောက်ခဲ့ပါက ဇန်နဝါရီလမှစကာ တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟဲနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ အိမ်ဖြူတော်တွင် ကုန်သွယ်ရေး ဆိုင်ရာ တင်းမာမှုကို အဆုံးသတ်စေမည့် သဘောတူညီချက် ပထမအဆင့်ရေးထိုးပြီးနောက်ပိုင်း နှစ်နိုင်ငံ အဆင့်မြင့် အရာရှိကြီးများ လူချင်းတွေ့ဆုံမှုပထမဆုံးဖြစ်ပေါ်ခဲ့သည်ဟု ပြောရမည်ဖြစ်သည်။

အေအက်ဖ်ပီ

# တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် တစ်ကျော့ပြန် ကူးစက်လာခြင်းကို စိုးရိမ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲပြော

**ဂျီနီဗာ ဇွန် ၁၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ထပ်မံဖြစ်ပွားလာသည့် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်ကြောင်း ဇွန် ၁၆ ရက်က ဖော်ပြလိုက်သည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ် အာဒါနွန် ဂီဘရီယက်စ်ဆုစ်

တရုတ်နိုင်ငံ ပေကျင်းရှိ အဓိက အစားအစာရောင်းချသည့် ဈေးကို သွားရောက်ခဲ့သူများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားခဲ့သည်ဟု အတည်ပြုပြီးနောက်ပိုင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရော့စ် အာဒါနွန် ဂီဘရီယက်စ်ဆုစ်က သတင်းထောက်များကို ထိုသို့ ပြောကြားလိုက်သည်။

တက်ဒရော့စ်က ရက်ပေါင်း ၅၀ တိုင်တိုင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မတွေ့ခဲ့သည့် ပေကျင်းမြို့တွင် ဖြစ်ပွားခဲ့သော အစုလိုက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရခြင်းကို လွန်ခဲ့သော သီတင်းပတ်က အတည်ပြုဖော်ပြခဲ့ကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက် ခံရသူ ၁၀၀ ကျော်ရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်ကျန်းမာရေး အစီအစဉ်အကြီးအကဲဖြစ်သူ မိုက်ကယ်ရန်က အစုလိုက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု ထပ်မံဖြစ်ပွားခြင်းက အမြဲတမ်းစိုးရိမ်စရာကောင်းသော ကိစ္စတစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် ၎င်းတို့၏ ဇာစ်မြစ်ကို မသိရသည့်အခါ ပို၍ပင် စိုးရိမ်ဖွယ်ကောင်းကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် ရန်က ပေကျင်းမြို့သည် မြို့ကြီးတစ်မြို့ ဖြစ်သောကြောင့် အမြဲတမ်း စိုးရိမ်ပူပန်နေရကြောင်း ဆက်လက်ပြောကြားလိုက်သည်။

အဆိုပါကိစ္စကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျွမ်းကျင်မှုများကို ပိုမိုထောက်ပံ့ပေးမည်ဖြစ်သလို တရုတ်နိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးတွင်လည်း ကူးစက်ရောဂါ ပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ပညာရှင်များက အဆိုပါကိစ္စကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဟွာဝေးကုမ္ပဏီနှင့်အတူ ဆက်လက်လုပ်ကိုင်ရန် အမေရိကန် ကုမ္ပဏီများကို ခွင့်ပြု

**ဝါရှင်တန် ဇွန် ၁၆**

၅ဂျီ ကွန်ရက်အတွက် နည်းပညာကုမ္ပဏီဖြစ်သည့် ဟွာဝေးကုမ္ပဏီက ဦးဆောင်ကာ ကျင်းပမည့် ဆွေးနွေးပွဲတွင် အမေရိကန်ကုမ္ပဏီများအား အစိုးရက ပါဝင်ခွင့်ပြုမည်ဟု သိရသည်။

**ခွင့်ပြုသွားမည်**

အမေရိကန် ကုန်သွယ်ရေးဌာနက ဇွန် ၁၅ ရက်တွင် စည်းမျဉ်းသစ်များကို ကြေညာခဲ့သည်။ အဆိုပါ ပြောင်းလဲမှုကြောင့် ဆွေးနွေးပွဲတွင် အမေရိကန်ကုမ္ပဏီများသည် ဟွာဝေးသို့ ၎င်းတို့၏ နည်းပညာများကို ကုန်သွယ်ရေးဝန်ကြီးဌာန၏ ထောက်ခံချက်တောင်းခံရန်မလိုဘဲ ခွင့်ပြုသွားလိမ့်မည်ဖြစ်သည်။

**အခက်ကြုံတွေ့ရ**

မူလစည်းမျဉ်းအရ ဟွာဝေးကုမ္ပဏီသို့ အမေရိကန်ကုမ္ပဏီများက နည်းပညာဆိုင်ရာ ထောက်ပံ့ပေးမှုကို တားမြစ်ထားသည့်အတွက် တစ်ကမ္ဘာလုံးစံချိန်မီ ၅ ဂျီ ကွန်ရက်အတွက် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးမှုများ၌ ပါဝင်ရန် အခက်အခဲ ကြုံတွေ့နေရသည်။

**လက်လျှော့ပေးမည်မဟုတ်**

ဟွာဝေးကုမ္ပဏီက နောက်ထပ်ကမ္ဘာ့အနှံ့ရှယ်ယာများ တိုးချဲ့မည်ကိုလည်း အမေရိကန် စီးပွားရေးသမားများက စိုးရိမ်နေကြသည်။ အမေရိကန်ပြည်ထောင်စုသည် ၅ ဂျီ ကွန်ရက် နောက်တွင် ကျန်ရစ်ခဲ့မည်ကိုလည်း စိုးရိမ်နေကြသည်။ အမေရိကန် ကုန်သွယ်ရေးဝန်ကြီး ဝေးလ်ဘာရိုစ် ကလည်း အမေရိကန်သည် တစ်ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှုတွင် ခေါင်းဆောင်မှုကို လက်လျှော့ပေးမည်မဟုတ်ဟု ပြောကြားခဲ့သည်။

ဆင်ဟွာ

# နည်းပညာနှင့်ကုန်ကျစရိတ်ကြောင့် ဒုံးခွင်းဒုံး ဖြန့်ကြက်မှုကိုရပ်ဆိုင်းရန် ဂျပန်ဆုံးဖြတ်

**တိုကျို ဇွန် ၁၆**

နိုင်ငံအတွင်း မြေပြင်အခြေစိုက် အေးဂျစ်အက်စ်ရှော ဒုံးခွင်းဒုံးစနစ် ဖြန့်ကြက်ရာတွင် နည်းပညာဆိုင်ရာ ပြဿနာများနှင့် ကုန်ကျစရိတ်ကြီးမြင့်မှုကြောင့် ဖြန့်ကြက်မှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်သည်။

ဒုံးကျည် အန္တရာယ်ကင်းကင်း ကျဆင်းနိုင်ရန် နည်းပညာလိုအပ်ချက်ရှိနေသည်ကို မိမိတို့အနေဖြင့် တွေ့ရှိခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တာရိုကိုနိုက ပြောကြားလိုက်သည်။

နည်းပညာပိုင်းမပါဝင်ဘဲ ကတိပေးထားသလို ဒုံးကျည်၏တချို့အပိုင်းအစများသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ လေ့ကျင့်မှုနေရာအတွင်းသို့မဟုတ် ပင်လယ်အတွင်း ကျရန်ဆိုသည်မှာ အခက်အခဲဖြစ်နေကြောင်း ကာကွယ်ရေးဝန်ကြီး တာရိုကိုနိုက ပြောကြားလိုက်သည်။

သတ်မှတ်ထားသော ဒုံးကျည်ဖြန့်ကြက်မှုနှင့် ပတ်သက်ပြီး ကျိုးကြောင်း ဆီလျော်မှု မရှိသေးကြောင်းနှင့် အဆိုပါပြဿနာကို ဖြေရှင်းရာတွင် ကုန်ကျမည့်စရိတ်နှင့် အချိန်ကြန့်ကြာမှုကိုလည်း ၎င်းက ဆက်လက်ပြောသည်။ ဒုံးကျည်ဖြန့်ကြက်မှုနှင့် ပတ်သက်ပြီး လတ်တလောတွင် မဖြစ်နိုင်သေးဘဲ လာမည့် ၂၀၂၅ ခုနှစ် အစောဆုံးဖြစ်နိုင်ကြောင်းလည်း တာရိုကိုနိုက ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို ပြောကြားထားသည်။

ဒုံးကျည်နှင့် ပတ်သက်ပြီး ပြုပြင်ပြောင်းလဲခြင်းမပြုလုပ်ဘဲ ဖြန့်ကြက်ရန် သင့်တော်သည့်နေရာ ရှာဖွေရခြင်းတွင်လည်း အခက်အခဲများရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအရာရှိများက ဝန်ခံပြောကြားသည်။ ကုန်ကျစရိတ်နှင့် အချိန်အဆင်သင့် မဖြစ်သေးမှုကြောင့် ဒုံးကျည်ဖြန့်ကြက်မှုကို ခဏတာ ရပ်ဆိုင်းထားမည် ဖြစ်ကြောင်း ကိုနိုက သတင်းထောက်များကို ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ကာကွယ်ရေးဝန်ကြီး တာရိုကိုနို

# နယူးဇီလန်နိုင်ငံတွင် သုံးပတ်ကျော်ကာလအတွင်း ကိုဗစ် - ၁၉ ကူးစက်မှု ပြန်လည်တွေ့ရှိ

**ဝယ်လင်တန် ဇွန် ၁၆**

နယူးဇီလန်နိုင်ငံတွင် ဇွန် ၁၆ ရက်က ကိုဗစ် – ၁၉ ကူးစက်ခံရမှုများ ပြန်လည်တွေ့ရှိခဲ့သည်။ ဗြိတိန်နိုင်ငံမှပြန်လာသည့် အမျိုးသမီးနှစ်ဦးတွင် ကူးစက်ခံရမှု တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၂၄ ရက်ကြာ ကိုဗစ် – ၁၉ လူနာမတွေ့ရှိရသည့် အခြေအနေကို အဆုံးသတ်သွားခဲ့သည်။

နယူးဇီလန်နိုင်ငံသည် မတ်လအတွင်းမှစတင်ကာ နယ်စပ်များကို ပိတ်ထားခဲ့ပြီး ကိုဗစ် – ၁၉ ကူးစက်ခံရမှုကို တိုက်ဖျက်ရန် ကြိုးပမ်းခဲ့သည်။ နိုင်ငံရပ်ခြားမှ ပြန်လာသူများသည် အစိုးရက စီစဉ်ပေးသည့်နေရာတွင် ၁၄ ရက်ကြာ သီးသန့်ခွဲနေရန်လိုအပ်သည်။

သို့သော်လည်း အသက် ၃၀ ဝန်းကျင် အမျိုးသမီးတစ်ဦးနှင့် အသက် ၄၀ ဝန်းကျင် အမျိုးသမီးတစ်ဦးတို့မှာ ဝယ်လင်တန်မြို့ရှိ သေအံ့ဆဲဆဲ မိဘများထံ သွားရောက်နိုင်ရန် အော့ကလန်ရှိ သီးခြားခွဲထားရေးစင်တာမှ စောစောထွက်ခွာခွင့်ရခဲ့သည်။

နောက်ထပ်ကူးစက်မှုတွေ့ရှိခြင်းကို မလိုလားသော်လည်း ဖြစ်ပွားလာပါက လုပ်ဆောင်မည့်အစီအစဉ်များကို ပြင်ဆင်ထားကြောင်း နယူးဇီလန် ကျန်းမာရေးညွှန်ကြားရေးမှူးချုပ် အက်ရှ်လေဘလွန်းဖီးက ပြောသည်။ နယူးဇီလန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရသူ ၁၅၀၆ ဦး ရှိပြီး လူ ၂၂ ဦး သေဆုံးခဲ့ရသည်။

ကျိူဒိုနယူးစ်



လက်ဒါ့ခ်ခရိုင်ရှိ ပန်းဂွန်ရေကန်ကို တွေ့ရစဉ်။

# တရုတ်နှင့် အိန္ဒိယနယ်စပ်တပ်ဖွဲ့တို့အကြား ပဋိပက္ခများ ဖြစ်ပွား

**နယူးဒေလီ ဇွန် ၁၆**

တရုတ်နယ်စပ်တွင် အိန္ဒိယတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရသည်ဟု အိန္ဒိယတပ်ဖွဲ့က ဇွန် ၁၆ ရက်တွင် ပြောကြားခဲ့သည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် နယ်စပ်တွင် နောက်ထပ်တပ်ဖွဲ့ဝင်များ ထောင်နှင့်ချီပြီး တပ်ဖြန့်ချထားပြီးနောက် ပြီးခဲ့သည့်သီတင်းပတ်များအတွင်း နှစ်ဖက်အကြား တင်းမာမှု မြင့်တက်ခဲ့ရသည်။

နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နှစ်နိုင်ငံသည် နယ်စပ်ရှိ အငြင်းပွားဖွယ်ဖြစ်နေသည့် ၃၅၀၀ ကီလိုမီတာတစ်လျှောက်တွင် မကြာခဏဆိုသလို ပဋိပက္ခဖြစ်ပွားလေ့ရှိသော်လည်း ဆယ်စုနှစ်များစွာအတွင်း လူသေဆုံးမှုမျိုး မရှိခဲ့ပေ။

အိန္ဒိယပိုင် လက်ဒါ့ခ်နှင့်တရုတ်နိုင်ငံ တိဘက်တို့ကြားရှိ ဟိမဝန္တာနယ်စပ်တွင် ဇွန် ၁၅ ရက်က အခင်းဖြစ်ပွားခဲ့ပြီး တရုတ်နှင့်အိန္ဒိယ နှစ်ဖက်စလုံးတွင် ထိခိုက်မှုများရှိကြောင်း အိန္ဒိယတပ်ဖွဲ့က ပြောသည်။

ဇွန် ၁၅ ရက် ညပိုင်းတွင် နှစ်ဖက်စလုံး ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပွားခဲ့ပြီး အိန္ဒိယဘက်မှ အရာရှိတစ်ဦးနှင့် တပ်သားနှစ်ဦးတို့ အသက်ဆုံးရှုံးခဲ့ရသည်ဟု အိန္ဒိယတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

လက်ရှိအခြေအနေများကို ထိန်းသိမ်းနိုင်ရေး နှစ်ဖက်စလုံးမှ ထိပ်တန်းအရာရှိကြီးများ ဆွေးနွေးနေကြသည်။ အခင်းဖြစ်ပွားသည့်နေ့တွင် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် လုံးထွေးသတ်ပုတ်ခြင်းဖြစ်ပွားခဲ့ခြင်းသာဖြစ်ကြောင်း အရာရှိတစ်ဦးက ရှင်းပြသည်။

တရုတ်နိုင်ငံဘက်မှလည်း ဇွန် ၁၅ ရက်က ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သော်လည်း သေဆုံးမှု ရှိ မရှိကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

**အေအက်ဖ်ပီ**

## ကိုဗစ်- ၁၉ကြောင့် ဖြစ်ရသည့် အလုပ်အကိုင်ဆုံးရှုံးမှုကြောင့် ဗြိတိန်၌ အလုပ်လက်မဲ့ပမာဏ သုံးသန်းနီးပါးဖြစ်လာ

**လန်ဒန် ဇွန် ၁၆**

ဗြိတိန်နိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာခြင်းနှင့်အတူ အလုပ်လက်မဲ့ပမာဏမှာလည်း နှစ်ဆကျော် မြင့်တက်လာလျက်ရှိကြောင်း ဇွန် ၁၆ ရက်တွင် ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် သုံးလတာအတွင်း ဗြိတိန်၏အလုပ်လက်မဲ့ပမာဏသည် ၂ ဒသမ ၈ သန်းအထိ မြင့်တက်လာခဲ့သည်။ နိုင်ငံတစ်ဝန်း အဝင်အထွက် ကန့်သတ် ပိတ်ဆို့မှုများ တင်းကျပ်စွာ ချမှတ်လိုက်ပြီး အရောင်းဆိုင်များနှင့် စီးပွားရေးလုပ်ငန်းများကို ပိတ်သိမ်းခဲ့ရချိန်တွင် ထိုသို့မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း အမျိုးသား ကိန်းဂဏန်းအချက်အလက်ဆိုင်ရာရုံးမှ ဖော်ပြခဲ့သည်။

စီးပွားရေး လှုပ်ရှားမှုများ ရပ်နားထားရချိန်တွင် အလုပ်လက်မဲ့ဖြစ်ပွားမှု စံချိန်တင်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ဗြိတိန်တစ်နိုင်ငံလုံး အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုကို မတ် ၂၃ ရက်က ချမှတ်ခဲ့ပြီး ယခုလတွင် ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ပေးလျက်ရှိသည်။

**အေအက်ဖ်ပီ**

# ဩစတြေးလျနိုင်ငံသားများ၏ သုံးပုံတစ်ပုံလောက်က အွန်လိုင်းပေါ်မှ သတင်းတုများနှင့် ပတ်သက်၍ စိုးရိမ်နေရ

**ကင်ဘာရာ ဇွန် ၁၆**

ဩစတြေးလျနိုင်ငံသားအများစုက အွန်လိုင်းပေါ်မှသတင်းတုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေရကြောင်း စစ်တမ်းကောက်ယူမှုတစ်ရပ်တွင် ဖော်ပြသည်။

ကင်ဘာရာတက္ကသိုလ်နှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့က ပြုလုပ်ခဲ့သည့် လေ့လာမှုစစ်တမ်းအရ ဩစတြေးလျနိုင်ငံသားများ၏ ၅၈ ရာခိုင်နှုန်းလောက်က လူမှုကွန်ရက်စကြီ်များအနေဖြင့် လိမ်လည်လှည့်ဖြားနေသည့် နိုင်ငံရေးကြော်ငြာများကို ပိတ်ပင်သင့်သည်ဟု ယူဆကြောင်း ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံသားသုံးပုံနှစ်ပုံနီးပါးက ၎င်းတို့အနေဖြင့် အင်တာနက်ပေါ်တွင် မည်သည့်သတင်းက အစစ်အမှန်ဖြစ်ပြီး မည်သည့်သတင်းက သတင်းမှားဖြစ်သည်ဆိုသည့်အပေါ် စိုးရိမ်မိကြောင်း ပြောကြားခဲ့သည်။

ကိုဗစ်- ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကာလအတွင်း ဩစတြေးလျသတင်းမီဒီယာများအပေါ် လူထု၏ယုံကြည်မှု ၅၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ယခင်နှစ်နွေရာသီ တောမီးလောင်မှု ဖြစ်ပွားသည့်အချိန်က ၃၈ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း လေ့လာမှုများတွင် ဖော်ပြသည်။

ပြီးခဲ့သည့် တစ်နှစ်ကျော်အကြာက ဩစတြေးလျနိုင်ငံအတွင်း သတင်းမီဒီယာဖတ်ရှုလေ့လာသူ အရေအတွက် တိုးပွားလာခဲ့ပြီး သတင်းဖတ်ရှုသူ ၃၉ ရာခိုင်နှုန်းက သတင်းများကို ဖေ့စ်ဘွတ်မှရယူခဲ့ကြကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ဩစတြေးလျ၌ အင်တာနက်အသုံးပြုနေသည့် လူငယ်အချို့ကို တွေ့ရစဉ်။

# စင်ကာပူနိုင်ငံက ကိုဗစ်- ၁၉ ကာကွယ်ဆေး လူ၌စမ်းသပ်ခြင်းကို ဩဂုတ်လတွင် စတင်မည်




**စင်ကာပူ ဇွန် ၁၆**

အမေရိကန်ရှိ Arcturus Therapeutics ကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို စင်ကာပူဆေးပညာရှင်များက လူ၌စမ်းသပ်မည့်အစီအစဉ် လာမည့် ဩဂုတ်လတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးကို ကြွက်ဖြင့် စမ်းသပ်ခဲ့ရာတွင် ကနဦးရလဒ်အချို့ ထွက်ပေါ်လာခဲ့ပြီးနောက်တွင် လူ၌ ထပ်မံစမ်းသပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်- ၁၉ ကူးစက်ရောဂါအတွက် ကာကွယ်ဆေး အမျိုးပေါင်း ၁၀၀ ကျော်ကို တီထွင်ထုတ်လုပ်လျက်ရှိပြီး စမ်းသပ်မှုအမျိုးမျိုး ပြုလုပ်နေကြသည်။

စင်ကာပူရှိ Duke- NUS ဆေးကျောင်းမှ အကဲဖြတ် စစ်ဆေးပြီးသော အဆိုပါ ကာကွယ်ဆေးသည် လူ့ဆဲလ်များအား ကိုယ်ခံအား တုံ့ပြန်မှုကို ဖြစ်ပေါ်စေသည့် တိကျသော ကိုရိုနာဗိုင်းရပ်စ် ပရိုတိန်းများ ပြုလုပ်ရန် ညွှန်ကြားထားသော Messenger RNA(mRNA)နည်းပညာကို အသုံးပြုထားကြောင်း သိရသည်။

အမေရိကန် ဇီဝနည်းပညာကုမ္ပဏီ Moderna က အဆိုပါ နည်းပညာဖြင့် ချဉ်းကပ်မှုကို မည်သည့်ဆေးဝါးအတွက်မှ အတည်မပြုရသေးသည့်အတွက် ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ ပိုမိုလေ့လာရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ စင်ကာပူနိုင်ငံသည် အာရှတိုက်တွင် ရောဂါကူးစက်မှု အမြင့်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ရောဂါဖြစ်ပွားမှု ၄၀၀၀၀ ကျော်ရှိသည်။

**ဘန်ကောက်ပို့စ်**

## စင်ကာပူနိုင်ငံတွင် အဆင့် ၂ ဖြေလျှော့မှုအတွင်းသို့ ရောက်ရှိလာတော့မည်

**စင်ကာပူ ဇွန် ၁၆**

စင်ကာပူနိုင်ငံ၌ ဇွန် ၁၈ ရက် ည ၁၁ နာရီ ၅၉ မိနစ်တွင် အဆင့် ၂ ဖြေလျှော့မှု ပြုလုပ်ကာ စီးပွားရေးလုပ်ငန်းအချို့ ပြန်လည်လုပ်ကိုင်ခွင့်ပေးရန် ဝန်ကြီးဌာနပေါင်းစုံ လုပ်ငန်းအဖွဲ့က ဆုံးဖြတ်ချက်ချခဲ့သည်။ အချို့သောလုပ်ငန်းများကိုမူ ချန်လှပ်ထားဦးမည်ဖြစ်သည်။

### သတင်းထုတ်ပြန်ခဲ့

ကုန်စည်လက်လီ ဖြန့်ဖြူးရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ပြီး အစားအသောက်နှင့် အဖျော်ယမကာများကို ဆိုင်များတွင် ထိုင်စားခွင့် ပြန်ပေးမည်ဖြစ်ကာ ပန်းခြံများ၊ အားကစားကွင်းများနှင့် အခြားသော အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများကို ပြန်လည်ဖွင့်လှစ်သွားမည်ဟု စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၁၅ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

### ခွင့်ပြုချက် တောင်းခံစရာမလို

ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ ခွင့်ပြုချက်စာရင်းတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းများ ပြန်လည် မလည်ပတ်မီ ခွင့်ပြုချက်တောင်းခံစရာ မလိုကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

### စောင့်ကြည့်သွားမည်

ကိုဗစ် - ၁၉နှင့် ပတ်သက်သည့် အခြေအနေများကို ဝန်ကြီးဌာနပေါင်းစုံ လုပ်ငန်းအဖွဲ့က အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ပုံမှန်အနေအထားသို့ မရောက်မီ နောက်ထပ်ဖြေလျှော့မှုများ ပြုလုပ်ပေးသွားရန် ရည်ရွယ်၍ စောင့်ကြည့်သွားမည်ဖြစ်သည်။ ထို့ပြင် နယ်စပ်ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် ကန့်သတ်ချက်အသစ်များ ပြုလုပ်ခြင်းကိုလည်း သတင်းထုတ်ပြန်ကြေညာခဲ့သည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## နယ်စပ်ရှိ ကိုရီးယားနှစ်နိုင်ငံ ဆက်သွယ်ရေးရုံးကို မြောက်ကိုရီးယားက ဖြိုချခဲ့ဟန်ရှိကြောင်း မီဒီယာများက ဖော်ပြ

**ဆိုးလ် ဇွန် ၁၆**

မြောက်ကိုရီးယားနိုင်ငံ၏ နယ်စပ်မြို့ဖြစ်သည့် ခယ်ဆောင်းရှိ ကိုရီးယားနှစ်နိုင်ငံ စက်မှုလုပ်ငန်းရှိရာဒေသမှ ပေါက်ကွဲသံကြီးတစ်ခုကို ကြားလိုက်ရကြောင်း အမည်မဖော်လိုသူ စစ်ဘက် သတင်းရင်းမြစ်တစ်ခု၏ ပြောကြားချက်ကို ကိုးကားလျက် တောင်ကိုရီးယား သတင်းမီဒီယာက ဇွန် ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါသတင်းရင်းမြစ်၏ ပြောပြချက်အရ မြောက်ကိုရီးယားသည် ခယ်ဆောင်း စက်မှုဇုန်နယ်မြေအတွင်းရှိ တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံဆက်သွယ်ရေးရုံးကို ဖြိုဖျက်ခဲ့ဟန်ရှိကြောင်း သိရသည်။ ဇွန် ၁၆ ရက်တွင် ခယ်ဆောင်းစက်မှုဇုန်မှ ပေါက်ကွဲသံတစ်ခုကိုကြားရပြီး မီးခိုးလုံးများထွက်ပေါ်လာသည်ကို မြင်တွေ့ခဲ့ရကြောင်း အဆိုပါသတင်းရင်းမြစ်က ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုရခြင်းမရှိသေးကြောင်း အဆိုပါဝန်ကြီးဌာန အရာရှိတစ်ဦးက ဆင်ဟွာသို့ ဖုန်းဖြင့် ဆက်သွယ်ဖြေကြားခဲ့သည်။ **ဆင်ဟွာ**

## ရဲတပ်ဖွဲ့အတွင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို သမ္မတထရမ့် လက်မှတ်ရေးထိုးမည်

**ဝါရှင်တန် ဇွန် ၁၆**

အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌ လူမျိုးရေးခွဲခြားမှုနှင့် ရဲတပ်ဖွဲ့၏ ကြမ်းတမ်းစွာ အင်အားသုံးဖြေရှင်းမှုများအပေါ် ဆန့်ကျင်သည့် ဆန္ဒပြပွဲများ နေရာအနှံ့ပေါ်ထွက်နေချိန်တွင် အမေရိကန်ရဲတပ်ဖွဲ့အတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်မည့် အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ရဲတပ်ဖွဲ့၏ ဖမ်းဆီးမှုအတွင်း အာဖရိက-အမေရိကန်နိုင်ငံသား ဂျော့ဂျ်ဖလွိုဒ်သေဆုံးခဲ့မှုကို အကြောင်းပြုကာ ဆန္ဒပြမှုများ ပြီးခဲ့သည့်လတွင် စတင်ပေါ်ထွက်လာခဲ့သည်။ ဂျော်ဂျီယာပြည်နယ်တွင် ရဲအရာရှိတစ်ဦး၏ ပစ်ခတ်ဖမ်းဆီးမှုကြောင့် နောက်ထပ် လူမည်းအမျိုးသားတစ်ဦး ထပ်မံသေဆုံးရမှုက ဆန္ဒပြပွဲများကို ပိုမိုအရှိန်ပြင်းထန်လာစေခဲ့သည်။

သတင်းထောက်များနှင့် ဇွန် ၁၅ ရက်တွင် တွေ့ဆုံဖြေကြားခဲ့မှုအတွင်း သမ္မတထရမ့်က လူမည်းအမျိုးသားနှစ်ဦးသေဆုံးခဲ့သည့် ဖြစ်ရပ်နှစ်ခုကို နှိုင်းယှဉ်ပြောဆိုလိမ့်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တပ်ဖွဲ့ဝင်တွေလျှော့ချခြင်းဖြင့် ဂျာမနီကိုအပြစ်ပေးမယ့် သမ္မတထရမ့်

**ကလျာမိုးမြင့်**

**နေတိုးမဟာမိတ်အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ဂျာမနီမှာ အမေရိကန်ကချထားတဲ့ တပ်ဖွဲ့ဝင်တွေအရေအတွက်ကို ထက်ဝက်လောက်အထိ လျှော့ချသွားတော့မယ်ဆိုပြီး ယခုရက်ပိုင်းမှာ သမ္မတ ဒေါ်နယ်ထရမ့်က ပြောလာပါတယ်။ အကြောင်းကတော့ ဂျာမနီဟာ နေတိုးအဖွဲ့နဲ့ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေမှာ ပျက်ကွက်တာတွေများခဲ့ပြီဖြစ်သလို အမေရိကန်ပြည်ထောင်စုအပေါ်မှာလည်း ကုန်သွယ်ရေးအရ ဆက်ဆံပုံဟာ ဆိုးရွားလွန်းတယ်ဆိုပြီး သမ္မတထရမ့်က အကြောင်းပြချက်ပေးခဲ့ပါတယ်။**

### ကုန်ကျစရိတ်ကြီးမား

ဂျာမနီနိုင်ငံမှာ ချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် ၅၂၀၀၀ အထိရှိပြီး ဒီထဲကတပ်ဖွဲ့ဝင် ၂၅၀၀၀ လောက်ကို ပြန်လျှော့မယ်ဆိုပြီး ထရမ့်က သတင်းထောက်တွေကို ပြောကြားခဲ့တာ ဖြစ်ပါတယ်။ တပ်ဖွဲ့ဝင်တွေချထားရတဲ့ ကုန်ကျစရိတ်က မသေးဘူး။ ဒါကြောင့် အရေအတွက်လျှော့ချဖို့ လုပ်နေတာဖြစ်တယ်လို့ ၎င်းကဆိုပါတယ်။

သမ္မတထရမ့် ဖော်ပြတဲ့ တပ်ဖွဲ့ဝင် အရေအတွက်ဟာ တကယ်တော့ အမှန်မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဂျာမနီမှာ အမှန်တကယ် တပ်စွဲထားတဲ့ အမြဲတမ်းတပ်ဖွဲ့ဝင် အရေအတွက်က ၃၄၀၀၀ နဲ့ ၃၅၀၀၀ အတွင်းသာရှိတယ်လို့ ပင်တဂွန်စစ်ဌာနက ပြောကြားခဲ့ပါတယ်။ တပ်ဖွဲ့ဝင်အရေအတွက် အားလုံးပေါင်း ၅၀၀၀၀ ကျော်ရှိတဲ့အချိန်ဟာ ယာယီလောက်သာ ဖြစ်တယ်လို့ သိရပါတယ်။



နေတိုးမဟာမိတ်အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဂျာမနီ၌ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

### ကျယ်လောင်တဲ့ မက်ဆေ့ချ်တစ်ခု

ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်သမ္မတက ဂျာမနီ၊ ဥရောပနဲ့ အမေရိကန်ဦးဆောင်တဲ့ နေတိုးမဟာမိတ်အဖွဲ့တွေကို အသိပေးလိုက်တဲ့ မက်ဆေ့ချ်ဟာ ကျယ်ကျယ်လောင်လောင်နဲ့ ပီပီပြင်ပြင်ထွက်ပေါ်လာခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားတဲ့ အချိန်ကတည်းက ပထဝီနိုင်ငံရေးအရ အရေးကြီးတဲ့ နိုင်ငံတွေမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ချထားခဲ့တာဖြစ်ပြီး ဒီလိုချထားမှုဟာ စစ်အေးကာလအတောအတွင်း ရုရှား (ယခင်ဆိုဗီယက်ပြည်ထောင်စု)ကို ဆန့်ကျင်တဲ့ နေတိုးမဟာ မိတ်အဖွဲ့ကြီးရဲ့ သမားရိုးကျကာကွယ်ရေး အင်အားစုကြီးတစ်ရပ်အဖြစ် ဖွဲ့စည်းတည်ရှိလာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ရုရှားသမ္မတဗလာဒီမာပူတင် လက်ထက်မှာ ရုရှားနိုင်ငံရဲ့ ထက်သန်တဲ့ စစ်ရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေ ပြန်လည်ပေါက်ဖွားလာမှုက အမေရိကန်ပြည်ထောင်စုရဲ့ တည်ရှိမှုကို အသစ်တစ်ဖန် ပြန်လည်ဖြစ်တည်လာစေခဲ့ပြီး ဒီအချိန်မှာ အလယ်နဲ့ အရှေ့ဥရောပနိုင်ငံတွေဟာ အမေရိကန်ကို ကာကွယ်ရေးဆိုင်ရာ ပိုမိုအင်အားတောင့်တင်းခိုင်မာအောင် လုပ်ဖို့ ဦးဆောင်ဖိအားပေးလာကြပါတယ်။

### အပြစ်ပေးမယ်

သမ္မတထရမ့်က တပ်ဖွဲ့ဝင်တွေကို လျှော့ချဖို့လုပ်တာဟာ ဂျာမနီကိုအပြစ်ပေးဖို့အတွက် ဖြစ်တယ်လို့ ဆိုပါတယ်။ ၎င်းပြောပုံအရ ဂျာမနီဟာ နေတိုးအဖွဲ့ကို ဒေါ်လာဘီလီယံနဲ့ချီပြီးပေးဆပ်စရာတွေရှိနေပေမယ့် နှစ်တွေအများကြီး ကြာတဲ့အထိ ပျက်ကွက်ခဲ့တယ်။ ကျွန်ုပ်တို့က ဂျာမနီကိုအကာအကွယ်ပေးနေရတာဖြစ်တယ်။ ဒီအတွက် ပေးစရာရှိတာကို မဖြစ်မနေပေးရမယ်လို့ဆိုပါတယ်။

### ကတိပျက်ခဲ့

ပြီးတော့လည်း သမ္မတထရမ့်က ဥရောပက နေတိုးအဖွဲ့ဝင်နိုင်ငံတွေဟာ ကာကွယ်ရေးစရိတ်အတွက် အနည်းဆုံးဂျီဒီပီရဲ့ ၂ ရာခိုင်နှုန်းကို ကျခံသုံးစွဲဖို့ ၎င်းတို့ပေးထားတဲ့ ကတိကဝတ်တွေကိုလည်း ပျက်ကွက်ခဲ့ကြတယ်။ တစ်ဖက်သားရဲ့ ရက်ရောသဘောကောင်းမှုအပေါ်မှာ အခွင့်ကောင်းယူပြီးတော့ ဘာမှလည်း ပြန်ပေးဖို့စိတ်ကူးမရှိကြဘဲ သက်သာသလိုနေနေကြတယ်ဆိုပြီး အကြိမ်ကြိမ်စွပ်စွဲခဲ့သလို ၎င်းတို့ဟာ နေတိုးမဟာမိတ်အဖွဲ့ရဲ့ သမိုင်းဝင်ဦးဆောင်သူအပေါ်မှာ လိုတာထက်ပိုပြီး မှီခိုအားကိုးလွန်းနေတယ်ဆိုပြီး စကားလုံးတွေနဲ့ထိုးနှက် တိုက်ခိုက်ခဲ့ပါတယ်။

### အံ့အားသင့်ဖွယ်အရေအတွက်ဖြစ်

ဂျာမနီရဲ့ ဝါရင့်နိုင်ငံရေးကျွမ်းကျင်သူတွေက အမေရိကန်ဟာ ဂျာမနီမှာချထားတဲ့တပ်ဖွဲ့ဝင်အရေအတွက်ကို ၂၅၀၀၀ အထိလျှော့ချသွားဖို့ စီစဉ်နေတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်လာတာနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့ကြပါတယ်။ လျှော့ချမယ့် တပ်ဖွဲ့ဝင်အရေအတွက်ပမာဏဟာ ဂျာမနီကိုအံ့အားသင့်သွားစေခဲ့ပါတယ်။

စစ်အင်အားလျှော့ချမယ့် အစီအစဉ်ကြောင့် သမ္မတထရမ့်အနေနဲ့ ဥရောပမဟာမိတ်နိုင်ငံတွေ၊ အနောက်စစ်ရေး မဟာမိတ်နိုင်ငံတွေနဲ့အတူ ရေရှည်ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ၎င်းကိုယ်တိုင်သဘောတူခဲ့တဲ့ ကတိကဝတ်တွေနဲ့ ပတ်သက်ပြီး မေးခွန်းပေါင်းမြောက်မြားစွာ ပေါ်ထွက်လာခဲ့ရပါတယ်။

### ဘယ်သူ့အပြစ်လဲ

ဒီကိစ္စဖြစ်လာတာဟာ ဥရောပသမဂ္ဂရဲ့ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်တဲ့ ဂျာမနီကြောင့်ပဲ။ ဂျာမနီဟာ ကျွန်ုပ်တို့အပေါ်မှာ ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး ဆိုးဆိုးရွားရွားဆက်ဆံခဲ့တယ်လို့ ထရမ့်က အပြစ်ဆိုလိုက်ပါတယ်။ လောလောဆယ် ဒီကိစ္စနဲ့ပတ်သက်ပြီး ဂျာမနီနဲ့ ညှိနှိုင်းမှုတွေ လုပ်တော့လုပ်နေတယ်။ ဒါပေမယ့် ၎င်းတို့ဘက်ကဖြစ်စေချင်နေတဲ့ သဘောတူညီမှုကိုတော့ ကျွန်ုပ်အနေနဲ့ အခုချက်ချင်း မကျေနပ်နိုင်သေးဘူး။ ၎င်းတို့ဟာ အမေရိကန်ကို နှစ်တွေအများကြီးကြာအောင် ဒေါ်လာဘီလီယံနဲ့ချီပြီး ကုန်ကျစေခဲ့တယ်။ ဒါကြောင့် ကျွန်ုပ်တို့အနေနဲ့ ကုန်သွယ်ရေးမှာ အထိနာခဲ့ရသလို နေတိုးမဟာမိတ်အဖွဲ့နဲ့ပတ်သက်ပြီးတော့လည်း ကျွန်ုပ်တို့ဘက်က နစ်နာခဲ့တယ်လို့ သမ္မတထရမ့်က ပြောကြားလိုက်ပါတယ်။

### အကျိုးအမြတ်ရှိနေ

ဂျာမနီဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ၎င်းရဲ့မြေပေါ်ချထားမှုကနေ နေရင်းထိုင်ရင်း အကျိုးအမြတ်ရှိနေတယ်ဆိုပြီးတော့လည်း သမ္မတထရမ့်က စောဒကတက်ခဲ့ပါတယ်။

၎င်းတို့ဆီမှာချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို လစာကောင်းကောင်းပေးထားတယ်။ ဒီလူတွေဟာ ဂျာမနီမှာနေထိုင်ပြီး ဂျာမနီမှာပဲ ငွေတွေအများကြီး သုံးပစ်လိုက်ကြတယ်။ အမေရိကန်တပ်ဖွဲ့ စစ်အခြေစိုက်စခန်းတွေရှိတဲ့ အနီးအနားကဘယ်နေရာမဆို ဂျာမနီအတွက် အကျိုးအမြတ်ရှိတဲ့နေရာတွေချည်းပဲ။ ဒီတော့ ဂျာမနီက ကျွန်ုပ်တို့ဆီကနေ ရယူနေတယ်မှတ်ရမယ်လို့ ၎င်းကပြောပါတယ်။

### ဆက်ဆံရေး ကတောက်ကဆတ်ဖြစ်ခဲ့

နောက်တစ်ခုက သမ္မတထရမ့်ဟာ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နဲ့လည်း ကတောက်ကဆတ် ဆက်ဆံရေးမျိုးရှိထားသူပါ။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်အကြာက ဝါရှင်တန်မှာကျင်းပမယ့် ဂျီ-ဆဲဗင်း ထိပ်သီးအစည်းအဝေးအတွက် ဖိတ်ကြားမှုကို ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကပ်ရောဂါအကြောင်းပြုပြီး လာရောက်ဖို့ ငြင်းဆန်ခဲ့တာနဲ့ပတ်သက်လို့ စိတ်ကွက်စရာတစ်ခုဖြစ်သွားခဲ့တယ်လို့ သိရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

> **"စစ်အင်အားလျှော့ချမယ့် အစီအစဉ်ကြောင့် သမ္မတထရမ့်အနေနဲ့ ဥရောပမဟာမိတ်နိုင်ငံတွေ၊ အနောက်စစ်ရေး မဟာမိတ်နိုင်ငံတွေနဲ့အတူ ရေရှည်ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ၎င်းကိုယ်တိုင်သဘောတူခဲ့တဲ့ ကတိကဝတ်တွေနဲ့ ပတ်သက်ပြီး မေးခွန်းပေါင်းမြောက်မြားစွာ ပေါ်ထွက်လာခဲ့ရပါတယ်"**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၆-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၁၅-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၅၂)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၆၇) ခု၊
- အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၁၉) ခု၊

စုစုပေါင်း (၉၃၈)ခု အား စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၆-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၂၆၂) ဦးရှိပါသည်။

၃။ သို့ဖြစ်ရာ (၁၅-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁၁၂၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၇၀) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၆၇) ခု၊
- အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၁၉) ခု၊

စုစုပေါင်း (၂၀၉၁)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၆-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၅-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅၂) ခု |
| (၁၅-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၇) ခု |
| (၁၅-၆-၂၀၂၀) ရက်နေ့တွင် အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၆-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၁၆-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၄၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၈) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၄၆၈) ခု

စုစုပေါင်း (၁,၂၂၁)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၆-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၂) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၄) ဦး (Case- 31, 163, 188, 229) ရှိသဖြင့် စုစုပေါင်း (၁၇၉) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၆၂) ဦး အား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၅-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၆-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၈) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၆-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၆-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၄၅) ခု |
| (၁၆-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၈) ခု |
| (၁၆-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၆-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၆၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၁၇၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# နေရပ်ပြန်များအား ယာယီထားရှိမည့် စခန်းနေရာသစ်ကို သန့်ရှင်းရေးဆောင်ရွက်ပြီး ပိုးသတ်ဆေးဖျန်း

**မန္တလေး ဇွန် ၁၆**

တရုတ်နိုင်ငံ နယ်စပ်မြို့များမှ ပြန်လာမည့် နေရပ်ပြန်များအား ယာယီထားရှိမည့် စခန်းနေရာသစ်ဖြစ်သော အောင်မြေသာစံမြို့နယ်၊ ဒေါနဘွား ရပ်ကွက်၊ အကွက်(၁၃)၊ ၆၂လမ်းနှင့် ၁၄ လမ်းထောင့်ရှိ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီးတွင် ယနေ့နံနက် ၈ နာရီက သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ နေရပ်ပြန်များ ခရီးတစ်ထောက် ယာယီတည်းခိုနားနေရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ယခုလက်ရှိစခန်း ဖွင့်လှစ်ထားသော အမှတ် (၁၇) အခြေခံပညာ အထက်တန်းကျောင်းနေရာမှ ဇီဝိတဒါနသာသနာ့အထူးကု ဆေးရုံကြီး နေရာသို့ မကြာမီပြောင်းရွှေ့ ဖွင့်လှစ်သွားမည်ဖြစ်ရာ အဆိုပါနေရာရှိ အဆောက်အအုံများနှင့် အဆောက်အအုံ ပတ်ဝန်းကျင်နေရာများအား သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာသို့ အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်နှင့် ဝန်ထမ်းများ၊ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး၏ ဥပါသကာအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးစံဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချစ်အောင်နှင့် ရာအိမ်မှူးများ၊ မြို့နယ်အရန်မီးသတ်တပ်ခွဲ (၄) မှ တပ်ခွဲမှူး ကျော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ မြို့နယ်တပ်ဖွဲ့မှူး တင်မိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်လင်းဦး (အောင်စံ)**



# ကိုဗစ် - ၁၉ ရောဂါတုံ့ပြန်ဆောင်ရွက်ရေးနှင့် စေတနာ့ဝန်ထမ်းအင်အား

တက္ကသိုလ် ဇော်ထူးဦး

စေတနာ့ဝန်ထမ်းများသည် နိုင်ငံတစ်ခု၏ လူသားအရင်းအမြစ်များဖြစ်၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်နိုင်ငံ၏ တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးစသည့်ကဏ္ဍများတွင် လိုအပ်ချက်များအရ သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ကူညီဆောင်ရွက်ပေးနိုင်သောကြောင့် ဖြစ်၏။ စေတနာ့ဝန်ထမ်းများသည် ဝန်ထမ်းလခစားများကဲ့သို့ တာဝန်များမရှိကြသော်လည်း မိမိတို့၏စိတ်ဆန္ဒဖြင့် နိုင်ငံအကျိုးနှင့်ပတ်ဝန်းကျင်လူထုအကျိုးအတွက် ဝတ္တရားအရ ဆောင်ရွက်ပေးသူများ ဖြစ်ကြသည်။

**စေတနာ့ဝန်ထမ်းအဖွဲ့များလည်းရှိ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများရှိသကဲ့သို့၊ သက်ဆိုင်ရာအစိုးရများက နိုင်ငံအတွက် လိုအပ်ချက်အရ စုစည်းဆောင်ရွက်သော စေတနာ့ဝန်ထမ်းအဖွဲ့များလည်း ရှိနေ၏။ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများမှခေါ်ယူ စုစည်းထားသော စေတနာ့ဝန်ထမ်းများလည်းရှိကြ၏။ ယင်းတို့သည်သက်ဆိုင်ရာကဏ္ဍများအလိုက် ကျွမ်းကျင် တတ်မြောက်သူများဖြစ်ကြသကဲ့သို့ မိမိတို့လုပ်အားနှင့်အချိန်ကို ပေးလှူသူများဖြစ်ကြသည်။

စေတနာ့ဝန်ထမ်းများသည် နိုင်ငံနှင့် ပြည်သူလူထုအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် လိုအပ်ချက်များကို ပံ့ပိုးကူညီကြသူများဖြစ်၏။ ထို့အပြင် ဘေးအန္တရာယ်ကျရောက်မှုများ၊ ကပ်ရောဂါဖြစ်ပွားမှုများတွင်လည်း တုံ့ပြန်ဆောင်ရွက်ပေးနေကြ၏။ အချို့နိုင်ငံများတွင် မြို့ပြကာကွယ်ရေး အရန်အဖွဲ့များ၊ ကာကွယ်ရေးဆိုင်ရာ အရန်တပ်ဖွဲ့များ၊ လုံခြုံရေးဆိုင်ရာ အရန်တပ်ဖွဲ့များ၊ ဒေသန္တရဆိုင်ရာတုံ့ပြန်ကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်းထားကြ၏။ ထိုသူတို့သည် ဝန်ထမ်းများကဲ့သို့ အမြဲတမ်းဖွဲ့စည်းထားသော အဖွဲ့များမဟုတ်ဘဲ အရေးကိစ္စကြုံသည့်အခါမှသာ ကူညီဆောင်ရွက်ကြသူများဖြစ်ကြသည်။

စေတနာ့ဝန်ထမ်းများသည် အခကြေးငွေမမျှော်ကိုးသူများဖြစ်ကြသော်လည်း သူတို့၏ လုပ်အားနှင့် စေတနာကို အသိအမှတ်ပြုသည့်အနေဖြင့် တာဝန်ပေးအပ်သည့် သက်ဆိုင်ရာ အသင်းအဖွဲ့များက ဆောင်ရွက်ပေးရမည့် ကိစ္စများရှိ၏။ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ လေ့ကျင့်မှုများပေးခြင်း၊ လုပ်ငန်းဆိုင်ရာပစ္စည်းများ ထောက်ပံ့ခြင်း၊ သွားရေးလာရေးစီစဉ်ပေးခြင်း၊ နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ပေးခြင်း၊ အသက်အန္တရာယ်ထိခိုက်နိုင်ဖွယ်ရှိပါက အသက်အာမခံထားပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးရန် လိုအပ်၏။ အဘယ်ကြောင့်ဆိုသော် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် အချိန်ကာလအားဖြင့် ကြာမြင့်လာပါက စေတနာ့ဝန်ထမ်းများ၏ အင်အားသည် လျော့ပါးလာနိုင်သောကြောင့် ဖြစ်သည်။

ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသော ကိုဗစ် – ၁၉ရောဂါကူးစက်မှုသည် အချိန်ကာလအားဖြင့်မှန်းဆမရနိုင်သည့် အခြေအနေတွင် ရှိနေ၏။ စတင်ဖြစ်ပွားသည့် အချိန်မှ ယနေ့အချိန်အခါအထိ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးစသည့် ကဏ္ဍအသီးသီးတွင် တာဝန်ယူနေကြသော ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၏ လုပ်အားမှာ စွမ်းအားလျော့ကျလာနိုင်၏။ သို့အတွက် ရေရှည်တိုက်ပွဲဝင်နိုင်ရန်၊ စွမ်းအားမြှင့်တင်ရန်လိုအပ်မည်ဖြစ်၏။ ကဏ္ဍအသီးသီးမှပါဝင်ကူညီနေကြသော ပရဟိတလူမှုရေး အသင်းအဖွဲ့များသည်လည်း ရေရှည်တွင် ခံနိုင်ရည်စွမ်းလျော့နည်းလာနိုင်၏။ စေတနာ့ဝန်ထမ်းများ ရေရှည်ကူညီဆောင်ရွက်မှုပေးနိုင်ရန်၊ စီစဉ်ပေးရန် လိုအပ်မည်ဖြစ်သည်။



ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများတွင် လုပ်အားပေးဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအား ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချစဉ်။

**အရေးပေါ်တုံ့ပြန်ရေး**

စေတနာ့ဝန်ထမ်းစနစ်ဖြင့် ရပ်ရွာ၏ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ရန် စဉ်းစားရာတွင် ကူးစက်ရောဂါကို ကာကွယ်ရန် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ရန်အတွက် အထောက်အပံ့ရစေသည့် စေတနာ့ဝန်ထမ်းအင်အားကို အားကိုးရမည်ဖြစ်၏။ နိုင်ငံတော်အစိုးရက ကိုဗစ်– ၁၉ ရောဂါ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီဆောင်ရွက်နိုင်ရန် မိမိ၏အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်စသည်များကို အခကြေးငွေမယူဘဲ အသင်းအဖွဲ့တစ်ခု၊ လုပ်ငန်းစဉ်တစ်ရပ်၊လိုအပ်သည့် အခြေအနေတစ်ရပ်ရပ်တွင် အချိန်ပိုင်းဖြစ်စေ၊ သတ်မှတ်တာဝန်ပိုင်းအရဖြစ်စေ၊ အမြဲတမ်းဖြစ်စေ၊ မိမိ၏ဆန္ဒအရ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်သော စေတနာ့ဝန်ထမ်းများကိုစနစ်တကျ လေ့ကျင့်ပါဝင်စေရန် ရည်ရွယ်လျက် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၅ ရက်တွင် အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ (National Volunteer Steering Crop) ကို ဖွဲ့စည်းလိုက်၏။

ကိုဗစ် – ၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်မည့်သူများသည် Quarantine Centre တွင်နေထိုင်သူများ၏ ထူးခြားဖြစ်စဉ်နှင့် စိတ်လူမှုပိုင်းဆိုင်ရာအခြေအနေများကို ပံ့ပိုးကူညီပေးခြင်း၊ ကျားမအခြေပြုအကြမ်းဖက်မှုများနှင့် စိတ်ခံစားမှုမြှင့်တင်ရေးဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုခံယူရန် လိုအပ်သူများအား ညွှန်းပို့ဆောင်ရွက်ခြင်း၊ ကျန်းမာရေးကိစ္စများကို ၎င်းတို့၏မိသားစု အကူအညီပေးမည့်သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကူညီခြင်းများကို ဆောင်ရွက်ပေးရမည် ဖြစ်သည်။ အဆိုပါ စေတနာ့ဝန်ထမ်းများသည် မိမိပါဝင်ဆောင်ရွက်နိုင်သည့် အတိုင်းအတာအလိုက် Quarantine Centre တွင်အတွင်းစည်း သို့မဟုတ် အပြင်စည်း၌ နေ့စဉ်လုပ်ငန်းတာဝန်များကို သတ်မှတ် ၂၁ ရက်အတွင်း ပါဝင်ကူညီဆောင်ရွက်ပေးရန်ဖြစ်ပြီး အစီအစဉ်က သတ်မှတ်ပေးသော နားနေရာနေရာများတွင် ၇ ရက်အနားယူရမည်ဖြစ်သည်။

စေတနာ့ဝန်ထမ်းများအနေဖြင့် Quarantine Centre တွင် အသွားအလာကန့်သတ်ထားရှိရန် အသစ်ဝင်ရောက်လာသူများ၏ ကိုယ်ရေးအချက်အလက်များ မှတ်တမ်းရေးသွင်းခြင်း၊ နှစ်သိမ့်ဆွေးနွေးအားပေးခြင်း၊ စားရေးနေရေးဆိုင်ရာ လိုအပ်ချက်များရှိပါက တာဝန်ရှိသူများထံ အသိပေးခြင်း၊ ကျန်းမာရေးအခြေအနေကို နေ့စဉ်မေးမြန်းကာ ကျန်းမာရေးဝန်ထမ်းများအား ကူညီခြင်း၊ ရောဂါလက္ခဏာတစ်စုံတစ်ရာ ပေါ်ပေါက်သည်ဟု သံသယရှိပါက ချက်ချင်းအကြောင်းကြားပေးခြင်း၊ ကျန်းမာရေးအသိပေးအချက်အလက်များအား လက်ကိုင်အသံချဲ့စက်ငယ်များဖြင့်တစ်နေ့၅ကြိမ်နှိုးဆော်ပညာပေးခြင်း၊ ပြင်ပလူများနှင့် တွေ့ဆုံခြင်းမရှိစေရန် ကြီးကြပ်ပေးခြင်း၊ ပိုးသန့်စင်ခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခြင်း၊ အစားအစာကျွေးမွေးရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

**သင်တန်းများကို ဖွင့်လှစ်ပို့ချပေးနေ**

ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က သင်တန်းများကို ဖွင့်လှစ်ပို့ချပေးနေ၏။ အဆိုပါ သင်တန်းတွင် စေတနာ့ဝန်ထမ်းများအား ပြောဆိုဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာကျွမ်းကျင်မှု၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း၊ ဦးတည်အုပ်စုအလိုက် ဝန်ဆောင်မှုပေးခြင်း၊ ရောဂါကာကွယ်ခြင်းနည်းလမ်းများ၊ ရောဂါကာကွယ်ရေးပစ္စည်းများ အသုံးပြုခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး စသည့်ဘာသာရပ်များကို ပို့ချပေးနေသည်။

အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းအစီအစဉ်သည် ရပ်ရွာလူထုကို အခြေခံသော စေတနာ့ဝန်ထမ်းများ၏ အင်အားဖြင့် ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်သည့် အစီအစဉ်ဖြစ်၏။ ထိုအစီအစဉ်တွင် လက်ရှိ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ အရပ်ဘက်အဖွဲ့များမှ စေတနာ့ဝန်ထမ်းများအနေဖြင့် ပူးပေါင်းပါဝင်လျက်ရှိသည်ကို တွေ့ရ၏။ မိမိ၏ လုပ်အားနှင့်အချိန်ကို ပေးလှူသူမှာ စေတနာ့ဝန်ထမ်းများဖြစ်၏။ စေတနာ့ဝန်ထမ်းများ၏ အင်အားသည် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ပင် ဖြစ်သည်။ ။

> **“ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသော ကိုဗစ် - ၁၉ရောဂါ ကူးစက်မှုသည် အချိန်ကာလအားဖြင့် မှန်းဆမရနိုင်သည့် အခြေအနေတွင်ရှိနေ။ စတင်ဖြစ်ပွားသည့်အချိန်မှ ယနေ့အချိန်အခါထိ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးစသည့် ကဏ္ဍအသီးသီးတွင် တာဝန်ယူနေကြသော ကျန်းမာရေး ဝန်ထမ်းများ၊ အုပ်ချုပ်ရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၏လုပ်အားမှာ စွမ်းအားလျော့ကျလာနိုင်။ သို့အတွက် ရေရှည်တိုက်ပွဲဝင်နိုင်ရန်၊ စွမ်းအားမြှင့်တင်ရန်လိုအပ်မည်။ ကဏ္ဍအသီးသီးမှ ပါဝင်ကူညီနေကြသော ပရဟိတ လူမှုရေးအသင်းအဖွဲ့များသည်လည်း ရေရှည်တွင် ခံနိုင်ရည်စွမ်းလျော့နည်းလာနိုင်။ စေတနာ့ဝန်ထမ်းများ ရေရှည်ကူညီဆောင်ရွက်မှုပေးနိုင်ရန်၊ စီစဉ်ပေးရန်လိုအပ်မည်”**

## ကော့သောင်း၌ ပြန်လည်ဖွင့်လှစ်မည့် စာသင်ကျောင်းများကို သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကာကွယ်ရေး ခြင်ဆေးဖျန်း

**ကော့သောင်း ဇွန် ၁၆**

ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဌာန၊ နာရေးကူညီမှုအဖွဲ့များ ပူးပေါင်းကာ ကိုဗစ်– ၁၉ ထိန်းချုပ်ရေးကာလအတွင်းက ပိတ်ထားခဲ့ပြီး ယခုပြန်လည်ဖွင့်လှစ်တော့မည့် ကော့သောင်းမြို့ပေါ်စာသင်ကျောင်းများကို ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းကို ကော့သောင်းမြို့ပေါ် ရပ်ကွက်စာသင်ကျောင်းများဖြစ်သည့် ရွှေပြည်သာရပ်ကွက်၊ အေးရိပ်ငြိမ်ရပ်ကွက်များရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းအပါအဝင် ကျောင်းခြောက်ကျောင်းရှိ ကျောင်းသားကျောင်းသူများ ကျောင်းပြန်လည်ဖွင့်လှစ်မည့်အချိန် မိုးရာသီအတွင်း ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများ မဖြစ်ပွားရေး၊ ကျောင်းသား ကျောင်းသူများ ရောဂါဘယကင်းဝေးစွာပညာသင်ကြားနိုင်ရေး ရည်ရွယ်ချက်ဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ကျောင်းအုပ်ဆရာကြီးအပါအဝင် ကျောင်းအကျိုးတော်ဆောင်များက စာသင်ခန်းများတွင် ခြင်များခိုအောင်းနိုင်သောနေရာများကို ခြင်ဆေးများ ဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။



ကျော်စိုး (ကော့သောင်း)

## တနိုင်းမြို့နယ်၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေး မြို့အဝင်စစ်ဆေးရေးဂိတ်၌ နေ့စဉ်စစ်ဆေးလျက်ရှိ

**တနိုင်း ဇွန် ၁၆**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ကိုဗစ်–၁၉ ထိန်းချုပ်ရေး ဧပြီ ၄ ရက်မှစ၍ မြို့အဝင် စစ်ဆေးရေးဂိတ်ထားရှိပြီး ခရီးသွားပြည်သူများအား ခရီးသွားရာဇဝင်များ မေးမြန်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးစေခြင်းများကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်–၁၉ ကာကွယ်ရေး ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လဝကဝန်ထမ်းများ၊ ကြက်ခြေနီများ၊ ရပ်ကွက်စာရေးများ ပူးပေါင်း၍ ခရီးသွားပြည်သူများအား ကိုဗစ်–၁၉ ကူးစက်မှု အန္တရာယ် မရှိစေရန်အတွက် ရည်ရွယ်ပြီး မြို့ဝင်ဂိတ်တွင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ပြန်လာ သူများအား စာရင်းကောက်ယူ၍ သတ်မှတ်ထားသည့် စောင့်ကြည့်ရန်ထားရှိသည့်နေရာ ရောက်ရှိအောင် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်ရွက်မှုကို မြို့ဝင်ဂိတ်၌ နေ့စဉ်နံနက် ၁၀ နာရီမှညနေ ၆ နာရီအထိ အလှည့်ကျတာဝန်ပေးကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝါဝါ(ပြန်/ဆက်)

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၅၃၃၅၁ | ၂၆၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၇၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၅၅၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၆၂ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၁ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၈ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၆၂ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၆-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၁၆-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၁၈၃၁၅၃ | ၈၉၀၀၁၅ | ၁၁၈၃၂၁ |
| ၂။ | ဘရာဇီး | ၈၉၁၅၅၆ | ၄၆၄၇၇၄ | ၄၄၁၁၈ |
| ၃။ | ရုရှား | ၅၄၅၄၅၈ | ၂၉၄၃၀၆ | ၇၂၈၄ |
| ၄။ | အိန္ဒိယ | ၃၄၄၅၂၇ | ၁၈၀၄၆၄ | ၉၉၂၄ |
| ၅။ | ဗြိတိန် | ၂၉၆၈၅၇ | စိစစ်ဆဲ | ၄၁၇၃၆ |
| ၆။ | စပိန် | ၂၉၁၁၈၉ | စိစစ်ဆဲ | ၂၇၁၃၆ |
| ၇။ | အီတလီ | ၂၃၇၂၉၀ | ၁၇၇၀၁၀ | ၃၄၃၇၁ |
| ၈။ | ပီရူး | ၂၃၂၉၉၂ | ၁၁၉၄၀၉ | ၆၈၆၀ |
| ၉။ | အီရန် | ၁၉၂၄၃၉ | ၁၅၂၆၇၅ | ၉၀၆၅ |
| ၁၀။ | ဂျာမနီ | ၁၈၈၀၈၆ | ၁၇၃၁၀၀ | ၈၈၈၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆ - ၆ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၄၀၉၆၉ | ၃၀၃၆၆ | ၂၆ |
| အင်ဒိုနီးရှား | ၄၀၄၀၀ | ၁၅၇၀၃ | ၂၂၃၁ |
| ဖိလစ်ပိုင် | ၂၆၇၈၁ | ၆၅၅၂ | ၁၁၀၃ |
| မလေးရှား | ၈၅၀၅ | ၇၇၃၃ | ၁၂၁ |
| ထိုင်း | ၃၁၃၅ | ၂၉၉၃ | ၅၈ |
| ဗီယက်နမ် | ၃၃၄ | ၃၂၅ | ၀ |
| မြန်မာ | ၂၆၂ | ၁၇၉ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၂၈ | ၁၂၅ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဒူကထောင်နယ်မြေ(၄)၊ (၅)နှင့် (၁၄) စသည့် IDP စခန်းသုံးခုသို့ သွားရောက်၍ ဆပ်ပြာ ၁၁၅၂ ခဲ အား သွားရောက်ထောက်ပံ့ခဲ့သည်။



အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သက္ကေပြင်၊ ဘာဆာရာနှင့် သဲချောင်း IDP စခန်း သုံးခုသို့ သွားရောက်၍ ဆပ်ပြာတောင့် ၂၁၅၃၀၊ ဆပ်ပြာရည် ၅၂ ဘူး၊ ဗီနိုင်း ကိုးချပ်၊ လက်ဆေးစင် ၃၂ ခုနှင့် သံသယလူနာ တွေ့ရှိပါက အရန်သင့်အသုံးပြုနိုင်ရန် PPE ဝတ်စုံ ရှစ်စုံတို့အား သွားရောက်ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မုတ်သုံလေ ဆက်လက် အားကောင်း နေမည်

**နေပြည်တော် ဇွန် ၁၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။ **မိုး/ဇလ**

## အလှူရှင်များလှူဒါန်းထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တိုင်းဒေသကြီး /ပြည်နယ်များသို့ ဖြန့်ဝေပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များ၏ ကူညီပံ့ပိုးမှုများနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။ အသင်း၏ ရန်ကုန်ရုံးခွဲတွင် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များ လှူဒါန်းထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ ဖြစ်သော Surgical Mask၊ N 95 Mask၊ Hand Gel၊ Face Shield၊ PPE၊ Hand Glove၊ Apron၊ Hand Speaker အစရှိသော ပစ္စည်းများကို ဇွန် ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ဖြန့်ဝေပေးခဲ့ရာ မရမ်းကုန်းမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာရှင်များက ပါဝင်ကူညီလုပ်အားပေးခဲ့ကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းလိုပါက ဒေါ်မေစန္ဒာမျိုး၊ ဌာနမှူး အရင်းအမြစ်စုစည်း အသုံးချရေးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဖုန်း-၀၉၄၂၁၁၆၉၅၈၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**



# အစိုးရကိုယ်စားလှယ်များနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၁၆**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် Video Conferencing ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။



### တက်ရောက်ဆွေးနွေး

ယနေ့ အစည်းအဝေးတွင် အစိုးရကိုယ်စားလှယ်များအဖြစ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေးဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် မေ ၈ ရက်က အစိုးရကိုယ်စားလှယ်များနှင့် NCA-S EAO ၁၀ ဖွဲ့တို့ ဆွေးနွေးခဲ့သည့် သဘောတူညီချက်များကို အခြေခံကာ ကိုဗစ်-၁၉ ထိန်းချုပ်ရေး၊ ကိုဗစ်-၁၉ ကုသရေး၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် ရွှေ့ပြောင်းအလုပ်သမားများကိစ္စ၊ နိုင်ငံတကာ အကူအညီရယူသည့်ကိစ္စ၊ ထိတွေ့လူနာ ရှာဖွေရေးကိစ္စများနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက “RCSS ဘက်က ဆွေးနွေးတဲ့ အထဲမှာတော့ သူတို့အနေနဲ့ ကိုယ်အပူချိန်တိုင်းတယ်။ ကျန်တဲ့သူတွေကို စူးစမ်းစစ်ဆေးတယ်။ စုစုပေါင်းနေရာ ၃၀ ကျော်လောက်မှာ ဆောင်ရွက်ခဲ့တယ်လို့ ပြောတယ်။ ဒီဒေသအတွင်းမှာရှိတဲ့ ကိုယ်အပူချိန်တိုင်းတာမှုတွေအပါအဝင် လူဦးရေ ခြောက်သောင်းလောက်ကို ဆောင်ရွက်ခဲ့တယ်လို့ ပြောတယ်။ ဒီနေ့ ဆွေးနွေးပွဲမှာတော့ အစိုးရညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့နဲ့ အတူတူ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတဲ့ လုပ်ငန်းရပ်တွေကို ဆွေးနွေးခဲ့ပါတယ်” ဟု ပြောသည်။

### ညှိနှိုင်းမှုများပြုလုပ်

ဆက်လက်၍ ဦးလှမောင်ရွှေက “RCSS အနေနဲ့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာမှာ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး၊ ၂၀၁၂ ခုနှစ်မှာ ပြည်ထောင်စုအဆင့်တွေကို လုပ်ခဲ့တယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာမှာ NCA လက်မှတ်ရေးထိုးပြီးတော့ အခုလည်း ဒီဆွေးနွေးပွဲတွေမှာ ခေါင်းဆောင်အနေနဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် သူတို့နဲ့ ဆွေးနွေးရတာ အဆင်ပြေပါတယ်။ နောက်ထပ်အနေနဲ့လည်း ကိုဗစ်-၁၉ အပေါ် ထိန်းချုပ်ကာကွယ်ဖို့လည်း ပိုပြီးတော့ ရလဒ်ကောင်းတွေရှိလာမယ့် သဘောတွေရှိပါတယ်” ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၏ ကိုဗစ်-၁၉ ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ဦးလှမောင်ရွှေထံမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# Covid – 19 စီးပွားရေးကုစားမှု အစီအစဉ်တစ်ရပ်အဖြစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**Covid – 19 ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

Covid-19 ရောဂါကြောင့် လုပ်ကွက်ငယ်တောင်သူများနှင့် ထုတ်လုပ်ရောင်းချသူများအနေဖြင့် သွင်းအားစုများနှင့် အရင်းအနှီးများ လိုအပ်လျက်ရှိနေကြရာ အဆိုပါလိုအပ်မှုများအတွက် Covid – 19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် ၂.၁.၇.(ခ) Cash for lending Support အစီအစဉ်အရ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ဆောင်ရွက်သွားမည် ဖြစ်သည်။

### ကျေးရွာပိုင် မတည်ရန်ပုံငွေ ထူထောင်

“ဒီစီမံကိန်း က Covid – 19 စီးပွားရေးကုစားမှုအစီအစဉ်ကို အထောက်အကူ ဖြစ်စေဖို့၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူတွေ လိုအပ်တဲ့သွင်းအားစုတွေနဲ့ ငွေကြေးအရင်းအနှီးတွေ ရရှိစေနိုင်ဖို့၊ လုပ်ကွက်ငယ်တောင်သူတွေနဲ့ ဆင်းရဲနွမ်းပါးတဲ့သူတွေ ငွေကြေးအရင်းအနှီးရရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေဖို့နဲ့ မိသားစုဝင်ငွေ တိုးပွားလာစေဖို့၊ တိုးပွားလာတဲ့ ရန်ပုံငွေတွေနဲ့ ကျေးရွာပိုင် မတည်ရန်ပုံငွေထူထောင်ပြီး စဉ်ဆက်မပြတ်ငွေကြေးအရင်းအမြစ်ရရှိနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

“ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေထဲမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့နဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ကျေးရွာလည်ပတ်ရန်ပုံငွေ ဒါမှမဟုတ် ကျေးရွာမတည်ရန်ပုံငွေ ထူထောင်သွားဖို့ ပါဝင်ပါတယ်။ ရန်ပုံငွေကတော့ နိုင်ငံတော်အစိုးရအပါအဝင် ပြည်တွင်းပြည်ပ လှူဒါန်းမှုတွေ၊ ပြည်တွင်းပြည်ပအထောက်အပံ့တွေနဲ့ ချေးငွေတွေကနေရရှိမှာ ဖြစ်ပါတယ်။ ခွင့်ပြုချက်ရရင် စီမံကိန်းကို ဒီဇွန်လထဲမှာ စတင်ဖို့အစီအစဉ်တွေ ဆွဲထားပါတယ်။ ရန်ပုံငွေရတဲ့အပေါ် မူတည်ပြီး နောက်သုံးလမှာ ကျေးရွာရွေးချယ်တာတွေ၊ အိမ်ထောင်စု ရွေးတာတွေ၊ ကော်မတီဖွဲ့တာတွေနဲ့ ထုတ်ချေးတဲ့ အစီအစဉ်တွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် က ပြောသည်။

အဆိုပါစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာ ၁၇၀၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားကြောင်းလည်း သိရသည်။

### စီမံကိန်းဆောင်ရွက်ဖို့ စိတ်အားထက်သန်

“ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကျေးရွာတွေ ရွေးချယ်တဲ့နေရာမှာ လုပ်ကွက်ငယ် တောင်သူတွေများတဲ့ရွာတွေ၊ စိုက်ပျိုးမွေးမြူသူနဲ့ ထုတ်လုပ်ရောင်းချသူများတဲ့ ကျေးရွာတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာရှိတဲ့ ကျေးရွာတွေ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ကျေးရွာတွေ၊ လုံခြုံရေးကောင်းမွန်ပြီး နယ်မြေအေးချမ်းတဲ့ ကျေးရွာတွေ၊ စည်းလုံးညီညွတ်တဲ့ ကျေးရွာတွေနဲ့ စီမံကိန်းဆောင်ရွက်ဖို့ စိတ်အားထက်သန်တဲ့ ကျေးရွာတွေကို ရွေးချယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါ အိမ်ခြေ ၁၀၁ အိမ်နဲ့ အထက်ကို ကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၁ အိမ်ကနေ ၁၀၀ ကြားကို ကျပ်သိန်း ၂၀၀ နဲ့ အိမ်ခြေ ၅၀ အောက်ကို ကျပ်သိန်း ၁၀၀ ထုတ်ချေးသွားမှာ ဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

အဆိုပါစီမံကိန်းတွင် လက်ရှိစီးပွားရေးလုပ်ကိုင်နေသူများနှင့် တိုးချဲ့လုပ်ကိုင်လိုသူ အိမ်ထောင်စုများကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်း စတင်လုပ်ကိုင်လိုသည့် အိမ်ထောင်စုများကို စီမံကိန်း၏ ဒုတိယနှစ်မှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### တစ်ပိုင်တစ်နိုင်လုပ်ငန်းဆောင်ရွက် မိသားစု ဦးစားပေး

“ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်မယ့် အိမ်ထောင်စုတွေ ရွေးချယ်တဲ့နေရာမှာ Covid – 19 ကူးစက်ရောဂါကြောင့် ထိခိုက်သွားတဲ့ အိမ်ထောင်စုတွေ၊ လယ်ယာ၊ သားငါး စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူတွေ၊ ကုန်ထုတ်လုပ်ငန်းတွေမှာ အစုအဖွဲ့နဲ့ ဆောင်ရွက်လိုတဲ့ အိမ်ထောင်စုတွေ၊ အသေးစားရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်နေတဲ့ အိမ်ထောင်စုတွေ၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်နေတဲ့ အိမ်ထောင်စုတွေနဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းဆောင်ရွက်လိုတဲ့ အိမ်ထောင်စုတွေကို ဦးစားပေးအစီအစဉ်အလိုက် ရွေးချယ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စီမံကိန်းကျေးရွာများရွေးချယ်ပြီးစီးပါက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ က စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ပြီးသည့် ကျေးရွာဖြစ်သော်လည်း စီမံကိန်းအောင်မြင်စွာလည်ပတ်နိုင်ရန် ဖြစ်နိုင်စွမ်းနည်းပါးသည်ဟု သုံးသပ်တွေ့ရှိပါက ကျေးရွာပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### ဖြစ်နိုင်စွမ်းနည်းပါးက ကျေးရွာပြောင်းလဲဆောင်ရွက်

“စီမံကိန်းကျေးရွာတွေ ရွေးချယ်တဲ့နေရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်တဲ့လုပ်ငန်းကော်မတီအနေနဲ့ လွှတ်တော်အသီးသီးရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနဲ့ အကောင်အထည်ဖော်ရေးကော်မတီဝင်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရွေးချယ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီကနေ စီမံကိန်းကျေးရွာတွေ ရွေးချယ်ပြီးစီးသွားရင် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ အတည်ပြုချက်နဲ့ ပြည်ထောင်စုအဆင့် ဗဟိုကော်မတီကနေ စီမံကိန်းဆောင်ရွက်ဖို့ ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ရွေးချယ်တဲ့ကျေးရွာက ရန်ပုံငွေလွှဲပြောင်းခြင်း မပြုမီ စီမံကိန်းအောင်မြင်စွာ လည်ပတ်နိုင်မယ့် ဖြစ်နိုင်စွမ်းနည်းပါးတယ်လို့ သုံးသပ်တွေ့ရှိရင် ကျေးရွာပြောင်းလဲ ဆောင်ရွက်သွားမှာဖြစ်ပြီး စီမံကိန်းဆောင်ရွက်နေစဉ် သတ်မှတ်စည်းကမ်းချက်တွေ ဖောက်ဖျက်ရင်လည်း ကျေးရွာပြောင်းလဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျေးရွာမတည် ရန်ပုံငွေနဲ့ ပတ်သက်လို့ ကျေးရွာရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဖွဲ့ပြီး ကျေးရွာလူထုအများ သဘောတူမဲစနစ်နဲ့ အမျိုးသမီးဦးရေ ထက်ဝက်ပါတဲ့ အိမ်ခြေ ၁၀၀ နဲ့အထက် ကျေးရွာတွေမှာ ကော်မတီဝင် ခုနစ်ဦး၊ အိမ်ခြေ ၁၀၀ အောက် ကျေးရွာတွေမှာ ကော်မတီဝင်ငါးဦး ရွေးချယ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဒါမှမဟုတ် ကျေးရွာတာဝန်ခံက နာယကအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။



ဦးခန့်ဇော် (ညွှန်ကြားရေးမှူးချုပ်) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ကျေးရွာမတည်ရန်ပုံငွေ သုံးစွဲသူများအနေဖြင့် စီမံကိန်းစတင်ဆောင်ရွက်သည့် ပထမနှစ်တွင် အတိုးနှုန်းအနေဖြင့် ကျပ် ၁၀၀ လျှင် ပြား ၅၀ နှုန်း သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်း ဒုတိယနှစ်တွင် ကျပ် ၁၀၀ လျှင် အတိုးနှုန်း ၅၀ ပြားမှ ၁ ကျပ် ၅၀ ပြား အတွင်း ကျေးရွာ၏ သဘောတူညီချက်ဖြင့် သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ အတိုးနှုန်းကောက်ခံမှုများကို သုံးလတစ်ကြိမ် သို့မဟုတ် ခြောက်လလျှင်တစ်ကြိမ် ကောက်ခံသွားမည်ဖြစ်ကာ အရင်းပြန်လည် ပေးဆပ်ကာလကို အများဆုံးတစ်နှစ်အဖြစ် သတ်မှတ်သွားမည်ဖြစ်ပြီး ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းဖြစ်ပါက အရင်းဆပ်ကာလ သက်တမ်းတိုးခြင်းအများဆုံး နှစ်ကြိမ် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် Covid-19 စီးပွားရေးကုစားမှုအစီအစဉ်ကို အထောက်အကူပြုခြင်း စီမံကိန်းမှ အတိုးနှုန်းသက်သာသည့် ချေးငွေရယူနိုင်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ပေါ်ပေါက်လာခြင်း၊ မိသားစုများဝင်ငွေတိုးပွားလာခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်သည်။

**မင်းမင်းဇော်၊ ဟန်နီဝင်း(သတင်းစဉ်)**
**ဓာတ်ပုံ- မောင်ဇော်(ကလေး)**

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများ မြဝတီချစ်ကြည်ရေး အမှတ် (၂)တံတားမှ ဇွန် ၁၆ ရက်တွင် ၆၄၄ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇွန် ၁၆

**ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၄၄ ဦး ယနေ့တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။**

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၄၅ ဦးသည် ထိုင်းနိုင်ငံ Immigratoin Detention Center (IDC) မှ လွှဲပြောင်းပေးသည့် ပြစ်ဒဏ်စေ့ကျခံပြီးသူများဖြစ်ပြီး ကျန် ၅၉၉ ဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ဇွန် ၁၆ ရက်အထိ စုစုပေါင်း ၂၈၆၅၂ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၉၀၊ အမျိုးသမီး ၂၅၄ ဦး စုစုပေါင်း ၆၄၄ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## SIM Card များ စနစ်တကျပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့်နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/ မမှန်စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့် လည်းကောင်း၊ အရောင်းဆိုင်များတွင်လည်းကောင်း၊ သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန် (၂၃-၀၂-၂၀၂၀) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း၊ Website များနှင့် လူမှုကွန်ရက်မီဒီယာများတွင်လည်းကောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ Passport (နိုင်ငံခြားသားများအတွက်) တစ်ခုခုဖြင့် (၂) ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကိုစုံစမ်းနိုင်ရန် Call Center သို့ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းကို ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းခံရသည့် SIM Card များအား အပိုဒ် (၁)တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် (၃၀-၆-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ကြပါရန်နှင့် မှတ်ပုံတင်ခြင်းမပြုလုပ်ပါက (၃၀-၆-၂၀၂၀) ရက်နေ့ နောက်ပိုင်း အပြီးသတ်ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် မိမိတို့၏ SIM Card များကို သတ်မှတ်ရက်အတွင်း မှန်ကန်စွာ မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၆ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၀/၅၅၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၅/၅၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၅၀/၄၉၀ | ကျပ် | ၅၂၀/၅၃၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀/၆၀၀ | ကျပ် | ၆၄၅/၆၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၉ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၆ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၉ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၂ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၉ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၁၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၀၄၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၃၈၄၂ | ၄၀၃၅၄၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၇၃၁ | ၆၅၄၆၄၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၁ | ၁၇၂၂၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၉၆ | ၂၇၅၀၈၅၀၀ |
| TMH | ၂၉၀၀ | ၂၈၅၀ | ၄၀၇၁ | ၁၁၆၀၂၆၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၆၂၈၆ | ၁၆၉၇၂၂၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# ယဉ်ကျေးမှုအနုပညာများ တင်ဆက်ပြသချင်၍ ကရဝိက်နန်းတော်တင်ဒါကို ဝင်ရောက်ယှဉ်ပြိုင်ရန်ပြင်ဆင်နေကြောင်း မင်းသားဖိုးချစ်ပြောကြား

ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ ကရဝိက်နန်းတော် တင်ဒါခေါ်ယူမှုတွင် ဇာတ်မင်းသား ဖိုးချစ်ကလည်း ဝင်ရောက်ယှဉ်ပြိုင် တင်ဒါဆွဲရန် ပြင်ဆင်နေပြီး မြန်မာ့ယဉ်ကျေးမှု အနုပညာအငွေ့အသက်များရှိနေသော ကရဝိက်နန်းတော်၌ တင်ဆက်ပြသချင်၍ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း ဖိုးချစ်က ပြောကြားသည်။

"ဟုတ်ကဲ့ ကျွန်တော် တင်ဒါစနစ်ကို သေချာမသိသေးလို့ အခုတော့ လေ့လာနေပါတယ်။ တင်ဒါ ပိတ်ရက်က နောက်လမှပါ။ ဇူလိုင်လမှဆိုတော့ ကျွန်တော့်အနေနဲ့ တင်ဒါဝင်ပြိုင်ဖို့ပြင်ဆင်နေပါတယ်။ အဓိကကတော့ မြန်မာ့ယဉ်ကျေးမှုနဲ့ပတ်သက်တာကြောင့်ပါ။ ဒီနေရာမှာ မြန်မာ့ယဉ်ကျေးမှုအနုပညာတွေနဲ့ ပတ်သက်တာတွေ၊ မြန်မာတွေနဲ့ ပတ်သက်တာလေးတွေကို တင်ဆက်ချင်၊ ပြသချင်တဲ့အတွက် ကျွန်တော် အဲဒီတင်ဒါကို စိတ်ဝင်စားပါတယ်၊ ဒီကရဝိက်က မြန်မာမှုနဲ့ပတ်သက်ပြီးတော့ ခံစားလို့ရတာပေါ့နော်။ အခု မထင်မှတ်ဘဲနဲ့ ဒီဟာကို အိတ်ဖွင့်တင်ဒါအနေနဲ့ ကြေညာတဲ့အခါကျတော့ ကျွန်တော် စိတ်ဝင်စားသွားတယ်။ ဝမ်းသာတယ်၊ ကျွန်တော် အကောင်းဆုံး အော်ပရာ တင်ဆက်ချင်နေတာတွေရှိတယ်။ ကလို့ရသလောက်၊ ဆိုလို့ရသလောက်၊ တီးလို့ရသလောက် ကျွန်တော် လုပ်ချင်တာလေးတွေ ရှိနေတဲ့အတွက် ကျွန်တော်စိတ်ဝင်စားတာပါ"ဟု ဖိုးချစ်က ပြောသည်။

ငွေကြေးအကျိုးအမြတ် မျှော်မှန်းချက်နှင့်ပတ်သက်၍လည်း ဖိုးချစ်က "စီးပွားရေးအရ ဘယ်လောက်ဝင်ပြီးတော့ ဘယ်လောက်ကုန်မယ်ဆိုတာ ကျွန်တော့်အနေနဲ့ မှန်းဆတတ်လောက်အောင်အထိ ကျွန်တော် လုပ်ငန်းရှင် မဟုတ်ပါဘူး။ ကျွန်တော်က ငယ်ငယ်လေးကတည်းက ကျွန်တော့်ဖေဖေရဲ့ ဇာတ်ဆိုင်းထဲမှာပဲ ကြီးပြင်းခဲ့ရတော့ ဘဝအချိန်အားလုံးဟာ သဘင်ထဲမှာပဲ ရှိနေတာ။ ရိုးရာယဉ်ကျေးမှုနဲ့ပတ်သက်လို့ ကျွန်တော်ကိုယ်တိုင်က တန်ဖိုးထားပြီး ဆောင်ရွက်နေတဲ့အခါကျတော့ ပရိသတ်တွေကလည်း ကျွန်တော် ဖြစ်ချင်တာကို သူတို့ သိတယ်။ အားလုံးက ခွန်အားပေးကြတယ်။ ဝိုင်းဝန်းကြပါတယ်"ဟု ဆက်လက်ပြောကြားသည်။ **ကိုလင်း**

# Mrs. Myanmar ပြိုင်ပွဲကို အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်

ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ အန္တရာယ်ကြောင့် ယခုနှစ်တွင်ကျင်းပမည့် Mrs. Myanmar ပြိုင်ပွဲကြီးကို Online ပေါ်မှတစ်ဆင့် ပါဝင်ယှဉ်ပြိုင်နိုင်မည့် အစီအစဉ်အနေဖြင့် ယခုနှစ်တွင် ထူးခြားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများသည် အိမ်မှာနေရင်း ဖုန်းတစ်လုံးရှိရုံဖြင့်ပင် ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မိမိတို့ အရည်အချင်းများကို ထုတ်ဖော်ပြသနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အသက်အရွယ်မရွေး အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အသက်အပိုင်းအခြားအလိုက် Winner သရဖူဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ခွင့်အတွက် အသက်အရွယ်/အရပ်/ကိုယ်အတိုင်းအတာနှင့် အလေးချိန်/ ပညာအရည်အချင်း/ အိမ်ထောင်ရှိမရှိ/ ကလေးရှိမရှိ စသည့် သတ်မှတ်ထားခြင်းများ မရှိကြောင်း၊ ရေကူးဝတ်စုံ ဝတ်ဆင်ယှဉ်ပြိုင်ရန်လည်း မလိုကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပရိသတ်များကိုယ်တိုင် မဲပေး ရွေးချယ်နိုင်မည့် People’s Choice Voting၊ ပရိသတ်များ၊ ဒိုင်လူကြီးများနှင့် ပြိုင်ပွဲဝင်များ အွန်လိုင်းပေါ်တွင်တွေ့ဆုံ၍ ဆင်နွှဲကြရမည့် Live Chat နှင့် Video Call အစီအစဉ်များ၊ Women Empowerment ဆိုင်ရာ ဆွေးနွေးပွဲများ၊ Talent စွမ်းရည် တင်ဆက်ယှဉ်ပြိုင်မှုများ၊ အင်တာဗျူးအစီအစဉ်များ၊ အကဲဖြတ် ဒိုင်လူကြီးများ၏ အဆင့်ဆင့်ရွေးချယ်မှုများနှင့် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ စသည့် အစီအစဉ်များကို ဆန်းသစ်သည့်ပုံစံများဖြင့် ကျင်းပမည်ဖြစ်ပြီး ပရိသတ်များကလည်း ပြိုင်ပွဲအဆင့်ဆင့်ကို ပြိုင်ပွဲကာလတစ်လျှောက်လုံး အွန်လိုင်းပေါ်မှတစ်ဆင့် ကြည့်ရှုအားပေးနိုင်မည်ဟု သိရသည်။



ယခင်နှစ်က ကျင်းပခဲ့သော Mrs.Myanmar ပြိုင်ပွဲမှ ဆုရရှိသူများ

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် Mrs. Myanmar ၏ ဖေ့စ်ဘုတ်စာမျက်နှာသို့ ဝင်ရောက်၍ Message Box မှတစ်ဆင့် အမည်၊ အသက်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာနှင့်အတူ စိတ်ကြိုက် အလှဓာတ်ပုံ သုံးပုံကို ပေးပို့၍ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲနှင့် ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- 09789507050 , 09789507060 တို့ကို ဆက်သွယ်မေးမြန်းနိုင်သလို Mrs.Myanmar ဖေ့စ်ဘုတ်စာမျက်နှာ၏ Chat မှလည်း မေးမြန်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသူများအား ပြိုင်ပွဲများမစတင်မီ ပြိုင်ပွဲအတွက် လိုအပ်သည့် Training များကို အွန်လိုင်းမှတစ်ဆင့် Pageant Coach ဆရာ ဆရာမများ၊ နယ်ပယ်အသီးသီးမှ အသိပညာရှင် အတတ်ပညာရှင်များက လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်၍ ပြိုင်ပွဲဝင်သူများအနေဖြင့် ပြိုင်ပွဲမှတစ်ဆင့် အတွေ့အကြုံသစ်၊ ဗဟုသုတသစ်များစွာ ရရှိမည်ဖြစ်၍ အမျိုးသမီးတိုင်းအား ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြိုင်ပွဲဝင်ရန်အတွက် အချက်အလက်နှင့် ဓာတ်ပုံများ ပေးပို့ရာတွင် Mrs.Myanmar အမည်ကို အတုလုပ်ထားသော ဖေ့စ်ဘုတ်စာမျက်နှာများ ရှိလာနိုင်သောကြောင့် အပြာရောင်အမှန်ခြစ်အမှတ်အသားများပါသော Mrs.Myanmar စာမျက်နှာ(https://www.facebook.com/MrsMyanmar/)နှင့် Miss Golden Land Myanmar စာမျက်နှာ(https://www.facebook.com/MissGoldenLand/)တို့ကိုသာ အချက်အလက်များ ပေးပို့ကြရန်လည်း ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီက သတိပေးဖော်ပြထားသည်။

ပြိုင်ပွဲတွင် အသက်အရွယ်အပိုင်းအခြားအလိုက် Mrs.Myanmar (Winner) သရဖူဆု ရရှိသူများအား ကိုဗစ်-၁၉ အန္တရာယ် ကင်းဝေးသည့်အခါ ရန်ကုန်မြို့တွင် အခမ်းအနားကျင်းပ၍ သရဖူစလွယ်နှင့် ဆုတံဆိပ်များ ပေးအပ်သွားမည်ဟုသိရသည်။ **ကိုလင်း**


# ဆူရှန့်ဆင်းရာဂျပွတ် သေဆုံးမှုအတွက် အာလီယာဘတ်နှင့် ကာရန်ဂျိုဟာတို့ အပြစ်တင်ခံနေရ

ဘောလိဝုဒ်မင်းသား ဆူရှန့်ဆင်းရာဂျပွတ်ဟာ မွမ်ဘိုင်းက သူ့ရဲ့တိုက်ခန်းမှာပဲ အဆုံးစီရင်သွားပါတယ်။ အဲဒီနောက်မှာတော့ အချို့သောအနုပညာရှင်တွေဟာ သူ့သေဆုံးမှုနဲ့ပတ်သက်ပြီး ဝေဖန်ပြစ်တင်ခံနေရပါတယ်။ အပြစ်တင်ခံနေရသူတွေကတော့ ရုပ်ရှင်မင်းသမီး အာလီယာဘတ်နဲ့ ရုပ်ရှင်ထုတ်လုပ်သူ ကာရန်ဂျိုဟာတို့ပါပဲ။

သူတို့နှစ်ဦးစလုံးဟာ ဆူရှန့်ဆင်း သေဆုံးသွားတဲ့အခါ ဝမ်းနည်းကြောင်း တွစ်တာပေါ်မှာ ရေးခဲ့ကြပါတယ်။ အသက်ရှင်စဉ်တုန်းကတော့ အရေးမစိုက်ကြဘဲ အခုမှ ဝမ်းနည်းကြောင်းပြောတဲ့အတွက် ဒေါသထွက်နေတဲ့ ပရိသတ်ကြီးက သူတို့နှစ်ဦးကို အပြစ်တင်ခဲ့ကြပါတယ်။

အာလီယာဘတ်ဟာ ဆူရှန့်ဆင်းကို လှောင်ပြောင်သရော်ခဲ့တယ်လို့ အပြောခံနေရပါတယ်။ အာလီယာဘတ်ဟာ ကာရန်ဂျိုရဲ့ အင်တာဗျူးအစီအစဉ်မှာ ပါဝင်ခဲ့ပြီး အဲဒီအစီအစဉ်မှာ အမျိုးသားသရုပ်ဆောင်သုံးယောက်ကို အမှတ်ပေးခိုင်းပါတယ်။ ရွေးချယ်ရမယ့်သူတွေကတော့ ရန်ဗီယာဆင်း၊ ဆူရှန့်ဆင်းရာဂျပွတ်နဲ့ ဗာရန်ဒါဝမ်တို့ သုံးဦး ရွေးရမှာပါ။ အဲဒီအခါမှာ အာလီယာဘတ်က ဆူရှန့်ဆင်းရာဂျပွတ်ဆိုတာ ဘယ်သူလဲဆိုပြီး ပြန်မေးခဲ့ပါတယ်။

ဒီဖြစ်ရပ်ကြောင့် အနုပညာလောကမှာ ဆူရှန့်ဆင်းဘက်ကနေ ရပ်တည်ပေးမယ့် သူငယ်ချင်း မရှိဘူးဆိုပြီး ဝိုင်းဝန်းဝေဖန်နေကြတာပဲ ဖြစ်ပါတယ်။ ရုပ်ရှင်ထုတ်လုပ်သူ ကာရန်ဂျိုဟာလည်း နာမည်ကျော်ကြားတဲ့ ကလေးသရုပ်ဆောင်တွေ၊ အနုပညာမျိုးရိုးနဲ့ နာမည်ကြီးသူတွေကိုပဲ အရေးစိုက်ပြီး ဆူရှန့်တို့လို အပြင်လောကက လာတဲ့သူတွေကိုတော့ အရေးမစိုက်ဘူးဆိုပြီး ဝေဖန်ခံနေရပါတယ်။ **ဘောလိဝုဒ်လိုက်ဖ်**


ဘောလိဝုဒ်ရုပ်ရှင်မင်းသမီး အာလီယာဘတ်နှင့် ရုပ်ရှင်ထုတ်လုပ်သူ ကာရန်ဂျိုဟာ



# ခေတ်ရေစီးကြောင်းအတိုင်း အနုပညာရှင်များပြောင်းလဲနိုင်ရန်လိုကြောင်း အကယ်ဒမီအေးမြတ်သူ ပြောကြား

အသက် ၃၄ နှစ်ပြည့်ပြီဖြစ်သည့် သရုပ်ဆောင် အေးမြတ်သူအနေဖြင့် လက်ရှိအချိန်တွင် အကယ်ဒမီအေးမြတ်သူအဖြစ် ပရိသတ်၏ လက်ခံအားပေးမှုများကိုလည်း ရရှိထားပြီဖြစ်သည်။ ပြည်သူချစ်အနုပညာရှင်တစ်ဦး ဖြစ်နေသော အေးမြတ်သူအနေဖြင့် ရုပ်ရှင် နှစ် ၁၀၀ ပြည့်အတွက် ခေတ်သုံးခေတ် အစီအစဉ်တွင် ပါဝင်ရိုက်ကူးပေးနေစဉ်အတွင်း အနုပညာခရီးတစ်လျှောက် ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကို ယခုလို ပြောပြခဲ့သည်။

"အေးမြတ်သူအနေနဲ့ ရုပ်ရှင်သမိုင်းပြတိုက်မှာ ခေတ်သုံးခေတ်နဲ့ လိုက်ဖက်တဲ့ အစီအစဉ်လေး ရိုက်ကူးဖို့အတွက် ပါဝင်ဖြစ်ပါတယ်။ နှစ် ၁၀၀ ပြည့်ဆိုတာ အေးမြတ်သူတို့အတွက် ကြုံတောင့်ကြုံခဲလို့လည်း ပြောလို့ရပါတယ်။ ကိုယ်ကလည်း လက်ရှိမှာ အနုပညာအလုပ်တွေလုပ်ပြီး အသက်မွေးဝမ်းကျောင်းနေတယ်ဆိုတော့ ဒီအစီအစဉ်မှာ ပါဝင်ရလို့လည်း ဂုဏ်ယူပါတယ်။ အေးမြတ်သူတို့က အနုပညာလောကမှာ တကယ် နေရာသေးသေးလေးတစ်ခုပဲ ရှိတာပါ။ ရှေ့မှာ တကယ်ကြိုးစားပြီး စတင်တည်ထောင်ခဲ့ကြသူတွေ၊ တိုးတက်အောင် ပြောင်းလဲခဲ့သူတွေ အများကြီးပါပဲ။ အသံတိတ်ကနေ အဖြူအမည်း၊ ဒီကတစ်ဆင့် အရောင်တွေနဲ့ဖြစ်လာတယ်၊ ဆင့်ပွား ကိုယ်ပွားတွေ ရိုက်နိုင်လာတယ်။ ဒီပညာရှင်တွေ အကုန်လုံးကို အေးမြတ်သူ လေးစားပါတယ်။ ဒီပညာရှင်ကြီးတွေရဲ့ ကြိုးစားမှုကြောင့် အေးမြတ်သူတို့က သက်သောင့်သက်သာနဲ့ နေရတာပါ။ ကိုယ်က သက်သက်သာသာနေရင်လည်း နောက်လူတွေအတွက် ဒုက္ခရောက်သွားနိုင်တယ်လေ။ ပြောင်းလဲလာတဲ့ ခေတ်ရေစီးကြောင်းအတိုင်း ကိုယ်တိုင်လည်း တတ်နိုင်သလောက် လုပ်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ အေးမြတ်သူတို့က အသိပညာအရ အားနည်းတော့ အများကြီး စုဆောင်းဖို့ လိုအပ်နေသေးတာကိုလည်း နားလည်ပါတယ်။ ရှေ့လျှောက် ကြိုးစားရမယ်ဆိုတာ သိတယ်။ ကိုယ်တွေ မကြိုးစားဘူးဆိုရင်၊ ကိုယ့်လောက ကျဆင်းနေတာကို အားလုံးရဲ့ အားနဲ့ ပြန်မလုပ်နိုင်ဘူးဆိုရင် နောက်လူတွေရဲ့လေးစားမှုကို ခံရမှာမဟုတ်ဘူး။ ကိုယ့်ကိုတတ်နိုင်တဲ့ဘက်က ခိုင်းတာမျိုးဆိုရင် လုပ်ပေးချင်ပါတယ်"ဟု အေးမြတ်သူက ပြောသည်။ **ကိုလင်း**



## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၂၄)

# ရှေ့နေများကောင်စီ ရွေးကောက်ပွဲဆီသို့

ဦးဟန်ညွန့် (ဥပဒေ)

**ရှေ့နေများ၏ ရှေ့နေများကောင်စီ**

ရှေ့နေများ၏ ရှေ့နေများကောင်စီဆောင်းပါးကို ကျွန်တော်ရေးသား တင်ဆက်ခဲ့ပြီး ဖြစ်ပါသည်။ မိတ်ဆွေ တရားလွှတ်တော်ရှေ့နေများနှင့် ရွေးကောက်ပွဲကို စိတ်ဝင်စားသူများက အားပေးကြပါသည်။ လိုအပ်ချက်များ ထောက်ပြပြီး ဝေဖန်ဆွေးနွေးကြသူများလည်း ရှိပါသည်။ အဓိကဦးတည်ချက် ကတော့ တရားလွှတ်တော်ရှေ့နေများကောင်စီ ပေါ်ပေါက်လာပြီး ရှေ့နေ အများစု၏အကျိုးကို ဆောင်ရွက်နိုင်ရေးပင် ဖြစ်ပါသည်။

**အခြေခံရမည်**

ကောင်စီဖွဲ့စည်းခြင်း၊ မဲပေးခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းတို့မှာ ဥပဒေအရသာ ဖြစ်ပါသည်။ နည်းဥပဒေများနှင့်အညီသာ ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဖြစ်ပါသည်။ ယင်းတို့ကို အခြေခံလိုက်နာရမည်ဖြစ်ကြောင်း ဥပဒေပညာရှင် ရှေ့နေကြီးများအားလုံး သိရှိ နားလည်ကြပြီး ဖြစ်ပါသည်။

**၂၈-၆-၂၀၂၀(တနင်္ဂနွေနေ့)**

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၀ ဖြင့် တရားလွှတ်တော်ရှေ့နေများ ကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄ ပါ "ကြေညာသည့်နေ့မှ ၁၀ ရက်အတွင်း" ဆိုသည့်စကားရပ်ကို "ကြေညာသည့်နေ့မှ ၂၅ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ခဲ့ပါသည်။ ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းအရ မဲစာရင်း၌ အမည် စာရင်းထည့်သွင်းပေးရန် ၂၈-၆-၂၀၂၀ (တနင်္ဂနွေနေ့) အထိဖြစ်ကြောင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**အကြောင်းအမျိုးမျိုး**

၂၈-၆-၂၀၂၀ ရက်နေ့အထိ အကြောင်းအမျိုးမျိုးကြောင့် ပုံစံ (၁) ကို မလျှောက်ထားနိုင်သူ တရားလွှတ်တော်ရှေ့နေများအနေဖြင့် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၇ (ခ) နှင့် အညီ မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် (မဲစာရင်းကြေညာသည့်နေ့မှ ၅ ရက်အတွင်း) ကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားနိုင်ကြောင်း သိရပါသည်။

**မဲဆန္ဒနယ်များသတ်မှတ်ခြင်း**

နည်းဥပဒေများ ၆(က) အရ ကောင်စီသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မဲဆန္ဒနယ်များကို လိုအပ်သလို သတ်မှတ်ရမည် ဖြစ်ပါသည်။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် ၄-၆-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၂၀ ဖြင့် မဲဆန္ဒနယ်များ သတ်မှတ်ခဲ့ပါသည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်အတွင်းရှိ ဆန္ဒမဲပေးလိုသည့် တရားလွှတ်တော်ရှေ့နေများသည် ဒက္ခိဏခရိုင်ရှိ မဲရုံတွင် ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာထားပါသည်။

**ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း**

ရွေးကောက်ပွဲတွင် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ကြီးကြပ်ဆောင်ရွက်ရန် ပုဂ္ဂိုလ်များကို တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀ နှင့် ၃၆ တို့အရ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

**(က) ကချင်ပြည်နယ်**

- မဲဆန္ဒနယ် (၁) (၂) (၃) (၄) ရှိပါသည်။
- **မဲဆန္ဒနယ်အမှတ်(၁)တွင်** မြစ်ကြီးနားခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃) ဦးပါရှိပါသည်။
- **မဲဆန္ဒနယ်အမှတ် (၂) တွင်** ပူတာအိုခရိုင် ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃) ဦးပါရှိပါသည်။
- **မဲဆန္ဒနယ်အမှတ် (၃) တွင်** မိုးညှင်းခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃) ဦးပါရှိပါသည်။
- **မဲဆန္ဒနယ်အမှတ် (၄) တွင်** ဗန်းမော်ခရိုင် ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃) ဦး ပါရှိပါသည်။

**(ခ) ကယားပြည်နယ်**

မဲဆန္ဒနယ် (၁) နယ် ရှိပါသည်။ လွိုင်ကော်ခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင် (၃) ဦးပါရှိပါသည်။

**(ဂ) ကရင်ပြည်နယ်**

မဲဆန္ဒနယ် (၁)နယ် ရှိပါသည်။ ဘားအံခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃) ဦး ပါရှိပါသည်။



**(ဃ) ချင်းပြည်နယ်**

မဲဆန္ဒနယ်(၂) နယ် ရှိပါသည်။ ဟားခါးခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃) ဦးပါရှိပါသည်။ မဲဆန္ဒနယ်(၁) ဖြစ်ပါသည်။

မင်းတပ်ခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီးအဖွဲ့ဝင်(၃) ဦး ပါရှိပါသည်။ မဲဆန္ဒနယ် (၂) ဖြစ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မဲဆန္ဒနယ် (၄) နယ် ရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၁)တွင် မုံရွာခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃) ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ် (၂) တွင် ရွှေဘိုခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင် (၃) ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၃)တွင် ကသာခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင် (၃) ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၄)တွင် ကလေးခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင် (၃) ဦး ပါရှိပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

မဲဆန္ဒနယ် (၃)နယ် ရှိပါသည်။

မဲဆန္ဒနယ်အမှတ် (၁) တွင် ထားဝယ်ခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ရှိပါသည်။

မဲဆန္ဒနယ်အမှတ် (၂)တွင် မြိတ်ခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃) ဦး ရှိပါသည်။

မဲဆန္ဒနယ်အမှတ် (၃) တွင် ကော့သောင်းခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင် (၃) ဦး ပါရှိပါသည်။

**ပဲခူးတိုင်းဒေသကြီး**

မဲဆန္ဒနယ် (၂)နယ် ရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၁)တွင် ပဲခူးခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၂)တွင် ပြည်ခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ရှိပါသည်။

**မကွေးတိုင်းဒေသကြီး**

မဲဆန္ဒနယ် (၂)နယ် ရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၁)တွင် မကွေးခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင် (၃) ဦး ရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၂)တွင် ပခုက္ကူခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင် (၃) ဦး ရှိပါသည်။

**မန္တလေးတိုင်းဒေသကြီး**

မဲဆန္ဒနယ် (၂)နယ် ရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၁)တွင် မန္တလေးခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၂)တွင် မိတ္ထီလာခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

(ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာထားသည်)

**မွန်ပြည်နယ်**

မဲဆန္ဒနယ် (၂)နယ် ရှိပါသည်။

မဲဆန္ဒနယ်အမှတ် (၁) တွင် မော်လမြိုင်ခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၂)တွင် သထုံခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

**ရခိုင်ပြည်နယ်**

မဲဆန္ဒနယ် (၂)နယ် ရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၁)တွင် စစ်တွေခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၂)တွင် ကျောက်ဖြူခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**

မဲဆန္ဒနယ် (၄)နယ် ရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၁)တွင် အရှေ့ပိုင်းခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၂)တွင် အနောက်ပိုင်းခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၃)တွင် တောင်ပိုင်းခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၄)တွင် မြောက်ပိုင်းခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

**ရှမ်းပြည်နယ်**

မဲဆန္ဒနယ် (၃)နယ် ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ် (၁) တွင် တောင်ကြီးခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ် အမှတ်(၂) တွင် ကျိုင်းတုံခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၃)တွင် လားရှိုးခရိုင်ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**

မဲဆန္ဒနယ် (၃)နယ် ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၁)တွင် ပုသိမ်ခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ် (၂) တွင် မြောင်းမြခရိုင် ဥပဒေအရာရှိ (အဖွဲ့ခေါင်းဆောင်)ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

မဲဆန္ဒနယ်အမှတ်(၃)တွင် ဖျာပုံခရိုင်ဥပဒေအရာရှိ(အဖွဲ့ခေါင်းဆောင်) ဖြစ်ပြီး အဖွဲ့ဝင်(၃)ဦး ပါရှိပါသည်။

[အဖွဲ့တိုင်းတွင် ဥပဒေဆိုင်ရာအထောက်အကူပြု အဖွဲ့များနှင့် အထက်တန်းရှေ့နေများ ပါဝင်ဖွဲ့စည်းထားပါသည်]

**ဝိုင်းကူညီ**

ရှေ့နေလောကတွင် ရွေးကောက်ပွဲမလုပ်ဖြစ်သည်မှာ ကြာပြီဖြစ်ပါ၍ ယခုကျင်းပမည့် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲကို အထူးစိတ်ဝင်စားကာ အားတက်သရော ပါဝင်၊ စုပေါင်းကူညီကြပါစို့။

**စေတနာ**

ရှေ့နေများကောင်စီပေါ်ပေါက်ပြီး တိုင်းကျိုးပြည်ကျိုးရှေ့နေများ၏ အကျိုးပြုနိုင်တော့မည်ဟု တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေး မျှသာပါ...။ ။

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ၂၀၂၁ ဧပြီလမတိုင်မီ အချိန်အထိ
# အော်စကာဆုပေးပွဲကို ကျင်းပနိုင်ဦးမည်မဟုတ်

ရုပ်ရှင်လောကရဲ့ အခမ်းနားဆုံးဆုပေးပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲကို လက်ရှိကြုံတွေ့နေရတဲ့ ကိုဗစ် - ၁၉ ရောဂါကြောင့် နှစ်ပေါင်း ၄၀ ကျော်အတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် ပွဲကျင်းပမည့်ရက်ကို ပြောင်းလဲသွားမယ်လို့ သိရပါတယ်။

(၉၃)ကြိမ်မြောက် အော်စကာဆုပေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှာ ကျင်းပမယ်လို့ ကြေညာထားပေမယ့် သတ်မှတ်ထားတဲ့ရက်အတိုင်း ပွဲကျင်းပနိုင်မှာ မဟုတ်ဘူးလို့ ရုပ်ရှင်နှင့် သိပ္ပံအကယ်ဒမီအဖွဲ့ကြီးက ဇွန် ၁၅ ရက်က ကြေညာခဲ့ပါတယ်။ (၉၃) ကြိမ်မြောက် အော်စကာဆုပေးပွဲကို ၂၀၂၁ ခုနှစ် ဧပြီ ၂၅ ရက်မှာ ကျင်းပမယ်လို့ ရက်ပြောင်းလဲ သတ်မှတ်ခဲ့ပါတယ်။

"ရာစုနှစ်တစ်ခုကြာအောင် ရုပ်ရှင်ကဏ္ဍဟာ စိတ်ချမ်းမြေ့စေခြင်း၊ စိတ်အားထက်သန်စေခြင်းနဲ့ ဖျော်ဖြေခြင်းတို့ကို ပေးစွမ်းတဲ့နေရာမှာ အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့ပါတယ်။

ဆုပေးပွဲကို ကျင်းပဖြစ်အောင် ကျင်းပမှာပဲ ဖြစ်ပါတယ်။ အချိန်ကာလတိုးချဲ့လိုက်တာမို့ ရုပ်ရှင်ထုတ်လုပ်သူတွေအနေနဲ့ သူတို့ရဲ့ဇာတ်ကားကို ပြီးစီးအောင် လက်စသတ်နိုင်ဖို့ အထောက်အပံ့ဖြစ်သွားတယ်" ဟု အကယ်ဒမီအဖွဲ့ဥက္ကဋ္ဌ ဒေးဗစ်ရူဗင်က ပြောပါတယ်။

အော်စကာဆုပေးပွဲကို ယခင်အချိန်တုန်းကလည်း ရွှေ့ဆိုင်းတာမျိုး လုပ်ခဲ့ဖူးပေမယ့် ဒီလောက်အချိန်အကြာကြီး ရွှေ့ပစ်တာမျိုးတော့ မဟုတ်ပါဘူး။ ၁၉၃၈ ခုနှစ်နဲ့ ၁၉၆၈ ခုနှစ်တို့မှာ လော့စ်အိန်ဂျလိစ်မြို့မှာ ရေကြီးမှုကြောင့် တစ်ပတ်ခန့် နောက်ဆုတ်ခဲ့ရဖူးပါတယ်။

ဒေးလီးမေးလ်



## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လက်ထောက်စုံစမ်းရေးမှူးရာထူး လျှောက်ထားသူများအား ရေးဖြေစာမေးပွဲပြုလုပ်မည့်ရက် အသိပေးခြင်း

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ၁၆-၃-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၁၇-၃-၂၀၂၀ ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် လက်ထောက်စုံစမ်းရေးမှူးရာထူး လျှောက်ထားနိုင်ကြောင်း ကြော်ငြာခေါ်ယူချက်အရ လျှောက်ထားသူများအနက် ဖြေဆိုခွင့်ရရှိသူများအား အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အောက်ပါနေ့ရက်နှင့် အချိန်တို့တွင် သတ်မှတ်စာစစ်ဌာနများ၌ ပြုလုပ်သွားမည်ဖြစ်၍ ဖြေဆိုခွင့်ရရှိသူများစာရင်းအား ၂၂-၆-၂၀၂၀ ရက်တွင် မိမိတို့လျှောက်လွှာတင်ထားခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများ၌ ကပ်ထားပေးမည်ဖြစ်ပါသည်-

(၁) ဖြေဆိုရမည့်ရက်နှင့်အချိန် - ၁၈-၇-၂၀၂၀ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
(၂) ဖြေဆိုခွင့်ကတ်များထုတ်ယူရမည့်ရက် - ၁၆-၇-၂၀၂၀ရက် (ရုံးချိန်အတွင်း) (စာစစ်ဌာနနှင့် ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များမှ ဖြေဆိုခွင့်ရရှိသူများသည် အဆိုပါ စာစစ်ဌာနတည်ရှိရာအထူးစုံစမ်းစစ်ဆေးဦးစီးဌာန ရုံးများတွင်သတင်းပို့ ထုတ်ယူရမည်။)
(၃) နေပြည်တော်စာစစ်ဌာန - ကယား၊ ပဲခူး၊ မကွေး၊ နေပြည်တော်တို့မှ ဖြေဆိုခွင့်ရရှိသူများ
(၄) မန္တလေးစာစစ်ဌာန - ကချင်၊ ချင်း၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်းတို့မှ ဖြေဆိုခွင့်ရရှိထားသူများ
(၅) ရန်ကုန်စာစစ်ဌာန - ကရင်၊ တနင်္သာရီ၊ မွန်၊ ရန်ကုန်၊ ဧရာဝတီတို့မှ ဖြေဆိုခွင့်ရရှိသူများ
(၆) စစ်တွေစာစစ်ဌာန - ရခိုင်မှဖြေဆိုခွင့်ရရှိသူများ

(စာစစ်ဌာနနှင့် ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များမှ ဖြေဆိုခွင့်ရရှိထားသူများသည် အဆိုပါ စာစစ်ဌာနတွင် ဖြေဆိုရမည်ဖြစ်သည်။)

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ် (၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)မှ ယူရီးယားဓာတ်မြေသြဇာ ၂၅၀၀တန် (တန်နှစ်ထောင့်ငါးရာ)အား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊** - ၁၆-၇-၂၀၂၀ရက် ၁၂နာရီ
**အချိန်နှင့်နေရာ** - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၆-၇-၂၀၂၀ ရက်၊ ၁၄:၀၀ နာရီ

၄။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား တစ်လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် (FDA အသိအမှတ်ပြုပြီးဖြစ်သည့် (DRC)ရရှိပြီး အရည်အသွေးပြည့်မီသော Consumable for Speciality များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၂၀ ရက်
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့် အချိန်** - ၂၁-၇-၂၀၂၀ ရက် ညနေ ၄ နာရီ

**တင်ဒါကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ အဆောက်အဦအထူးအဖွဲ့(၁၀) အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း အမှတ်စဉ်(၂/၂၀၂၀)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၀)မုံရွာမှ တာဝန်ယူတည်ဆောက်မည့် ချင်းပြည်နယ်၊ မင်းတပ်ကောလိပ်ပေါင်းစုံလုပ်ငန်းနှင့် မတူပီမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး ဆောက်လုပ်ခြင်းအတွက် လိုအပ်သောတည်ဆောက်ရေး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

- တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၄-၅-၂၀၂၀ရက်
- တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၂-၆-၂၀၂၀ရက်
- တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် - ၂၅-၆-၂၀၂၀ရက်
- တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါပုံစံ(Form)နှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦ ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အဆောက်အဦအထူးအဖွဲ့(၁၀)၊ မုံရွာမြို့တွင် ၄-၅-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို-ဖုန်း-၀၉-၄၅၀၅၄၀၃၇၁၊ ၀၉-၄၀၀၄၀၆၀၆၉၊ ၀၉-၃၁၁၁၆၄၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင် Covid-19 ကာကွယ်ကုသရေးအတွက် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က)ဆေးနှင့် ဆေးပစ္စည်းများ
(ခ)Consumable များ

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၂၀ရက် (အင်္ဂါနေ့)ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး**
**လမ်း ၇၀၊ ၂၇x၂၈ ကြား**
**ချမ်းအေးသာစံမြို့နယ်**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၂၁၀၂၁**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် ထောက်ပံ့ရန်အတွက် လိုအပ်သော (Dignity Kits and Personal Sanitary Package)များအား ဝယ်ယူရန်အတွက် အိတ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံ စတင်ထုတ်ယူရမည့်ရက်နှင့်အချိန်** - ၁၇-၆-၂၀၂၀ရက်၊ နံနက် ၁၀နာရီ
**တင်ဒါဖောင်များနောက်ဆုံးလာယူရမည့်ရက်** - ၂၄-၆-၂၀၂၀ရက်၊ ညနေ ၄နာရီ
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၉-၆-၂၀၂၀ရက်၊ ညနေ ၄နာရီ
**တင်ဒါလာတင်ရမည့်နေရာ** - ထောက်ပံ့၊ ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဌာန မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ် ၄၂၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်ကိုသိရှိရန် ဖုန်း-၀၉- ၄၄၃၂၇၂၀၁၄ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံ ကြက်ခြေနီအသင်း**

## ဖခင်အမည်မှန်

အထက (ခွဲ)အလက(၆)လှိုင်နဝမတန်း ဖြေဆိုအောင်မြင်ပြီးသော မောင်ကျော်ကျော်ဦး၏ ဖခင်အမည်မှန်မှာ ဦးရာဂျူး (HLG.၀၄၀၃၁၁) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ သာစည်ကျေးရွာ မောင်လှိုင်မျိုးဦး၊ မောင်ဇင်ပိုင်ထွန်းတို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးကျော်နိုင်ထွန်း ၁/ဒဖယ(နိုင်)၀၀၁၅၈၈ ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/2311 Toyota Carry Acu 30, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာခြည်လွင် ၁၃/တကန(နိုင်)၁၅၅၉၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/5999 Toyota Mark II JZX 110 S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းထွန်း ၉/ပသက(နိုင်)၁၀၁၁၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/46775, YUWDE 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးနိုင် ၉/အမရ(နိုင်)၁၁၄၆၉၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၅ရ-အေ)နေ ဦးကျော်ကျော်နိုင် (၁၂/ ဥကတ(နိုင်)၀၅၂၁၈၅)နှင့် ဒေါ်မေစုလှိုင် (၇/လပတ(နိုင်)၁၀၉၉၈၇)တို့မှ အပြည့်အဝပိုင်ဆိုင် ရောင်းချပိုင်ခွင့် ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဆပ်သွားလမ်း၊ အမှတ်(၃၇၃)၊ နှစ်(၆၀)ဂရန်၊ (၄၀×၆၀ပေ)ဒေါ်မေစုလှိုင် အမည်ပေါက် အိမ်ခြံမြေနှင့်တကွ အကျိုးခံစားခွင့်များ အားလုံးကို ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေတစ်စိတ်တဒေသပေး ချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးမြင့်ဦး (LL.B) ဥပဒေတွဲ့**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၅)**
**အမှတ်(၁၃၄)၊ ပန်းပင်ကြီးလမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉ ၅၁၈၈၅၆၄**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ တိုက်(၁)၊ အခန်း (၃)နေ ဦးဗညားအောင် ၁၂/မဂဒ(နိုင်)၁၅၉၈၆၉သည် အောက်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၂-၃-၂၀၂၀ရက်တွင် မှတ်ပုံတင်အမှတ် (၄/၃၄၉၉)ဖြင့် တစ်ဦးတည်းမူပိုင်သုံးစွဲရန် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

D R E A M
Purified Drinking Water

အဆိုပါ တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ထားသော သောက်ရေသန့်ကို ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်တံဆိပ်အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားမည်သူမဆို ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်သုံးစွဲခြင်းများကို မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက လုပ်ငန်းအကျိုးစီးပွားထိခိုက်ဆုံးရှုံးနစ်နာမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဗညားအောင်**
**၁၂/မဂဒ(နိုင်)၁၅၉၈၆၉**
**mgbanyaraung@outlook.com**
**09-681514248**
**Dream Purified Drinking Water**
**တိုက် (၁)၊ အခန်း (၃)၊ ကြီးပွားရေးအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ မြေကွက်အမှတ်(၃၉)၊ ဦးပိုင် ၉၈+၉၈/၁၊ ဧရိယာ ဝဒသမ ၆၂၀ ဧက မြေကွက်ကို ပိုင်ဆိုင်သူ ဦးဟောက်ဆန် ၁/ဗမန(နိုင်) ၀၃၈၀၉၃ က လွန်ခဲ့သောနှစ် ၃၀ မှ စတင်၍ ပိုင်ဆိုင်နေထိုင်ခဲ့သဖြင့် စက်မှုစီးပွားမြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဟောက်ဆန်**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ၃မိုင်၊ ရွှေပြည်သာရပ်ကွက်၊ မြေကွက်အမှတ်(OSS)၊ ဦးပိုင် ၉၇၀+၉၇၅+၉၇၆+၉၇၇၊ ဧရိယာ ဝဒသမ ၄၆၀ဧက မြေကွက်ပိုင်ဆိုင်သူ ဦးဟန်သက်ဝင်းထံမှ ဒေါ်ဆန်ရာ ၁/မမန(နိုင်) ၀၁၆၃၈၆ က ဝယ်ယူခဲ့ပြီး ဦးပိုင်ပေါင်း မြေငှားဂရန်သစ် လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ဆန်ရာ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက်၊ မြေကွက်အမှတ် ၇၅၊ ရိုးကြီး ၊ ဦးပိုင် ၃၄၊ ဝဒသမ၁၁၁ ဧကကို အမည်ပေါက်သူ ဦးမောင်ကျန် ၁/ဗမန(နိုင်)၀၆၃၉၆၆ သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်က စတင် ပိုင်ဆိုင်နေထိုင်ခဲ့သဖြင့် ဦးမောင်ကျန် အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမောင်ကျန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/3513, Toyota Probox NCP50, S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးပဏ္ဍိတ ၁၂/ရပသ(နိုင်) ၀၀၀၄၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၂၅၊ ငါးလွှာ)နေ (ဦးတင်ရွှေ- ဒေါ်တင်လေးဝေ)တို့၏သမီး၊ (ဦးအောင်ကြီး)၏ချစ်လှစွာသောဇနီး၊ မောင်ရဲဝင့်စိုးမြ၊ မရတနာစုသက်-ကိုရဲပြည့်ဖြိုးဦး၊ ကိုရဲလင်းအောင်၊ မောင်အံ့မော်ထွန်း၊ မောင်ရွှေစင်အောင်၊ မမြတ်သိင်္ဂါထွဋ်-ကိုသိန်းမင်းထွဋ်၊ မောင်ဝင်းသုထွဋ်၊ မမေအာရုံဦး-ကိုကျော်သီဟ၊ မဟေမာနယ်မုံဦး၊ မောင်ယံယံ တို့၏အဒေါ်သည် ၁၆-၆-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီ တွင်ထွက်ခွာပါမည်။)

**တူ၊ တူမများ**

---

### အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ
## ရှေ့နေ ဒေါ်ခင်ကြည် အသက်(၁၀၀) နှစ်
(B.A.,B.L.,Notary Public)
### ပဲခူးနောင်တော်ကြီး မြသာလျောင်း ဘုရားကြီး၏ မတည်အလှူရှင်
### မော်လမြိုင်အသင်း(ရန်ကုန်)၊
### ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံအဖွဲ့၊ ဗုဒ္ဓဘာသာကလျာဏ
### ယုဝတီအသင်း၊ ဘသင်-အေးမြ ဖောင်ဒေးရှင်းတို့၏
### အပူဇော်ခံနာယကကြီး

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၁၁၉-၁၂၁)နေ (ဦးဘသင်-ဒေါ်အေးမြ)တို့၏သမီး၊ (ဦးဉာဏ်ထွန်း-ဒေါ်လှကြည်)၊ (ဦးသိန်းဇော်-ဒေါက်တာဒေါ်သိန်းကြည်)၊ (ဒေါက်တာ ဦးမြသင်-ဒေါ်ထွေးကြည်)၊ (ဒေါက်တာ ဦးထွန်းသင်)-ဒေါက်တာဒေါ် မြင့်မြင့်အေး၊ (ဒေါက်တာ ဦးခင်မောင်တင်)-ဒေါက်တာဒေါ်ငွေးကြည်၊ ဦးဝင်းသင်(စာရင်းစစ်)တို့၏အစ်မ၊ ဒေါက်တာဒေါ်ခင်မေသက်၊ ဒေါက်တာ ဦးမြင့်သိန်း-ဒေါက်တာဒေါ်စောဥမ္မာ၊ ဦးဝင်းခိုင်-ဒေါ်ချိုနွယ်ညွန့်၊ ဦးသော်တာထွန်း-ဒေါ်သင်းသင်းဆွေ၊ ဦးသီဟသင်-ဒေါ်အေးအေးခိုင်၊ (ဦးဗညားသန်းဟိန်း)-ဒေါ်ဝင်းမူတင်၊ Mr.Cliff Wollam-ဒေါ်အေးမွန်တင်၊ ဒေါက်တာကံညွန့်-ဒေါက်တာမြတ်မာတင်၊ ဒေါ်ရွှေကြည်-(ဦးအောင်ထွဋ်)တို့၏ကြီးတော်ကြီး၊ မြေး၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၅-၆-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၅:၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နွဲ့(ပြင်ဦးလွင်)
### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အမှတ် B-8 နေ (ရဲမှူးကြီး တင်မောင်ငွေး-ငြိမ်း)-ဒေါ်တင်ရွှေ၊ ဦးသန်းလွင်-ဒေါ်သန်းသန်းဦး၊ ဦးငွေးလွင်-ဒေါ်ခင်လှ၊ ဦးမင်းလွင်(ညွှန်/ချုပ်-ငြိမ်း၊ လေကြောင်းဦးစီး)-ဒေါက်တာ ဒေါ်ခင်သီ၊ ဦးမြင့်ကိုကို-ဒေါ်တင်တင်ငွေ၊ ဦးအေးလွင်-ဒေါ်နှင်းနှင်း၊ ဦးသိန်းလွင်-ဒေါ်မိုးစံ၊ ဦးရည်အောင်-ဒေါ်ခင်ခင်ဝေ၊ ဦးလေးလွင်-ဒေါ်နီနီညွန့်၊ ဗိုလ်ကြီးစိုးလွင်(ငြိမ်း)-ဒေါ်တင်မာလွင်၊ ဦးတိုးလွင်တို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ် ၁၂ယောက်တို့၏ဘွားဘွားသည် ၁၅-၆-၂၀၂၀ရက် (တနင်္လာနေ့) ည ၉:၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ကြောင်းနှင့် ၂၁-၆-၂၀၂၀ရက်တွင် ရက်လည်ဆွမ်းကပ်လှူမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်စိန်
### မူ/ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### ပုသိမ်
### အသက်(၈၅)နှစ်

ပုသိမ်မြို့နေ (ဦးအေး-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးစိုးမြင့်)၊(ဒေါ်သန်းမြင့်)တို့၏ ညီမ၊ ဦးစိုးတင့်၏ အစ်မ၊ (ဦးသိန်းစိုး)(ကုန်သွယ်/လယ်ယာ)၏ဇနီး၊ ဦးကျော်ဝေ-ဒေါ်သက်သက်ဟန်(သီတာ)AUTOLIFE Car Services၊ ဦးဝင်းနိုင်ငွေး(ဥက္ကဋ္ဌ၊ ၄၂ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း)-ဒေါ်မာမာ ဟန်(မာလာ)တို့၏ မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား သည် ၁၅-၆-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၅နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံရိပ်မွန်၊ Rose Part (3) သန္တာနှင်းဆီလမ်း၊ အမှတ် ၁၂၁ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၁ -၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက်ပိုင်း တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ရီ(ရမ်းဗြဲ-ကျောက်နီမော်)
### နေဝန်းနှင်းဆီ အထည်ဆိုင်-မင်္ဂလာမွန်ဈေး
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ မြေနီ ၂လမ်း၊ အမှတ် ၄၄ကနေ ဦးငွေကျား-(ဒေါ်ဝင်းနု)တို့၏ သမီး၊ ဒေါ်မခင်သန်း၏အစ်မ၊ ဦးအောင်ကျော်သိန်း၏ချစ်လှစွာသောဇနီး၊ ဆရာမ ဒေါ်ခင်ခင်ကျော် (အထက-၂၊ သာကေတ)၊မောင်ကျော် မျိုးသန့်၊ မခင်မြတ်မွန်အောင်တို့၏ချစ်လှစွာသောမိခင်သည် ၁၆-၆-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၄:၃၀နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂ -၆-၂၀၂၀ရက် (တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သီတာချို
### အမက(၁၅)သဃ်ာန်းကျွန်း(ငြိမ်း)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၂၅၊ ငါးလွှာ)နေ (ဦးတင်ရွှေ- ဒေါ်တင်လေးဝေ)တို့၏သမီး၊ (ဦးအောင်ကြီး)၏ချစ်လှစွာသောဇနီး၊ ဒေါ်ချိုချိုဝင့်(တာဝန်ခံ ဓာတ်မှန်ဌာန၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး)၊ (ဦးစိုးမြ)၊ ဦးထွန်းထွန်း-ဒေါ်စိုးစိုးထိုက်၊ ဒေါ်မီမီချို၊ ဒေါ်လွင်လွင်ချို-ဦးမြင့်လှိုင်၊ ဦးအောင်ကျော်မိုးတို့၏မမကြီး၊ ကိုငြိမ်းချမ်းအောင်၊ မသဲဖြူဖြူအောင်-ကိုညီညီထက်ကျော်၊ ကိုဝေယံအောင်-မလဲ့လဲ့မွန်၊ မောင်ဘုန်းပြည့်အောင်-မစုရည်နှင်းတို့၏မိခင်၊ မယွန်းလဲ့ဝေယံ၊ မပန်းမြတ်သခင်၊ မရွှေရည်ပိုးထွဋ်တို့၏အဘွားသည် ၁၆-၆-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၁၈-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီ တွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**



# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသား ၈၄ ဦးနှင့် ဘရာဇီး၊ ကနေဒါ၊ ဂျပန်၊ နော်ဝေ၊ စပိန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ မြန်မာနိုင်ငံသား ၄၈ ဦး စုစုပေါင်း ၁၃၂ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

ဎင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ *စာမျက်နှာ ၇ ကော်လံ ၄* ❖


တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် တစ်ကျော့ပြန် ကူးစက်လာခြင်းကို စိုးရိမ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲပြော (စာ-၁၂)

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ (စာ-၁၅)

ကိုဗစ် - ၁၉ ရောဂါတုံ့ပြန်ဆောင်ရွက်ရေးနှင့် စေတနာ့ဝန်ထမ်းအင်အား ဆောင်းပါး (စာ-၁၆)


# မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ဇွန် ၁၆ ရက်မှစ၍ အမြန်ရထားတစ်စင်း ထပ်မံပြေးဆွဲ

**မိုးကောင်း ဇွန် ၁၆**

မြန်မာ့မီးရထားဌာနမှ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန် ယနေ့မှစ၍ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် အမြန်ရထားတစ်စင်း ထပ်မံပြေးဆွဲပေးနေပြီဖြစ်ကြောင်း မိုးကောင်းဘူတာရုံပိုင်ကြီး ဦးမျိုးသိန်းထွန်းထံမှ သိရသည်။

ကိုဗစ်ကာလအတွင်း လူစုလူဝေးများမဖြစ်ပေါ်စေရန် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ဒုတိယ အမြန်ရထားတစ်စင်းသာ ပြေးဆွဲပေးလျက်ရှိရာ ယနေ့မှစ၍ ကိုဗစ်ကာလအတွင်း ပြေးဆွဲမှု ရပ်ဆိုင်းထားသည့် အမှတ်(၅၇)အဆန် မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထားတစ်စင်းနှင့် *စာမျက်နှာ ၇ ကော်လံ ၁* ●





# COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန


# ဂျော်ဂျင်ဟိုနှင့် အလွန်ဆိုကို ခေါ်ယူရန် ကစားသမားနှစ်ဦးအပြင် ငွေသားအလိုက်ပေးကမ်းလှမ်းရန် ဂျူဗင်တပ်စ် စီစဉ်



အီတလီစီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုနှင့် ဘယ်ခံစစ်ကစားသမား မားကို့စ် အလွန်ဆိုတို့ကို ခေါ်ယူနိုင်ရန်အတွက် အသင်းမှ ကစားသမားနှစ်ဦးအပြင် ငွေသား အလိုက်ပေးကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နည်းပြဆာရီသည် ဂျူဗင်တပ်စ်အသင်းသို့ ပြန်လည် မပြောင်းရွှေ့မီတွင် စတန်းဖို့ဒ်ဘရစ်၌ တစ်နှစ်ကြာ ဖြတ်သန်းခဲ့သူဖြစ်သည်။ ထို့ကြောင့် ဆာရီသည် အဆိုပါ ကွင်းလယ်ကစားသမားနှင့် ဘယ်ခံစစ်ကစားတို့၏ ခြေစွမ်းကို ကြိုက်နှစ်သက်သည့်အတွက် ဂျူဗင်တပ်စ်အသင်းသို့ ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် ကိုဗစ် - ၁၉ ကြောင့် အသင်းဘဏ္ဍာရေးထိခိုက်သည့် အသင်းများထဲတွင် တစ်သင်းအပါအဝင်ဖြစ်လင့်ကစား နွေရာသီအပြောင်းအရွှေ့ကာလတွင် နည်းပြဆာရီ ခေါ်ယူရန် ဆန္ဒရှိနေသည့် ကစားသမားများကို အသင်းသို့ခေါ်ယူဆောင်ကြဉ်းပေးနိုင်ရန် စိတ်အားထက်သန်နေကြောင်း သိရသည်။ ဆာရီသည် ၂၀၁၈ ခုနှစ်တွင် နာပိုလီအသင်းမှ ထွက်ခွာပြီး ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက်တွင် ဂျော်ဂျင်ဟိုကို ခေါ်ယူခဲ့ကာ ချယ်လ်ဆီးအသင်းပရိသတ်များက ဝေဖန်မှုများရှိခဲ့သည့်တိုင် ဂျော်ဂျင်ဟိုကို ပုံမှန်ပွဲထွက်ကစားစေခဲ့ကြောင်း သိရသည်။

တူရင်၌ ပီဂျာနစ်၏အနာဂတ် သံသယဖြစ်စရာအနေအထားဖြစ်လာခဲ့ခြင်းကြောင့် ဂျူဗင်တပ်စ်အသင်းအနေဖြင့် ၎င်းတို့၏ ကွင်းလယ်အင်အားကို ဖြည့်တင်းလုပ်ဆောင်ဖွယ်ရှိနေခြင်းဖြစ်သည်။ ထို့အပြင် ဂျူဗင်တပ်စ်အသင်းသည် ဘယ်ခံစစ်ကစားသမားနေရာကို အလွန်ဆိုဖြင့် ဖြည့်တင်းလိုနေသည်။ အလွန်ဆိုသည် နည်းပြလမ်းပတ်လက်အောက်၌ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသူဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၄* ◆

မြန်မာ့အလင်း

# ယနေ့ရန်ကုန် Yangon Today

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့





# ကိုဗစ်ကာလ ရန်ကုန်အခြေစိုက်

## အဝေးပြေးယာဉ်လိုင်းများ၏ စီမံမှုအသစ်

သျှင်ဝင်းသျှင်

**ကမ္ဘာ့နိုင်ငံများနှင့်အတူဖြစ်ပွားခဲ့သော၊ ဖြစ်ပွားနေဆဲကာလအတွင်း မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုမှာ စိတ်ချရပြီဟု မဆိုနိုင်သေးသော်လည်း အလွန်စိုးရိမ်ပူပန်ရမည့်အခြေအနေမှ တစ်ဆင့်တက်လှမ်းနိုင်သော အနေအထားသို့ရောက်ရှိလာခဲ့ပြီဟုဆို၍ရနိုင်ပြီ ဖြစ်သည်။**

တစ်ဆင့်ချင်းဖြေလျှော့မှုများဖြင့် မူလအနေအထားသို့ရောက်ရှိနိုင်ရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းနေကြသည်။ ဈေးဝယ်စင်တာကြီးများ ပြန်ဖွင့်ပြီ၊ စားသောက်ဆိုင်များပြန်ဖွင့်ခွင့်ရရှိနေပြီ၊ ဌာနဆိုင်ရာရုံးများ၊ ကုမ္ပဏီများ ဝန်ထမ်းအပြည့်ဖြင့် ပြန်လည်လည်ပတ်နေကြပြီ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြန်စနေကြပြီ ဖြစ်သည်။ နောက်ဆုံး ကလေးငယ်များ အများအပြားစုရုံးရာ အခြေခံကျောင်းများ(အထက်တန်းအဆင့်) ဇူလိုင် ၂၁ ရက်တွင်ပြန်လည်ဖွင့်လှစ်တော့မည်ဟုသိရသည်။ ထို့အတူ ပြည်တွင်းခရီးသွားလာမှုများ ယခင်ထက်ပြန်လည်သက်ဝင်လာကြတော့မည် ဖြစ်သည်။

ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလာမှု (အဝေးပြေးလိုင်းများ)ကို တရားဝင်ပိတ်ထားခြင်းမရှိသော်လည်း ပြည်သူသို့ ပန်ကြားချက်များ၊ ဒေသန္တရအမိန့်များ၊ ညမထွက်ရအမိန့်များ၊ ငါးဦးထက်ပိုမိုစုဝေးခွင့်မရှိသောကာလအတွင်း ပြည်တွင်းခရီးသွားလာမှု မရှိတော့သဖြင့် အလိုလို ရပ်ဆိုင်းသွားခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အဝေးပြေးဂိတ်ရင်းကြီးသုံးခုရှိသည်။ မြောက်ဥက္ကလာပမြို့နယ်တွင် အောင်မင်္ဂလာအဝေးပြေးဂိတ်၊ လှိုင်သာယာမြို့နယ်တွင် ဒဂုံဧရာအဝေးပြေးဂိတ်၊ ဒလမြို့နယ် သဘော်ဆိပ်အနီးရှိ ကားကြီးဝင်းဂိတ်တို့ ဖြစ်သည်။

ကိုဗစ်မဖြစ်ခင်ကာလအထိ ထိုအဝေးပြေးဂိတ်ရင်းသုံးခုမှာ ခရီးသွားများ နေ့ညမပြတ်အောင် ရှိနေခဲ့သည်။ အဝေးပြေးယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်များ ဥဒဟို ဝင်ထွက်နေကြသည်။

ယင်းဂိတ်များနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(ရုံးချုပ်)(YRTA) မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က "ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးရဲ့ ထူးခြားချက်က အခြားတိုင်းဒေသကြီး၊ ပြည်နယ်ရှိ အစွန်ကမြို့တွေနဲ့ ကားလမ်းချင်း ဆက်စပ်တည်ရှိနေတယ်။ အဲဒီနေရာမှာ တွေ့ရမှာက YRTA အနေနဲ့ အဝေးပြေးယာဉ်လိုင်းစနစ်နဲ့ ပြေးဆွဲရတာဖြစ်တယ်။ မြန်မာပြည်မြောက်ဖျားဆို မြစ်ကြီးနား၊ တောင်ဘက်ဆို ကော့သောင်းအထိ လိုင်းကားတွေပေါက်တယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ အခြေပြု အဝေးပြေးယာဉ်လိုင်းပေါင်း ၂၀၀ ကျော်ရှိတယ်။

"ရန်ကုန်ဂိတ်တွေရဲ့ အနေအထားက သင်္ကြန်ကာလနဲ့ယှဉ်ပြောရရင် သင်္ကြန်မတိုင်မီ ရက်တွေကစပြီး နယ်အသီးသီးကို ပြန်ကြတာများတယ်။ နောက်တစ်ခါ နှစ်ဆန်း ၁ ရက်အထိက ရန်ကုန်အပြန် အဝင်မရှိသလောက် အနေအထားပါ။ ဒီ့အပြင် သင်္ကြန်ရက်မတိုင်မီ ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ပထမ Stay at Home ၊ နောက်ပိုင်းကာလတွေမှာလည်း အပိုင်းအခြားအလိုက် တစ်ဆင့်ချင်း ကန့်သတ်ထိန်းချုပ်မှုတွေရှိလာနေသေးတော့ ခရီးသွားလာမှုကလည်း တန့်သွားတာပါ။ ဒါကြောင့် သင်္ကြန်ကစပြီး လိုင်းကားတွေ တစ်စတစ်စ နားသွားကြတာပါ။

"အခု ကိုဗစ်ကာလတစ်လျှောက် ဒီရောဂါကြီးကို ကာကွယ်ထိန်းချုပ်မှုအတွက် သွားလာမှုတွေကို ထိန်းချုပ်ရမှာလည်း အမှန်ဖြစ်ပါတယ်။။ ဒါကလည်း လုပ်ကို လုပ်ရမယ့်ကိစ္စပါ၊ တစ်ဖန် လူစုလူဝေးမဖြစ်စေဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဒေသန္တရအမိန့်တွေနဲ့ ထိန်းသိမ်းနေကြတာလည်း ဖြစ်တယ်။ တချို့မြို့တွေက အဝင်ကန့်သတ်ထားကြတယ်။ တချို့မြို့တွေက သူတို့မြို့ရောက်ရင် စောင့်ကြည့်စင်တာတွေကို ဝင်ကြရတယ်။ ဘယ်သူမှ အဲဒီလိုမဝင်ချင်ကြဘူး။ တစ်ခါ...ညမထွက်ရအမိန့်ကလည်း ကျွန်တော်တို့ အဝေးပြေးခရီးသွားကဏ္ဍအတွက် အတော်စိစဉ်ရခက်တဲ့ အပိုင်းတစ်ခု ဖြစ်လာတယ်။ ရန်ကုန်က ကားတွေက ညပိုင်းထွက်တာများတယ်။

အချပ်ပို (ခ) သို့

# ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးမှုပုံရိပ်ဖြစ်လာမယ့် ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်မြို့တော်

**ဇင်လင်းမြင့်**

မိုးယံကို ထိုးထွက်နေတဲ့ အထပ်မြင့်တိုက်တာအဆောက်အအုံတွေ ရန်ကုန်မြို့လယ်မှာ တဖြည်းဖြည်းနဲ့ များလာတာ သတိပြုနေမိပါတယ်။ အသစ်ဆောက်လုပ်လက်စ အထပ်မြင့် စီမံကိန်းတွေရှိနေသလို အကောင်အထည်ဖော်ဖို့ရှိနေတဲ့ စီမံကိန်းတွေလည်း တန်းစီနေပါတယ်။ ရန်ကုန်မြို့လယ်မှာ ဒီလိုစီမံကိန်းတွေရှိနေသလို ရန်ကုန်မြို့ပြင် ဆင်ခြေဖုံးမြို့နယ်တွေမှာလည်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေရှိနေပါတယ်။ အခုဆိုရင် လှည်းကူးမြို့နယ်မှာရှိတဲ့ ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်စီမံကိန်းဟာ အကောင်အထည်ဖော်တော့မှာဖြစ်ပါတယ်။

**နိုးထရုန်းကန်ကြရတော့မှာဖြစ်**

ဒီစီမံကိန်းဟာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်စခန်းနယ်မြေ ဧရိယာ ၅၅၅ ဧကကျော်မှာ တည်ဆောက်မှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှာ တည်ဆောက်ရေးလုပ်ငန်းတွေ စတင်တော့မှာ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကြောင့် စီမံကိန်းလုပ်ငန်းအစီအစဉ်တွေ နှောင့်နှေးခဲ့ရပေမယ့် အခုအချိန်မှာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စတဲ့ကဏ္ဍအသီးသီးမှာ ကျန်းမာရေးအရ သတ်မှတ်စည်းကမ်းတွေအတိုင်း လိုက်နာပြီး နိုးထရုန်းကန်ကြရတော့မှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းနဲ့ပတ်သက်ပြီး ၂၀၂၀ ပြည့်နှစ် ဇွန် ၁၀ ရက်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနဲ့ မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယား သံအမတ်ကြီးမစ္စတာ Lee Sang-hwa တို့ video conferen-cing စနစ်နဲ့ ဆွေးနွေးခဲ့ကြပါတယ်။ စီမံကိန်းလုပ်ငန်းတွေ အစီအစဉ်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပြီး သတ်မှတ်ထားတဲ့အတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်သွားကြမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တွင်း ဧရိယာတွေ၊ မြို့နယ်တွေမှာ အဆောက်အအုံတွေ ပြည့်ကျပ်ပြီး ယာဉ်ကြောပိတ်ဆို့မှုနဲ့ လူနေထူထပ်မှုတွေကြောင့် ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့နယ်တွေမှာ စက်မှုဇုန်တွေ၊ စက်မှုဥယျာဉ်တွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေအပြင် မြို့သစ်စီမံကိန်းတွေ၊ အိမ်ရာစီမံကိန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ အခု ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းဟာလည်း မကြာမီကာလမှာ အကောင်အထည်ပေါ်လာတော့မယ့် စက်မှုဥယျာဉ် မြို့တော်စီမံကိန်းတစ်ခု ဖြစ်ပါတယ်။



ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်မြို့တော်ပုံစံငယ်။

**စီမံကိန်းတစ်ခုလုံးကို အပိုင်းနှစ်ပိုင်းခွဲ**

ဒီစီမံကိန်းဟာ စုစုပေါင်းမြေဧရိယာ ၅၅၅ ဒသမ ၈၁ ဧကပေါ်မှာ တည်ဆောက်မှာဖြစ်ပြီး စီမံကိန်းတစ်ခုလုံးကို အပိုင်းနှစ်ပိုင်းခွဲပြီး အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းအပိုင်း(၁)အနေနဲ့ မြေအကျယ်ဝန်းဧက ၃၁၄ ဒသမ ၆၉ ဧကပေါ် ဆောင်ရွက်မှာဖြစ်ပြီး စီမံကိန်း အပိုင်း(၂)အနေနဲ့ မြေဧက ၂၄၁ ဒသမ ၁၂ ဧကပေါ်မှာ အကောင်အထည်ဖော်သွားဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံအစိုးရနဲ့ တောင်ကိုရီးယားအစိုးရတို့အကြား သဘောတူညီမှုနဲ့ မြန်မာနိုင်ငံမှာ တောင်ကိုရီးယားရဲ့ ပထမဆုံး စက်မှုဥယျာဉ်မြို့တော် စီမံကိန်း ဖြစ်ပါတယ်။ တကယ်တော့ ဒီစီမံကိန်းကို မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ တောင်ကိုရီးယားအစိုးရပိုင် LH(Land and Housing) တို့က ၂၀၁၇ ခုနှစ် ဇွန်လ ၁၆ ရက်မှာ တောင်ကိုရီးယားနိုင်ငံပိုင် ဂျယ်ဂျူးကျွန်းမှာ လက်မှတ်ရေးထိုးခဲ့ကြတာ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လှည်းကူးမြို့နယ် ညောင်နှစ်ပင်စခန်းနယ်မြေကို ကိုရီးယား-မြန်မာ စက်မှုမြို့တော် (KMIC) ထူထောင်ရန် စတင်ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ တကယ်တော့ ဒီစီမံကိန်းဆောင်ရွက်ဖို့အတွက် ၂၀၁၅ ခုနှစ်ကတည်းက နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**အသေးစိတ်ဒီဇိုင်းရေးဆွဲမှုတွေ ပြုလုပ်**

ကိုရီးယား- မြန်မာ စက်မှုမြို့တော် စီမံကိန်းကို ငါးနှစ်အတွင်း အကောင်အထည် ဖော်သွားမှာဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၁၁၀ ခန့်ကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ တောင်ကိုရီးယားနိုင်ငံက ၆၀ ရာခိုင်နှုန်းနဲ့ မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း ပါဝင်မှာဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ အသေးစိတ်ဒီဇိုင်းအတွက်လည်း အရည်အချင်းပြည့်မီတဲ့ အကြံပေးအဖွဲ့ကို တင်ဒါစနစ်နဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံမှ Kyong Dong Engineering Co.,Ltd. က ရွေးချယ်ခံရလို့ အခုဆိုရင် အသေးစိတ်ဒီဇိုင်းရေးဆွဲမှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။

ဒီနှစ် လာမယ့် အောက်တိုဘာလမှာ လုပ်ငန်းတွေ စတင်တော့မှာ ဖြစ်တာမို့ မကြာခင်မှာ ဆောက်လုပ်ရေးကုမ္ပဏီတွေကို တင်ဒါခေါ်တော့မှာဖြစ်ပါတယ်။ နိုင်ငံတကာက ဆောက်လုပ်ရေးကုမ္ပဏီတွေ၊ ပြည်တွင်းက ကုမ္ပဏီတွေ ပါဝင်ယှဉ်ပြိုင်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုနဲ့ စည်းကမ်း စနစ်တကျရွေးချယ်ကာ အရည်အချင်း သတ်မှတ်ချက်ပြည့်မီတဲ့ ဆောက်လုပ်ရေးကုမ္ပဏီ တွေကိုခေါ်ယူသွားမှာဖြစ်ပါတယ်။

ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်မြို့တော်စီမံကိန်းကို ဒီဇိုင်းရေးဆွဲရာမှာ မြေသားလုပ်ငန်း၊ လူသွားလမ်း၊ ကားလမ်း၊ ရေဆိုးစနစ်၊ ရေစီးရေလာစနစ်၊ မြေယာရှုခင်းဒီဇိုင်း၊ ရေပေးဝေရေးဒီဇိုင်းပုံစံ၊ လျှပ်စစ်ပိုင်းဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းစနစ်တွေ ပါဝင်မှာဖြစ်ပါတယ်။

**အဆင့်မီစွာအကောင်အထည်ဖော်သွားမှာဖြစ်**

ဒီစက်မှုဥယျာဉ်မြို့တော် စီမံကိန်းမှာ အသေးစား၊ အလတ်စား၊ အကြီးစား စက်မှုလက်မှုလုပ်ငန်းတွေသာမကဘဲ သင်တန်းကျောင်း၊ ဝန်ထမ်းအိမ်ရာ၊ ပန်းခြံနဲ့ ရေဆိုးသန့်စင်စက်ရုံ၊ အဆင့်မြင့်အိမ်ရာနဲ့ အခြားစီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုဇုန်တွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ ခေတ်မီ လူမှုစီးပွား ဘဝနေထိုင်မှုပုံစံအတိုင်း အကောင်အထည်ဖော်သွားမှာဖြစ်ပြီး နိုင်ငံတကာက စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ လာရောက်လုပ်ကိုင်နိုင်ဖို့အတွက် အဆင့်မီစွာ အကောင်အထည်ဖော်သွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီစီမံကိန်းကို အကောင်အထည်ဖော်တဲ့အခါ စီမံကိန်းအပိုင်း(၁)ကို ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ် အပြီးတည်ဆောက်မှာ ဖြစ်သလို စီမံကိန်းအပိုင်း(၂)ကို ၂၀၂၀ ပြည့်နှစ်မှ စတင်ပြီး ၂၀၂၃ ခုနှစ်မှာ အပြီးဆောင်ရွက်သွားဖို့ ရည်မှန်းချက်ထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တကယ်တော့ စီမံကိန်းလုပ်ငန်းတွေက ၂၀၁၉ ခုနှစ်ကတည်းက စတင်နေတာဖြစ်ပြီး ၂၀၂၃ -၂၄ ခုနှစ်မှာ စီမံကိန်းလုပ်ငန်းတွေ အားလုံးပြီးစီးနိုင်မယ်လို့ မျှော်မှန်းထားကြောင်း သိရပါတယ်။

ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်း ပြီးစီးသွားရင် ပြည်ပပို့ကုန်ထုတ်လုပ်တဲ့စက်ရုံတွေကို ငှားရမ်းလုပ်ကိုင်စေနိုင်မှာဖြစ်သလို တောင်ကိုရီးယားနိုင်ငံမှ စက်မှုလုပ်ငန်းတွေလည်း လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဖို့ရှိနေတယ်လို့ ဆိုပါတယ်။ တောင်ကိုရီးယား စီးပွားရေးမိတ်ဖက်နိုင်ငံတွေကလည်း ဒီစီမံကိန်းပြီးသွားရင် လာရောက်လုပ်ကိုင်ကြဖို့ရှိနေကြောင်း သိရပါတယ်။

ဒီစီမံကိန်းကြောင့် ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်း ၅၀၀၀၀ မှ တစ်သိန်းအထိ ရရှိစေနိုင်မှာဖြစ်သလို ရန်ကုန်မြို့ဧရိယာအတွင်းမှာ နိုင်ငံတကာအဆင့်မီ စက်မှုဥယျာဉ်မြို့တော်တစ်ခု ပေါ်ထွက်လာမှာမို့ ရန်ကုန်မြို့ရဲ့ အနာဂတ်ပုံရိပ်က ဆန်းသစ်ဝေဖြာနေဦးမှာ ဖြစ်ပါတယ်။ ။

---

***ကိုဗစ်ကာလ ရန်ကုန်အခြေစိုက် အဝေးပြေးယာဉ်လိုင်းများ၏ စီမံမှုအသစ် . . . မှ***

ကန့်သတ်ချိန်ရောက်ရင် ရောက်တဲ့နေရာမှာ ဒီကားတွေရပ်ထားဖို့ဆိုတာ မလွယ်ပါဘူး။ ပြည်သူအများ ခရီးသွားလာမှု လိုအပ်တဲ့အခါ ကျွန်တော်တို့ဘက်က ပျက်ကွက်မှု မရှိရလေအောင် လိုင်းတွေ ဖွင့်ထားပေးပါတယ်။ ဒါပေမယ့် မပြေးနိုင်ခဲ့ဘူး ဘာဖြစ်လို့လဲဆိုတော့ တခြား တိုင်းဒေသကြီး၊ ပြည်နယ်တွေကပါ ခရီးသွားလာမှု စည်ပင် ပါမှ ဒီကိုလာလို့ရမှာဖြစ်ပါတယ်။ ဒီဘက် ဟိုဘက် ဖွင့်ထားကြရမှာဖြစ်တာကိုး။ အဲဒီတော့ အဝေးပြေးလိုင်းကားကြီးတွေက အလိုလိုရပ်ဆိုင်းသွားရတဲ့အနေအထားပါ။

"အခုမေလကစပြီး နိုင်ငံတော်ကလည်း အဆင့်ဆင့်ဖြေလျှော့မှုတွေ ပြုလာတယ်။ ကုန်စည်စီးဆင်းမှုတွေ ခွင့်ပြုလာတယ်။ သွားလာမှုတွေပေါ်မှာလည်း အထိုက်အလျောက် ဖြေလျှော့လာတယ်။ အဲဒါကြောင့် အဝေးပြေးယာဉ်လိုင်းတွေ တစ်စတစ်စ ပြန်ထွက်နေကြပါပြီ။ အခုဆို ပြေးဆွဲလာတဲ့ လိုင်းတွေများလာပြီလို့ ပြောရမှာပေါ့။ နောက်ဆုံး ဇွန် ၁၁ ရက်အထိ မှတ်တမ်းအရ အောင်မင်္ဂလာ အဝေးပြေးဂိတ်ကနေ လိုင်းပေါင်း ၁၄၁ လိုင်း၊ ယာဉ်အစီးရေပေါင်း ၄၅၀ ထွက်နိုင်ခဲ့ပြီး ခရီးသည် ၄၇၀၀ ကျော် အသွားအလာရှိခဲ့ပါတယ်။

"ဒဂုံရောအဝေးပြေးဂိတ်က လိုင်းပေါင်း ၆၆ လိုင်းကနေပြီး ယာဉ်အစီးရေ ၁၉၉ စီးထွက်ပြီး ခရီးသည် ၁၇၀၀ နီးပါး သွားခဲ့ကြပါတယ်။ နောက်ဒလကားကြီးဝင်းကနေ ကားကြီး၊ ကားလတ်၊ ကားလေး၊ တက္ကစီယာဉ်များအပါ ၁၄ လိုင်းက ယာဉ်အစီးရေ ၅၅ စီးနဲ့ခရီးသွားလာမှု ၄၀၀ ကျော် ရှိခဲ့ပါတယ်။ အရင်လောက်တော့ မများသေးဘူးပေါ့" ဟု ရှင်းပြပေးပါသည်။

စမ်းချောင်းမြို့နယ်မှ ဦးဇော်လွင်ထွန်းက "နယ်ခရီးတွေသွားဖို့ ရှိနေပါတယ်။ လိုင်းကားကြီးတွေ ပြန်ထွက်နေကြပါပြီ။ ဒါပေမယ့် အခုအချိန်က ဒီရောဂါအတွက် သူ့မယုံရ၊ ကိုယ့်မယုံရတဲ့ အနေအထားမှာ ခရီးရှည်ကို လိုင်းကားနဲ့စီးသွားရမှာ အတော်စဉ်းစားနေရတုန်းပါ"ဟု ဆိုလာသည်။

ယခုအခါ နယ်အဝေးပြေးလိုင်းကားကြီးများပြန်ထွက်ရာ၌ ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်တုံ့ပြန်ရေးကော်မတီ၏ တားမြစ်ချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်အပေါ် ယာဉ်ပိုင်ရှင်များ၊ ကားဂိတ်များ၊ ယာဉ်မောင်းများ၊ ဝန်ထမ်းများက အထူးဂရုပြု လိုက်နာဆောင်ရွက်ကြသည်ဟု သိရသည်။

ထို့အပြင် ကားကြီးများတွင် တစ်ခုံနှင့်တစ်ခုံ၊ ပလတ်စတစ်ကာဘာများ၊ ပိတ်စကာဘာများဖြင့် တစ်ဦးနှင့်တစ်ဦးကို အကာအကွယ်ပေးစီစဉ်မှုများကို တွေ့လာရသည်။

JJ Express မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကြီးတန်းမန်နေဂျာ ဒေါ်ကျော့ကျော့သက်က "ဒီအချိန်မှာ ခရီးသွားတွေရဲ့ စိတ်ပူပန်မှုတွေကို လျော့ကျစေချင်တဲ့အဓိကရည်ရွယ်ချက်ပါ၊ ခရီးစဉ်တစ်လျှောက်မှာ စိတ်ချလက်ချနဲ့ ကြောင့်ကြမဲ့စွာ သွားနိုင်စေဖို့ စီစဉ်ရခြင်း ဖြစ်ပါတယ်။ ဇွန် ၁၅ ရက်မှာ မန္တလေးခရီးစဉ်နဲ့ စမှာပါ။ ပထမတစ်စီးကတော့ Super Safety Seat ပါ။ ခရီးသည်တစ်ဦးနဲ့တစ်ဦး ထိတွေ့နိုင်မှု မရှိစေဖို့ ဘေးဘယ်ညာရှေ့ကို အကာအရံတွေနဲ့ စီစဉ်ထားတာပါ။ ကာဘာပြုလုပ်ထားတဲ့ ပိတ်စတွေက ဒီခရီးစဉ်အတွက် တစ်ခါသုံး ချည်းပါပဲ။ အောင်မင်္ဂလာအဝေးပြေးဂိတ်ကနေ ဇွန် ၁၅ ရက် ည ၉ နာရီတိတိမှာ ထွက်ခွာမှာ ဖြစ်ပါတယ်။ ခရီးသည်တစ်ဦးကို ယာဉ်စီးခကျပ် ၁၆၈၀၀ ပဲ သတ်မှတ်ထားပါတယ်။"

"နောက်တစ်စီးကတော့ Dream Bus အိပ်မက်ခရီးလို့လည်းဆိုနိုင်ပါတယ် ယာဉ်ပေါ်မှာ ကိုယ့်အခန်းလေးနဲ့ကိုယ် သီးခြား စီးသွားနိုင်တာမို့ ဘေးပတ်ဝန်းကျင်အတွက် စိုးရိမ်ပူပန်ရတာတွေ မရှိနိုင်တော့ဘူးပေါ့။ သူကလည်း ၁၅ ရက် ည ၉ နာရီခွဲမှာ အောင်မင်္ဂလာအဝေးပြေးဂိတ်ကပဲ စထွက်မှာ ဖြစ်ပါတယ်။ ခရီးစဉ်အတွက်က တစ်ဦးကို ငွေကျပ် ၂၉၈၀၀ သတ်မှတ်ထားပါတယ်။ ဒါကလည်း ကိုဗစ်ကာလကထွက်ခဲ့တဲ့ One Plus One တုန်းက ယူထားတဲ့ လက်မှတ်ခထက် ပိုသက်သာပါတယ်။"

"နောက်လေအေးစက်က လေသန့်စင်စက်နဲ့ အမြဲတွဲထားတာဆိုတော့ လေအရည်အသွေးကစပြီး စနစ်တကျစီစဉ်ထားတာပါ။ ထိုင်ခုံပေါ်မှာပါတဲ့ အခင်းကလည်း တစ်ခါသုံးပါပဲ။ ဒီခရီးစဉ်ပြီးတာနဲ့ နောက်တစ်ခုအသစ်လဲပေးသွားမှာပါ။ တံခါးတွေရှိတယ်ဆိုပေမယ့် သံလိုက်နဲ့ထိန်းထားတာမို့ အရေးအကြောင်းရှိရင် အပြင်ကလည်း အလွယ်တကူဖွင့်လို့ရပါတယ်။ ဘာမှစိုးရိမ်စရာမရှိပါဘူး။ နောက်တစ်ချက်က ခရီးသည်တွေနဲ့အတူပါလာတဲ့ ပစ္စည်းအားလုံးကိုလည်း ပိုးသတ်ဆေးဖျန်းတဲ့ စက်ကြီးနဲ့ ဆေးဖျန်းပေးသွားမှာပါ၊ ခရီးသည်တစ်ဦးချင်းစီကို လက်သန့်ဆေးရည်နဲ့ ကားပေါ်မတက်ခင်မှာ ဆောင်ရွက်ပေးမှာဖြစ်ပြီး သတ်မှတ်အကွာအဝေးတိုင်း တက်စေမှာဖြစ်ပါတယ်။ အကယ်၍၊ မေ့လျော့ပြီး နှာခေါင်းစည်း မပါလာဘူးဆိုရင်တော့ သတ်မှတ်တန်ဖိုးနဲ့ စီစဉ်ပေးသွားမှာပါ" ဟု ဆိုထားသည်။

ဒါ့အပြင် ကားဂင်းအတွင်းမှ တာဝန်ရှိသူအသီးသီးတို့ကလည်း ကားမထွက်မီ စစ်ဆေးမှုများလည်း အစဉ်တစိုက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိနေသည်ဟု သိရသည်။

သို့အတွက် ဦးဇော်လွင်ထွန်းကဲ့သို့ ခရီးသွားချင်ပါလျက် စိုးရိမ်ပူပန်မှုများရှိနေသူများအတွက် ရန်ကုန်အဝေးပြေးဂိတ်များက ခရီးသွားပြည်သူများအပေါ် ဝန်ဆောင်မှုအပြည့်ဖြင့် ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါး၍ တင်ပြလိုက်ရပါသည်။ ။

# စည်းကမ်းတကျ သွားလာပေး၊ ယာဉ် လမ်း အန္တရာယ်ကင်းရှင်းရေး

ရှင်နော်၊ ဓာတ်ပုံ- လင်းညွန့်



"ရှီရှီ . . . ရှီရှီ"
ကြားလိုက်ရသော ခရာသံရှည် နှစ်ချက်တွဲမှုတ်သံကြောင့် စာရေးသူအပါအဝင် လက်ဖက်ရည်ဆိုင်အတွင်းစားသောက်နေသူများအားလုံး ခရာသံထွက်ပေါ်လာရာ အရပ်သို့ အကြည့်က ရောက်သွားကြသည်။ အရာရှိတစ်ဦးဦးဆောင်ကာ အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ခုနစ်ဦး - ရှစ်ဦးခန့် အင်းစိန်လမ်းအတိုင်း လျှောက်လှမ်းလာကြသည်။

စာရေးသူမှာ ကမာရွတ်မြို့နယ် အနော်ရထာအိမ်ရာဝင်းအနီးရှိ လက်ဖက်ရည်ဆိုင်တွင် ရောက်ရှိနေခိုက်ဖြစ်သည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ လမ်းလျှောက်လာသည်ကို မြင်တွေ့သည်နှင့် အင်းစိန်လမ်းမ ဖြူနီကျားတစ်လျှောက် ရပ်တန့်ထားသော တက္ကစီသမားများမှာ မိမိကားပေါ်သို့ အလုအယက်တက်၍ မောင်းနှင်သွားကြသည်။ လှည်းတန်းမှတ်တိုင်အနီးရှိ လူကူးမျဉ်းကျားပေါ်တွင် ရပ်တန့်ကာ ခရီးသည်ရှာဖွေနေသော အငှားယာဉ် တစ်စီးမှာ နောက်ကြည့်မှန်တွင် ပေါ်လာသော ယာဉ်ထိန်းရဲပုံရိပ်များကို ကြည့်ကာ မသိမသာ မောင်းထွက်သွားသည်။

### မေးမြန်းစုံစမ်း

လှည်းတန်း အင်းစိန်လမ်းမတစ်လျှောက် ရပ်တန့်ထားသော အိမ်စီးကားများအနက် မောင်းနှင်မည့်သူအနီးတွင်ရှိသည့် ကားများမှာ တစ်စီးပြီးတစ်စီး မောင်းထွက်သွားကြသည်။ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက မောင်းသူမဲ့ ရပ်တန့်ထားသော ကားများအနီးတွင် ယာဉ်ပိုင်ရှင်ကို မေးမြန်းစုံစမ်းကြသည်။ ပိုင်ရှင်မတွေ့သောအခါ ယာဉ်ကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ စာရေးသူတို့ကြည့်နေဆဲအခိုက်မှာပင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အချို့က အင်းစိန်လမ်း တစ်ဖက်ခြမ်း(ရန်ကုန်မြို့တွင်းအသွားဘက်)သို့ လမ်းဖြတ်ကူးသွားသည်ကို တွေ့မြင်ရသည်။

ရန်ကုန်မြို့ထဲဘက်သို့သွားရာ အင်းစိန်လမ်းတစ်လျှောက် လှည်းတန်းတစ်ဝိုက်သည် နံနက်ခင်းမိုးအလင်းမှစ၍ ဈေးရောင်းကားများ နေ့စဉ်လာရောက်ရောင်းချလေ့ရှိသည်။ ယာဉ်ထိန်းရဲသုံးဦးခန့် လမ်းဖြတ်ကူးလာသည်ကို တွေ့မြင်သည်နှင့် ဖိနပ်များရောင်းချနေသော ဈေးကားမှာ ချက်ချင်းထွက်သွားသည်။

### လူသွားလူလာ ရှုပ်ထွေးနေ

နိုင်ငံတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျော့နည်းသွား၍ ပြည်သူများ ပုံမှန်နီးပါးသွားလာနေကြပြီဖြစ်ရာ လှည်းတန်းမီးပွိုင့်အနီးတွင်လည်း ပုံမှန်နီးပါး ယာဉ်ကြောပိတ်ဆို့လာလျက်ရှိသည်။ စာရေးသူ နံနက်စာစားရန် လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိနေသည်မှာ နာရီဝက်ခန့်ရှိပြီဖြစ်ရာ ဈေးရောင်းကားများ၊ အငှားယာဉ်များနှင့် နံနက်ခင်း ထွက်စပြုနေသော လမ်းဘေးဈေးသည်တစ်ဦးနှစ်ဦးကြောင့် အင်းစိန်လမ်းမ လှည်းတန်းတစ်ဝိုက်သည် လူသွားလူလာ ရှုပ်ထွေးနေသည်ဟု ထင်မြင်ရသည်။

သို့သော် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ထွက်ပေါ်လာသောအခါ ရှုပ်ထွေးသယောင်ထင်နေရသော မြင်ကွင်းများမှာ တစ်မုဟုတ်ခြင်း ပြောင်းလဲသွားသည်။ အဆင်ပြေသလို နှစ်ထပ်ရပ်၍ ခရီးသည်တင်သော YBS ယာဉ်ကြီးများမှာ ရှေ့နောက်တန်းစီကာ ခရီးသည်အတင်အချ ပြုကြသည်။ မှတ်တိုင်မှ ဖြည်းညင်းစွာ ထွက်ခွာသလို အရှိန်သတ်ကာ မှတ်တိုင်သို့ ဖြည်းညင်းစွာ ဝင်ရောက်ကြသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက ခရီးသည်တင်ကားကြီးများကို လိုင်စင် ပါ၊ မပါ စစ်ဆေးနေသည်။ နောက်ကားများ ကျော်မတက်ဘဲ စိတ်ရှည်လက်ရှည်စောင့်ဆိုင်းရင်း တစ်စီးပြီးမှ တစ်စင်း ထွက်ခွာကြသည်။ အရာရှိပါဝင်သည့်ကျန်တပ်ဖွဲ့ဝင်များမှာ အင်းစိန်လမ်းအတိုင်း မည်မျှအထိ ဆက်လျှောက်သွားသည်မသိ၊ နာရီဝက်ခန့်အကြာတွင် သွားလမ်းအတိုင်း ပြန်လျှောက်လာကြသည်။

### ဖြူနီကျားဆေးရေးဆွဲထား

ကံမကောင်းအကြောင်းမလှစွာပင် စာရေးသူတို့ ထိုင်နေသည့် လက်ဖက်ရည်ဆိုင်ရှေ့တွင် အိမ်စီးကားတစ်စီးက ထိုးရပ်ထားသည်။ ပလက်ဖောင်းက ဖြူနီကျားဆေးရေးဆွဲထားရာနေရာ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အသွားစစ်ဆေးစဉ်က အဆိုပါကားမှာ မရှိခဲ့။ ယာဉ်ထိန်းရဲအရာရှိက အနီးအနားတွင် ပိုင်ရှင်ဖြစ်သူကိုရှာသည်။ မတွေ့။ မှတ်တမ်းဓာတ်ပုံရိုက်ပြီး ခပ်လှမ်းလှမ်းတွင် ရပ်တန့်ထားသော ကားဆွဲယာဉ်ကို လှမ်းခေါ်လိုက်သည်။ ကားဆွဲယာဉ်မှ ကျွမ်းကျင်ဝန်ထမ်းက စည်းကမ်းမဲ့ ရပ်တန့်ထားသော အိမ်စီးကားရှေ့ဘီးများကို ကားဆွဲယာဉ်မှ ကရိန်းနှင့် ချိတ်ဆက်လိုက်သည်။ ကားဆွဲယာဉ်မှ မော်တာငယ်တစ်လုံးလည်ပတ်သံနှင့်အတူ အိမ်စီးကား ရှေ့ဘီးများမှာ လေထဲသို့ အနည်းငယ်မြောက်တက်သွားသည်။ ကားဆွဲယာဉ်၏ အင်ဂျင်စက်နှိုးသံနှင့်အတူ အိမ်စီးကားလေးမှာ ကားဆွဲယာဉ် ခေါ်ဆောင်ရာသို့ တရွေ့ရွေ့လိုက်ပါသွားသည်။

ယာဉ်စည်းကမ်း ချိုးဖောက်မှုအတွက် ကားဆွဲ ကရိန်းယာဉ်ဖြင့် ဖမ်းဆီးအရေးယူမှု နောက်ပိုင်းတွင် အားနည်းသွားသည်။ ထို့ကြောင့် မော်တော်ယာဉ်များ အတင့်ရဲလာသည်။ လွန်ခဲ့သော ရက်ပိုင်းများအတွင်း ခရီးသည်တင်ကားများ မဆင်မခြင်မောင်းနှင်မှုကြောင့် ကမာရွတ်မြို့နယ် ဆင်မလိုက်ဘက်တွင် ပြည်သူသုံးဦး အသက်ဆုံးရှုံးခဲ့ရသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ လိုက်လံဖမ်းဆီးစဉ်က ရပ်ကွက်အတွင်း လမ်းများတွင် တိမ်းရှောင်တတ်လေ့ရှိသော ဈေးရောင်းကားများမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ လိုက်လံစစ်ဆေးသောအခါ မည်သည့်အရပ်သို့ ထွက်ခွာသွားမှန်း မသိတော့ချေ။

### လိုက်နာစောင့်ထိန်း

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသည် မော်တော်ယာဉ် မောင်းနှင်သူများ၊ လမ်းအသုံးပြုသူများ လိုက်နာရန် အလွန်အရေးကြီးပါသည်။ ထို့အတူ မော်တော်ယာဉ်များမောင်းနှင်သွားလာ အသုံးပြုရာလမ်းများတွင် ဈေးသည်အချို့က အတင့်ရဲစွာ ရောင်းချနေသည်များကို တွေ့မြင်နေရသည်ဖြစ်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ဖြစ်လာမည့်အရေးကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်နေရသည်။ ထို့ကြောင့်ပင် ရန်ကုန်မြို့နေပြည်သူများ အားလုံးအနေဖြင့် မိမိ၏ ပင်ကိုအသိဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဂရုတစိုက် လိုက်နာစောင့်ထိန်းကြရန် လိုအပ်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

*အချပ်ပို(ဃ)မှ*

မရှိလည်း mBanking သုံးပြီး ပြန်ကြည့်လို့ရတယ်လို့ အင်ဂျင်နီယာချုပ် ဦးအောင်ကျော်ဦးက ပြောပါတယ်။ နောက်လတွေရောက်ရင် ပြီးခဲ့တဲ့လတွေက မီတာခဘယ်လောက်ပေးထားလဲ၊ ဒီလနဲ့ ချိန်ထိုးရင် ဘယ်လောက်ထိ မီတာခကျသင့်လဲ၊ ကွာခြားလဲဆိုတာတွေ သိရှိနိုင်မှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ မီတာခ ပေးဆောင်ရသူတွေအနေနဲ့ အွန်လိုင်းစတင်မယ့် ဇူလိုင်လမှာ ရက်လွန်ကြေးတွေ ကိစ္စမဆောင်ရွက်နိုင်ပေမယ့် နောက်လတွေ ဆိုရင်တော့ မီတာခရက်လွန်ကြေးကိစ္စတွေပါ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

### ကျေကျေနပ်နပ်ပေးဆောင်

ဒီလို မီတာခတွေကို အွန်လိုင်းက စတင်ပေးဆောင်တဲ့အခါ မီတာသုံးစွဲသူတစ်ဦးအနေနဲ့ မီတာခတစ်စောင်ကို အွန်လိုင်း စနစ်အသုံးပြုခ ဝန်ဆောင်မှုစရိတ် ကျပ် ၂၀၀ ပေးရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် လျှပ်စစ်ဓာတ်အားသုံးစွဲတဲ့ အိမ်ထောင်စုတွေအနေနဲ့ အွန်လိုင်းစနစ် စတင်အသုံးပြုတဲ့ ဇူလိုင်လမှာ ဝန်ဆောင်မှုစရိတ် အခမဲ့ဖြစ်ပါတယ်။ ဒီလိုဝန်ဆောင်မှု ကျသင့်ငွေကိုတော့ မောင်လူအေးတို့လို ပြည်သူတွေ ကျေကျေနပ်နပ်ပေးဆောင်ကြမှာပဲလို့လည်း ယုံကြည်နေပါတယ်။

လျှပ်စစ်မီတာခတွေကို ၂၀၁၉ ခုနှစ် ဇွန်လက စတင်ပြီး လျှပ်စစ်သုံးစွဲမှု မီတာခတွေကို နှုန်းထားတိုးမြှင့်ကောက်ခံခဲ့ပါတယ်။ ဒီလိုတိုးမြှင့်ကောက်ခံခဲ့လို့ ၂၀၁၉ ဇူလိုင်လမှာ ဓာတ်အားသုံးစွဲမှု ယူနစ်ပေါင်း ၂၁ ဒသမ ၉ သန်း လျော့နည်းသွားခဲ့ပါတယ်။ ပြည်သူတွေ ရဲ့ ဓာတ်အားသုံးစွဲမှု ခြိုးခြံလျော့နည်းခဲ့လို့ ဖြစ်ပေမယ့် မီတာခကောက်ခံရရှိမှုကတော့ ဇွန်လကထက် ကျပ် ၃၆ ဒသမ ၈ ဘီလီယံကျော် တိုးမြှင့်ရရှိခဲ့တယ်လို့ YESC ရဲ့ သတင်းစာရှင်းလင်းပွဲမှာ သိရပါတယ်။

### ခေတ်မီစနစ်ဖြစ်ဖို့လို

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၉ ခုနှစ် ဇွန်လက လျှပ်စစ်ဓာတ်အားသုံးစွဲမှုက ယူနစ်ပေါင်း ၇၁၇ သန်း ရှိခဲ့ပါတယ်။ ၂၀၁၉ ဇူလိုင်လမှာ ဓာတ်အားခ တိုးမြှင့်လိုက်လို့ ဓာတ်အားသုံးစွဲမှု ယူနစ် ၆၉၅ သန်း ကျဆင်းသွားခဲ့တယ်လို့ ဆိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးလင်းမှုနှုန်းက ၈၇ ဒသမ ၇၆ ရာခိုင်နှုန်းရှိနေတာမို့ လစဉ်ဓာတ်အားခ ကောက်ခံမှုဟာ ခေတ်မီစနစ်ဖြစ်ဖို့တော့ လိုအပ်နေတာအမှန် ဖြစ်ပါတယ်။

အတွေးစကိုဖြတ်ပြီး မောင်လူအေး တစ်ယောက် မီတာဘေလ်စာရွက်ကို ယူကာ ကျသင့်ငွေကိုထည့်လို့ အိမ်မှထွက်လာပြီး လျှပ်စစ်ရုံးသွားတဲ့အခါ မိမိလို မီတာခပေးချေဖို့ ဘေလ်စာရွက်ကိုယ်စီကိုင်ကာ တန်းစီနေတဲ့ လူတန်းရှည်ကြီးကို ရင်မောစွာ တွေ့လိုက်ရပါတယ်။ ဒီလတော့ ဒီလိုတန်းစီရတာ နောက်ဆုံးပဲဆိုပြီး မောင်လူအေး လူတန်းရှည်နောက်ကဝင်ကာ တန်းစီလိုက်ပါတယ်။ နောက်လဆိုရင်တော့ မီတာခတွေကို အွန်လိုင်းကနေသက်သက်သာသာ ပေးဆောင်နိုင်တော့မှာလို့ တွေးရင်း......။ ။

*အချပ်ပို(ဃ)မှ*

အစိုးရအဖွဲ့တို့က တာဝန်ရှိသူတွေနဲ့ ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒီရေတော အသစ်ဖွဲ့စည်းရာမှာ သုံးခွမြို့နယ် မင်းရွာအသင်း ဒီရေတောက ၄၃၁၅ ဧက၊ ဘိတ်သိပ် မဟာသာသာ ဒီရေတောက ဧက ၅၄၇၀၊ ကျောက်တန်းမြို့နယ် ရွှေပြည်အေးချမ်းပို ဒီရေတောက ၄၉၀၈ ဧက၊ အောင်ချမ်းသာ တိုးချဲ့ဒီရေတောက ဧက ၇၉၇၀၊ ကွမ်းခြံကုန်းမြို့နယ် အလယ်ရွာ ဒီရေတောက ဧက ၁၉၀၊ အစိမ်းရောင် ဒီရေတောက ဧက ၈၅၀၀ အပါအဝင်အားလုံး စုစုပေါင်း ၃၁၃၅၃ ဧကကို လုပ်ငန်းအဖွဲ့အဖြစ် ၂၀၁၈ ခုနှစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှာဖြစ်ပြီး သက်ဆိုင်ရာ မိတ်ဖက်ဦးစီးဌာနများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများအပြင် ဒေသခံပြည်သူအနည်းဆုံးနှစ်ဦး ပါဝင်တဲ့အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကာ ကွင်းဆင်းစစ်ဆေးပြီးတော့ ကြိုးပြင်ဒီရေတောအဖြစ် ဖွဲ့စည်းမှာ ဖြစ်တယ်လို့ သိရပါတယ်။

"ဒီအဖွဲ့တွေနဲ့ ကွင်းဆင်းစစ်ဆေးပြီးတော့ လက်ရှိလုပ်ကိုင်နေတဲ့ လယ်ယာမြေတွေ ချန်လှပ်ခဲ့မှာဖြစ်ပါတယ်။ ခွင့်ပြုချက် မရှိတာတို့၊ ခွင့်ပြုချက်ရှိသော်လည်း လုပ်ကိုင်ထားခြင်းမရှိတဲ့ ကောင်းမွန်နေတဲ့ ဒီရေတောကိုတော့ အများအကျိုးတွက် သတ်မှတ်ဖွဲ့စည်းသွားဖို့ ရှိပါတယ်။ ဒီရေတောတွေ သတ်မှတ်ဖွဲ့စည်းပြီးဆိုရင် မုတ္တမပင်လယ်ကွေ့ တစ်လျှောက်လုံး အစိမ်းရောင်တံတိုင်းကြီးအဖြစ် ရန်ကုန်မြို့ကြီးကို သဘာဝဘေးအန္တရာယ်က စိတ်ပူစရာမလိုဘဲ ကာကွယ်နိုင်မယ့် အနေအထားဖြစ်သွားပါလိမ့်မယ်။ ဒီရေတောနဲ့ ပိတ်ကာထားမှာဖြစ်တဲ့အတွက် ရန်ကုန်မြို့တွင်းနေပြည်သူတွေ သဘာဝဘေးအန္တရာယ်ကို စိတ်ပူစရာ မလိုတော့ပါဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆက်လက်ပြောကြားပါတယ်။

ဒီရေတောအနီးနေ ဒေသခံများဟာ ယခင်က လုပ်ပိုင်ခွင့်ဆုံးရှုံးမယ့်အထင်နဲ့ သစ်ခုတ်တာတွေ ရှိခဲ့ပါတယ်။ အမှန်တော့ အသက်မွေးဝမ်းကျောင်းအတွက် ငါး၊ ပုစွန်၊ ကဏန်းရှာဖွေရောင်းချခြင်းဖြင့်လည်း မိသားစုဝင်ငွေကောင်းမွန်လာတာတွေ ရှိပါတယ်။ ခုတော့ ဒီရေတောရဲ့တန်ဖိုးကို သိလာကြတာကြောင့် ဒေသခံတွေဟာ အခြားနည်းလမ်းတွေနဲ့ အသုံးမပြုတော့ဘဲ အစုပိုင်သစ်တောအဖြစ်သာ သစ်တောဦးစီးဌာနက ကာကွယ်ပေးတာကို လက်ခံလာကြပါတယ်။ ဒီရေတောများရဲ့ နာမည်ပေး ကင်ပွန်းတပ်တာကလည်း ဒေသခံ ရွာသားများကသာ အမည်ပေးကင်ပွန်းတပ်ကြတာပါ၊ "ဘိတ်သိပ်မဟာသာသာ" ဒီရေတောဆိုတဲ့ အမည်ဟာ ထူးထူးခြားခြား ပေးထားတဲ့ နာမည်လေးပါ။

သစ်တောကောင်းတယ်ဆိုရင် ဆောင်းခိုငှက်တွေ များလာမယ်။ တောငှက်တိရစ္ဆာန်များလည်း လာမယ်။ များလာတာနဲ့အမျှ သဘာဝဘေးမဲ့ ဥယျာဉ်တောကြီးအဖြစ်လည်း ကြိုးပြင် ဒီရေတော ထူထောင်လို့ သဘာဝဘေးအန္တရာယ်က စိတ်ပူစရာ မလိုတော့ဘဲ ဒီရေတောများက အစိမ်းရောင် တံတိုင်းကြီးအဖြစ် တည်ဆောက်ကာ ရန်ကုန်မြို့တော်ကြီးကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်သွားနိုင်မှာ ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။ ။





# ရန်ကုန်မြို့နဲ့ အွန်လိုင်းမှ မီတာခပေးဆောင်မှုစနစ်

ဆွေဦးဝေ

ဒီလအတွက် ပေးချေရမယ့် မီတာစာရွက်ကိုကြည့်ရင်း မောင်လူအေး စိတ်မောနေမိပါတယ်။ မီတာခပေးချေရမယ့်အချိန် မီတာရုံးမှာ လူတန်းရှည်ကြီးက တစ်မျှော်တစ်ခေါ်ဖြစ်နေတာကို လစဉ်တိုင်း ကြုံတွေ့နေကျမို့ မျက်လုံးထဲမြင်ယောင်မိပြန်ပါတယ်။ အလုပ်ကို အချိန်သတ်မှတ်ချက်အတိုင်း စရောက်ရတဲ့ မောင်လူအေးအတွက် မီတာ လစဉ်ပေးချေရတဲ့အလုပ်ဟာ ဝန်ထုပ်ဝန်ပိုးတစ်ခုလိုဖြစ်နေပါတယ်။ လူခွဲမရှိတဲ့ အိမ်ထောင်စုမို့ ရန်ကုန်မှာ မီတာခ ပေးဆောင်ရတဲ့ရက်ကို စိတ်မောလူမောဖြစ်စရာပါပဲ။ အတွေးတွေဝေနေတုန်း ပြီးခဲ့တဲ့ရက်ပိုင်းက ရန်ကုန်မြို့အပါအဝင် အခြားမြို့ကြီးတွေမှာ အွန်လိုင်းက မီတာခပေးချေနိုင်တော့မယ်ဆိုတဲ့ သတင်းကို ပြန်သတိရပြီး စိတ်လက်ပေါ့ပါးသွားသလို ခံစားလိုက်ရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၅ ရက်က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနဲ့ ရောဝတီဘဏ်တို့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေရဲ့ မီတာခတွေကို အွန်လိုင်းကနေ ပေးဆောင်နိုင်ဖို့ လက်မှတ်ရေးထိုးလိုက်ကြတာကို သတင်းတွေမှာ ဖတ်မိပါတယ်။ မီတာခ ပေးဆောင်ရာမှာ လူကိုယ်တိုင်သွားစရာမလိုဘဲ အွန်လိုင်းကနေပြီးတော့ Aya iBanking, AYA mBanking နဲ့ AYA Pay တို့ကနေ အချိန်မရွေး အဆင်ပြေစွာ ပေးဆောင်နိုင်တော့မယ်လို့ ဆိုပါတယ်။

မီတာသုံးစွဲမှုများတဲ့ ရန်ကုန်မြို့မှာ လစဉ်မီတာခပေးဆောင်တိုင်း လူတန်းရှည်ကြီးနဲ့ တန်းစီပေးဆောင်ရတာကို မောင်လူအေး စိတ်ထဲမှာ ဘဝင်မကျဖြစ်နေမိတာတော့ အမှန်ပါပဲ။ နေ့စဉ် လျှပ်စစ်ဓာတ်အားကို အိမ်ထောင်စုတိုင်း မဖြစ်မနေ အသုံးပြုနေရတာဖြစ်လို့ မီတာခကို မှန်မှန်ပေးဆောင်ရမှာက လျှပ်စစ်မီးသုံးစွဲသူတွေရဲ့ တာဝန်ဖြစ်တာကို မောင်လူအေးကျေနပ်စွာ လက်ခံပါတယ်။ အခုလို မီတာရုံးမှာ မီတာလက်ခံစာရေးတွေနဲ့ ကောက်ယူတဲ့နည်းလမ်းထက် ပိုမိုကောင်းမွန်တဲ့ နည်းလမ်းရှိရင် ကောင်းမှာပဲလို့ တွေးမိတဲ့အချိန်တွေ ကြာလှပြီပေါ့။ အခုလို အွန်လိုင်းကပေးဆောင်နိုင်တဲ့စနစ် ပေါ်ထွက်လာတာကိုပဲ ဝမ်းသာကြိုဆိုရမှာ ဖြစ်ပါတယ်။

အွန်လိုင်းကနေပြီး မီတာခ ပေးဆောင်ရမယ့်စနစ်မှာ မီးသုံးစွဲသူတွေက ဓာတ်အားသုံးစွဲခပေးဆောင်ရမယ့် နောက်ဆုံးရက်တွေကို သတ်မှတ်ထားပြီး အဲဒီရက် မတိုင်မီ လျှပ်စစ်ဌာနမှ မီတာသုံးစွဲသူတွေရဲ့ အချက်အလက်တွေကို ဘဏ်သို့ပေးလိုက်ရတာဖြစ်ကာ ဘဏ်က သူ့ရဲ့နည်းပညာနဲ့ အွန်လိုင်းကတစ်ဆင့် ကျသင့်ငွေ ပေးဆောင်နိုင်ဖို့ ပြုလုပ်ပေးထားတဲ့စနစ်ဖြစ်ပါတယ်လို့ YESC ရဲ့ အမှုဆောင်အင်ဂျင်နီယာချုပ် ဦးအောင်ကျော်ဦးက ၂၀၂၀ ပြည့်နှစ် ဇွန် ၈ ရက်က နေပြည်တော်မှာ ပြုလုပ်တဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားထားပါတယ်။

မောင်လူအေး ဒီစနစ်ကို သဘောကျနေပါတယ်။ ဒီစနစ်ကို လာမယ့် ဇူလိုင်လမှာ စတင်အကောင်အထည်ဖော်ဖို့ စီစဉ်နေတာဖြစ်တာမို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက လျှပ်စစ်ဓာတ်အားသုံးစွဲနေရတဲ့ ပြည်သူတွေရဲ့ တန်ဖိုးရှိတဲ့ အချိန်၊ စိတ်ဖိစီးမှုနဲ့ သွားလာရေးအခက်အခဲတွေကအစ အဆင်ပြေသွားမှာ ဖြစ်တယ်လို့ မောင်လူအေး ယုံကြည်နေပါတယ်။ ဒီအတိုင်းဆိုရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းက ကျေးရွာတွေကအစ နီးစပ်ရာ AYA Pay အေးဂျင့်ရှိတဲ့ စတိုးဆိုင်ကဲ့သို့ နေရာတွေမှာလည်း အလွယ်တကူ ပေးဆောင်နိုင်တော့မှာဖြစ်ပါတယ်။

ဒီလိုအွန်လိုင်းစနစ်နဲ့ ဆောင်ရွက်တဲ့အခါ မီတာခ ရက်လွန်တွေအတွက် ဒဏ်ကြေးပေးဆောင်ရမယ့်ကိစ္စရပ်တွေရှိတာမို့ ရက်လွန်မီတာခတွေကိုတော့ လောလောဆယ် အွန်လိုင်းနဲ့ဆောင်ရွက်လို့ မရသေးပါဘူး။

နေ့စဉ်အချိန်နဲ့အမျှ လှုပ်ရှားရုန်းကန်သွားလာနေကြရတဲ့ ရန်ကုန်မြို့နေ ပြည်သူတွေအတွက် အခုလို မီတာရုံးမှာ မီတာခ ဆောင်ရမည့် အချိန်ကုန်တာတွေကို တခြားနေရာတွေမှာ အသုံးပြုလိုကြတဲ့သူတွေက အများစု ဖြစ်ပါတယ်။ ဒါကြောင့်လည်း မီတာဘေလ် စာရွက်တွေကို စုပေါင်းပြီး ပေးသွင်းတဲ့လူကိုရှာကာ မုန့်ဖိုးပေးပြီး မီတာခ ပေးဆောင်ခိုင်းရတာ ဖြစ်ပါတယ်။ ဒါကလည်း ယုံကြည်စိတ်ချရတဲ့သူဖြစ်ဦးမှ။ ဒီလိုမဟုတ်ရင်တော့ မီတာခငွေတွေကို တလွဲအသုံးချသွားနိုင်ပါတယ်။

အွန်လိုင်းစနစ်နဲ့ အသုံးပြုတဲ့အခါ m Banking စနစ်နဲ့သုံးပြီး ဘယ်လောက်ကျမယ်ဆိုတာ စစ်ဆေးလို့ရမှာ ဖြစ်ပါတယ်။ လျှပ်စစ်မီတာသုံးစွဲသူအနေနဲ့ မီတာစာရွက်

*အချပ်ပို (ဂ)သို့*

**ရန်ကုန်မြို့ရဲ့ မီတာခပေးဆောင်ရသူတွေအနေနဲ့ အွန်လိုင်းစတင်မယ့် ဇူလိုင်လမှာ ရက်လွန်ကြေးတွေကိစ္စ မဆောင်ရွက်နိုင်ပေမယ့် နောက်လတွေဆိုရင်တော့ မီတာခရက်လွန်ကြေးကိစ္စတွေပါ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်နေပြီဖြစ်**

# သစ်တောသစ်ပင်များ စိုက်ပျိုး ဒီရေတောများ ပြုပြင်ကာကွယ် ထိန်းသိမ်းခြင်းဖြင့် ရန်ကုန်မြို့ကို အစိမ်းရောင် တံတိုင်းကြီးအဖြစ် တည်ဆောက်သွားမည်

◆ ရွှေမြိုင်မောင်ဖုန်း

**ရန်ကုန် မြို့တော်ကြီးကို ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၁၅ ခုနှစ်အထိ ဒီရေတော ၂၈၂ ဧက ထူထောင်ခဲ့တယ်လို့ သိရပါတယ်။ ယခုအစိုးရလက်ထက်မှာတော့ ၃၈၀၇ ဧက ဖော်ထုတ်ပြီး ဒီရေတော ဖွဲ့စည်းထူထောင်ထားကြောင်း ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်မှာရှိတဲ့ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနကနေ လေ့လာသိရှိခဲ့ရပါတယ်။ ရန်ကုန်မြို့တော်ကြီးကို သဘာဝဘေးအန္တရာယ်တွေ မကျရောက်ဖို့ သစ်တောသစ်ပင်စိုက်ပျိုးပြီး ဒီရေတောတွေ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ခြင်းဖြင့် အစိမ်းရောင်တံတိုင်းကြီးအဖြစ် တည်ဆောက်ကာကွယ်သွားမယ်လို့ သစ်တောဦးစီးဌာနက ဆိုထားပါတယ်။**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနက မိုးရာသီကာလအတွင်း သစ်ပင်များ စိုက်ပျိုးနိုင်ဖို့ မြေ ၂၁ ဧက ပျိုးထောင်ထားရှိတာကြောင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အပူဒဏ်ကာကွယ်နိုင်ရေးအတွက် မိုးရာသီကာလအတွင်းမှာ ရန်ကုန်မြို့နေပြည်သူများ စိုက်ပျိုးနိုင်ဖို့ လွယ်ကူစေရန်အတွက် ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာနတွေမှာ ပျိုးပင်မျိုးစုံ အခမဲ့ဝေငှပေးတာတွေလည်း ရှိခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့်သဘာဝသစ်တောများ အဆင့်မြှင့်တင်ခြင်း၊ စီးပွားဖြစ်ကျွန်းစိုက်ခင်းများ ပျိုးထောင် စိုက်ပျိုးခြင်း၊ လူထုဖြန့်ထင်းစိုက်ခင်းများ ပျိုးထောင်စိုက်ပျိုးခြင်းများအတွက် သဘာဝဘေးကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များကို ကာကွယ်နိုင်သည့်အပြင် ထင်းစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ဒေသခံပြည်သူများ ထင်း၊ မျောတိုင်များ ထုတ်ယူသုံးစွဲခွင့် ရရှိနေခြင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြမှာဖြစ်တယ်လို့ သိရပါတယ်။

**တစ်နှစ်တစ်နှစ်မှာ ရှင်သန်မှုက ၇၅ ရာခိုင်နှုန်းရှိ**

"ကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၂၀၂၀ မိုးကာလ သစ်ပင်စိုက်ပျိုးရန်အတွက် ပျိုးထောင်ထားရှိတဲ့ အပင်အမျိုးအစားအနေနဲ့ ကျွန်း၊ ပျဉ်းကတိုး၊ ကုက္ကို၊ ရေတမာ၊ မဲဇလီ၊ မဟော်ဂနီ၊ အရိပ်ရသစ်မာပင်များနဲ့ ဝါးအပါအဝင် ပိတောက်၊ ကံ့ကော်၊ စိန်ပန်း၊ ငုဝါ အစရှိတဲ့ ပန်းအလှပင် ၂၃ မျိုးကို ဇွန်လ ပထမအပတ်လောက်ကပင် စတင်စိုက်ပျိုးနေကြပါတယ်။ ဦးစီးဌာနကနေ နှစ်စဉ်လည်း စိုက်ပါတယ်။ တစ်နှစ်တစ်နှစ်မှာ ရှင်သန်မှုက ၇၅ ရာခိုင်နှုန်း ရှိပါတယ်" လို့ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောဆိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနဟာ မြန်မာနိုင်ငံတစ်ဝန်း သစ်တောပြန်လည်ပြုစုပျိုးထောင်ဖွဲ့စည်းခြင်း လုပ်ငန်းတစ်ခုမှာ ပါဝင်နေတဲ့ ကြိုးဝိုင်းကြိုးပြင် ဒီရေတောကာကွယ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းအဖြစ် ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ မုတ္တမပင်လယ် ရန်ကုန်တောင်ပိုင်းခရိုင် ကံ့ဘဲ့ တစ်လျှောက်မှာရှိတဲ့ ဒီရေတောတွေကို ကြိုးပြင်ဒီရေတောအဖြစ် သတ်မှတ်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**ဒီရေတောမရှိ ငါးမရှိပါ**

ပင်လယ်ကမ်းစပ်တွေမှာ ဒီရေတောများ ရှိနေခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ကြုံတွေ့တတ်တဲ့ လေမုန်တိုင်းဒဏ်၊ ဒီလှိုင်းများဒဏ်ကို ဒီရေတောများက တံတိုင်းသဖွယ် ကာကွယ်ပြီးသားဖြစ်ပြီး ဒီရေတောရှိတဲ့နေရာက ငါး-ပုစွန်-ကဏန်း ခိုအောင်းကျက်စား ပေါက်ပွားရာ နေရာလည်း ဖြစ်ပါတယ်။ ဂျပန်စကားပုံအရ ပြောရရင် "ဒီရေတောမရှိလျှင် ငါးလည်း မရှိနိုင်"ဟု ဆိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးနဲ့ တွေ့ဆုံခဲ့ရာမှာ ပြောကြားသည်က "သစ်တောအနေနဲ့က ဒီရေတောများကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်တဲ့ သဘောအရသာ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ လိုက်လံသိမ်းဆည်းခြင်းလည်း မဟုတ်ဘူး၊ သစ်တော ဥပဒေအရ ထိထိမိမိ ကာကွယ်နိုင်ဖို့ သတ်မှတ်ဖွဲ့စည်းခြင်း ဖြစ်ပါတယ်။ ဒီရေတောကို ကြိုးပြင်ကာကွယ်တောသတ်မှတ်ပြီးပါက ဒေသခံများအနေနဲ့ အဖွဲ့ပိုင်သစ်တောအဖြစ် ဒေသခံတွေက သူတို့ကိုယ်တိုင်အုပ်ချုပ်ခွင့်၊ ထုတ်ယူသုံးစွဲခွင့်ရမှာ ဖြစ်ပါတယ်။ ဌာနကလည်း နည်းလမ်းတကျ သင်ကြားပြသပေးမှာဖြစ်ပြီး ပြန်လည်လွှဲအပ်ပေးမှာလည်း ဖြစ်ပါတယ်။ အစုပိုင် သစ်တောတွေအဖြစ်လည်း ပြန်လည်ဖွဲ့စည်းပေးမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ဒေသခံပြည်သူများကလည်း အားရကျေနပ်ကြပါတယ်။ ဒီရေတောရဲ့ တန်ဖိုးသိလာတဲ့ အတွက်ကြောင့်မို့ ဒေသခံများကလည်း အခြားမြေအသုံးချမှုတွေ မလုပ်တော့ဘဲ အစုပိုင်သစ်တောဖွဲ့စည်းဖို့လည်း လိုလိုလားလားရှိလာကြပါတယ်။ ဒီလို အစုပိုင်သစ်တောအဖြစ် ဖွဲ့တဲ့အခါ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနနဲ့ မိတ်ဖက်ဦးစီးဌာနများဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး

*အချပ်ပို (ဂ)သို့*